ကြေးမုံ
The Mirror Daily
၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။
Established in 1957

**ဆွေမျိုးတို့နှင့် နေရသကဲ့သို့**

သူမိုက်နှင့် ပေါင်းဖော်၍ လှည့်လည်သောသူသည် ကာလရှည်မြင့်စွာ စိုးရိမ်ရ၏။ လူမိုက်တို့နှင့် အတူနေရခြင်းသည် ရန်သူနှင့် အတူနေရသကဲ့သို့ အခါခပ်သိမ်း ဆင်းရဲရ၏။ ပညာရှိနှင့် အတူတကွ နေရခြင်းသည် ဆွေမျိုးတို့နှင့် အတူတကွ နေထိုင်ရသကဲ့သို့ ချမ်းသာ၏။

သုခဝဂ်(ဓမ္မပဒ-၂၀၇)

၁၃၈၆ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၆ ရက်၊ ဗုဒ္ဓဟူးနေ့။ Wednesday, 23 October 2024 ၁၁၆၁၉

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပ နိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝ မြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန် လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း ၂၀၂၅ ခုနှစ် (၇၇)နှစ်မြောက် လွတ်လပ်ရေးနေ့ကျင်းပရေးဗဟိုကော်မတီ ပထမအကြိမ် ညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။

# (၇၇)နှစ်မြောက် လွတ်လပ်ရေးနေ့အခမ်းအနားကို နိုင်ငံတော်အဆင့်နှင့်အညီ ခမ်းနားစွာ ကျင်းပသွားမည်

## မိမိတို့နိုင်ငံသည် လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာပိုင်ဆိုင်မှု အခွင့်အရေးများ ဆုံးရှုံးမသွားစေရေး နှစ်ပေါင်းများစွာ ကြိုးပမ်းခဲ့ကြရသည့်အတွက် လွတ်လပ်ရေးမဆုံးရှုံးအောင် ဝိုင်းဝန်းထိန်းသိမ်း

နေပြည်တော် အောက်တိုဘာ ၂၂

၂၀၂၅ ခုနှစ် (၇၇)နှစ်မြောက် လွတ်လပ်ရေးနေ့ကျင်းပရေးဗဟိုကော်မတီ ပထမအကြိမ် ညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး အစည်းအဝေးခန်းမ၌ကျင်းပရာ ၂၀၂၅ ခုနှစ် (၇၇)နှစ်မြောက် လွတ်လပ်ရေးနေ့ကျင်းပရေးဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း တက်ရောက်အမှာစကားပြောကြားသည်။

အစည်းအဝေးသို့ ဗဟိုကော်မတီဝင် ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ဒုတိယဝန်ကြီးများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ တပ်မတော်အရာရှိကြီးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး ဆပ်ကော်မတီအတွင်းရေးမှူးများက ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်က အမှာစကားပြောကြားရာတွင် (၇၇)နှစ်မြောက် လွတ်လပ်ရေးနေ့ အခမ်းအနားကို နိုင်ငံတော်အဆင့်နှင့်အညီ ခမ်းနားစွာကျင်းပသွားမည်ဖြစ်ကြောင်း၊ ယခုနှစ်၏ (၇၇) နှစ်မြောက် လွတ်လပ်ရေးနေ့ အခမ်းအနားကို

စာမျက်နှာ ၃ ကော်လံ ၁ သို့ ❍

ယနေ့ ဖတ်စရာ

(၄၂)ကြိမ်မြောက် အာဆီယံရဲအဖွဲ့ညီလာခံ ဖွင့်ပွဲအခမ်းအနားကျင်းပ
စာမျက်နှာ » ၄

နိုင်ငံသားတစ်ဦးတစ်ယောက်၏ စိတ်ဓာတ် စည်းကမ်း ပညာ
ဆောင်းပါး စာမျက်နှာ » ၆

မောပန်းနွမ်းနယ်မှုနှင့် သောကကင်းဝေးမှု နည်းလေးခု
လူငယ်နှင့် ဘဝအောင်မြင်ရေး
စာမျက်နှာ » ၂၁

သန်းခေါင်စာရင်းကောက်ယူခြင်း လုပ်ငန်းများ ထိရောက်မှန်ကန်မြန်ဆန်စွာ ဆောင်ရွက်နိုင်ရေး ရှင်းလင်းဆွေးနွေး
စာမျက်နှာ » ၇

# မြန်မာတို့၏ အမျိုးသားယဉ်ကျေးမှုအောင်ပွဲ

အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊ တိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှု အနုပညာအမွေအနှစ်များနှင့် အမျိုးသားယဉ်ကျေးမှုစရိုက်လက္ခဏာများ မပျောက်ပျက်စေရန် ဖော်ထုတ်ထိန်းသိမ်းမြှင့်တင်ရေး၊ မျိုးဆက်သစ်လူငယ်များအကြားတွင် ရိုးရာယဉ်ကျေးမှုအမွေအနှစ်များကို ဖော်ထုတ်ထိန်းသိမ်းခြင်းနှင့်ထပ်တူ အမျိုးသားရေးစိတ်ဓာတ်များ ပိုမိုထွန်းကားပြန့်ပွားနေစေရေး၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် တည်ငြိမ်အေးချမ်းရေးတို့အတွက် အမျိုးသားယဉ်ကျေးမှုအခန်းကဏ္ဍမှ တစ်တပ်တစ်အား ပူးပေါင်းပါဝင်ဆောင်ရွက်ရေး ရည်ရွယ်ချက်(၄)ရပ်ဖြင့် ကျင်းပသည့် ၂၀၂၄ ခုနှစ် (၂၅)ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး(ဗဟိုအဆင့်) ပြိုင်ပွဲကြီး ကျင်းပပြီးစီးခဲ့ပြီဖြစ်သည်။

နိုင်ငံတော်၏ ပံ့ပိုးကူညီမှုနှင့်အတူ ငွေအား၊ လူအား၊ အချိန်အားများစွာ စိုက်ထုတ်ပြီး မြန်မာ့ရိုးရာယဉ်ကျေးမှုအမွေအနှစ်များကို အစဉ်ရှင်သန်တည်တံ့ထွန်းကားနေစေရန်အတွက် အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ်ခံယူပြီး အားလုံးပူးပေါင်းပါဝင် ဆောင်ရွက်ခဲ့ကြသည့် (၂၅)ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး(ဗဟိုအဆင့်)ပြိုင်ပွဲကြီး၏ ဆုချီးမြှင့်ပွဲအခမ်းအနားကို အောက်တိုဘာလ ၂၃ ရက်နေ့(ယနေ့)တွင် နေပြည်တော်၌ စည်ကားသိုက်မြိုက်စွာ ကျင်းပနေပြီဖြစ်သည်။ မြန်မာ့ရိုးရာယဉ်ကျေးမှုအမွေအနှစ်ကို ချစ်မြတ်နိုးကြသော အနုသုခုမဝါရင့်ပညာရှင်ကြီးများ၊ ရွက်ပုန်းသီးအနုပညာရှင်များ၊ မျိုးဆက်သစ်အနုပညာရှင်များ၊ ဝါသနာရှင်များ၊ ပြည်သူများ၏ တစ်ခဲနက်ပါဝင်လှုပ်ရှားဆောင်ရွက်ခဲ့မှုများကြောင့် ပြိုင်ပွဲကြီးကို အောင်အောင်မြင်မြင် ဂုဏ်ယူဝင့်ကြွားဖွယ်ရာ ကျင်းပနိုင်ခဲ့သည်။

မြန်မာနိုင်ငံ၏ သမိုင်းကြောင်းတစ်လျှောက်တွင် နှစ်ပေါင်းထောင်ချီ ခမ်းနားထည်ဝါစွာ ဖွံ့ဖြိုးစည်ပင်ခဲ့သည့် မြန်မာလူမျိုးတို့၏ ကိုယ်ပိုင်ယဉ်ကျေးမှု၊ ကိုယ်ပိုင်အနုပညာနှင့် ကိုယ်ပိုင်အမျိုးသားရေးစရိုက်လက္ခဏာများ တင့်တင့်တယ်တယ် ဆက်လက်ဖွံ့ဖြိုးရှင်သန်နေစေရန်၊ မြန်မာလူမျိုးတို့၏ သမိုင်းကြောင်း ခိုင်မာနက်ရှိုင်းမှုနှင့် ယဉ်ကျေးမှုအဆင့်အတန်း ဝင့်ထည်ခမ်းနားမြင့်မားမှုကို ကမ္ဘာတည်သရွေ့ တည်တံ့ခိုင်မြဲနေစေရန်နှင့် မျိုးဆက်သစ်လူငယ်များကြားတွင် မြန်မာ့ရိုးရာယဉ်ကျေးမှုကို တန်ဖိုးထားမြတ်နိုးလိုသည့်စိတ်နှင့် အမျိုးသားရေးစိတ်ဓာတ်နှင့် ကိုယ်ခံစွမ်းအားများ ပြည့်ဝခိုင်မာနေစေရန် ဤမြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးမှ မြှင့်တင်ဆောင်ရွက်ပေးနိုင်ခဲ့သလို ရှေ့ဆက်၍လည်း ဤအနုပညာစွမ်းပကားများဖြင့် ဆက်လက်စွမ်းဆောင်ပေးကြဦးမည်ဟု ယုံကြည်ပါသည်။

မြန်မာနိုင်ငံသည် ယဉ်ကျေးမှုအမွေအနှစ်များနှင့် ထုံးတမ်းစဉ်လာများ မြင့်မားသောနိုင်ငံဖြစ်သည်။ ဗုဒ္ဓဘာသာသာသနာကို အကြောင်းပြု၍ စာပေ၊ ယဉ်ကျေးမှု၊ အနုသုခုမပညာရပ်များ ရှင်သန်ဖြစ်ထွန်းခဲ့သည်။ ရှေးအစဉ်အဆက်ကတည်းက မျက်မှောက်ကာလထိတိုင် အဆိုပါ စာပေ၊ ယဉ်ကျေးမှုတို့၏ အငွေ့အသက်များဖြင့် ယဉ်ကျေးမှုအစဉ်အလာ မြင့်မားခိုင်ကျည်သည့် နိုင်ငံအဖြစ်ရပ်တည်လျက်ရှိသည်။ မြန်မာတို့၏ စာပေ၊ ယဉ်ကျေးမှုဂုဏ်ဒြပ်နှင့် အကျိုးကျေးဇူးကြီးမားပုံကို နားလည်သဘောပေါက်ကြသော နိုင်ငံ့ခေါင်းဆောင်များနှင့်ပြည်သူများက ယနေ့ထက်တိုင် ထိန်းသိမ်းစောင့်ရှောက်မြှင့်တင်ပေးလျက်ရှိသည်။

မြန်မာ့ရိုးရာယဉ်ကျေးမှုအမွေအနှစ်များကို ဖော်ထုတ်ထိန်းသိမ်းမြှင့်တင်ခဲ့ကြရာတွင် အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးသည် မြန်မာ့ယဉ်ကျေးမှုကို တပေါင်းတစည်းတည်း ထုတ်ဖော်ပြသနိုင်သည့် စွမ်းပကားအကြီးမားဆုံး အမျိုးသားရေးလှုပ်ရှားမှုကြီးတစ်ခုဟု ဆိုနိုင်သည်။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးကို ၁၉၉၃ ခုနှစ်တွင် စတင်ကျင်းပခဲ့ရာ ၁၉၉၈ ခုနှစ်တွင် ရုပ်စုံသဘင်ပြိုင်ပွဲကို ထည့်သွင်းကျင်းပခဲ့သည်။ ထို့နောက် အကြောင်းကြောင်းကြောင့် ပြိုင်ပွဲကြီး ရပ်တန့်ပြတ်တောက်သွားခဲ့သဖြင့် အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲကြီးနှင့်အတူ ရုပ်စုံသဘင်ရုပ်သေးအနုပညာများ တိမ်မြုပ်ပျောက်ကွယ်သွားသလိုဖြစ်ခဲ့ရသည်။ (၂၃) ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးမှစတင်၍ အနှစ်သာရပြည့်ဝစုံလင်လှသည့် ရုပ်စုံသဘင်ပြိုင်ပွဲများကို ပြန်လည်ကျင်းပပေးနိုင်ခဲ့သည်။

သို့ဖြစ်ရာ မြန်မာ့ရိုးရာယဉ်ကျေးမှု အနုသုခုမပညာအမွေအနှစ်များကို အစဉ်ထာဝရ တည်တံ့ရှင်သန်နေစေရန်အတွက် နိုင်ငံတော်နှင့်အတူ အားလုံးပူးပေါင်းပါဝင်ပြီး အမျိုးသားရေးတာဝန်အဖြစ်ခံယူကာ ဆောင်ရွက်ခဲ့ကြသဖြင့် (၂၅)နှစ်မြောက် ငွေရတုအထိမ်းအမှတ်တိုင်အောင် ထိန်းသိမ်းမြှင့်တင် ပြန်လည်ဖော်ထုတ်ပေးနိုင်ခဲ့ပြီ ဖြစ်သည်။ မြန်မာတို့၏ အမျိုးဂုဏ်၊ ဇာတိဂုဏ်များ အစဉ်ထာဝရမညှိုးနွမ်း မပျောက်ပျက်စေရန်အတွက်၊ မြန်မာလူမျိုးတို့၏ သမိုင်းကြောင်း နက်ရှိုင်းခိုင်မာမှုနှင့် ယဉ်ကျေးမှုအဆင့်အတန်း မြင့်မားခိုင်ကျည်ထည်ဝါမှုတို့ကို ကမ္ဘာတည်သရွေ့ တည်တံ့ခိုင်မြဲနေစေရန်အတွက် မြန်မာကိုချစ်သည့် မြန်မာနိုင်ငံသားတိုင်းက ဆက်လက်ထိန်းသိမ်း မြှင့်တင်အားပေးနေကြရမည်ဖြစ်ပါကြောင်း။ ။

## ဒုတိယဝန်ကြီးခန့်အပ်တာဝန်ပေး

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

**အမိန့်အမှတ် ၅၀ / ၂၀၂၄**

၁၃၈၆ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၅ ရက်
(၂၀၂၄ ခုနှစ်၊ အောက်တိုဘာလ ၂၂ ရက်)

**ဒုတိယဝန်ကြီးခန့်အပ်တာဝန်ပေးခြင်း**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ ဦးကိုကိုကျော် အား နိုင်ငံခြားရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးအဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်။

**အမိန့်အရ**

အောင်လင်းဒွေး
ဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး

## ၂၀၂၄ ခုနှစ်၊ (၂၅)ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဦးတည်ချက် (၄)ရပ်

၁။ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊

၂။ တိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှုအနုပညာအမွေအနှစ်များနှင့် အမျိုးသားယဉ်ကျေးမှုစရိုက်လက္ခဏာများ မပျောက်ပျက်စေရန် ဖော်ထုတ်၊ ထိန်းသိမ်း၊ မြှင့်တင်ရေး၊

၃။ မျိုးဆက်သစ်လူငယ်များအကြားတွင် ရိုးရာယဉ်ကျေးမှုအမွေအနှစ်များကို ဖော်ထုတ်ထိန်းသိမ်းခြင်းနှင့်ထပ်တူ အမျိုးသားရေးစိတ်ဓာတ်များ ပိုမိုထွန်းကားပြန့်ပွားနေစေရေး၊

၄။ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် တည်ငြိမ်အေးချမ်းရေးတို့အတွက် အမျိုးသားယဉ်ကျေးမှုအခန်းကဏ္ဍမှ တစ်တပ်တစ်အား ပူးပေါင်းပါဝင်ဆောင်ရွက်ရေး။

သင့်စီးပွားရေးလုပ်ငန်းများ အောင်မြင်ဖို့ ကြေးမုံသတင်းစာတွင် ကြော်ငြာစို့

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

၂၂ - ၁၀ - ၂၀၂၄

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈,၅၀၀ | ၈,၅၀၀ | ၄၉၅ | ၄,၂၀၇,၅၀၀ |
| MTSH | ၃,၄၀၀ | ၃,၃၅၀ | ၃၄၃ | ၁,၁၅၁,၇၀၀ |
| MCB | ၈,၄၀၀ | ၈,၄၀၀ | ၀ | ၀ |
| FPB | ၂,၀၀၀ | ၂,၀၀၀ | ၂,၁၉၉ | ၄,၃၉၈,၀၀၀ |
| TMH | ၂,၇၀၀ | ၂,၈၀၀ | ၂၁၈ | ၆၀၈,၈၀၀ |
| EFR | ၁,၇၀၀ | ၁,၇၀၀ | ၇၁၈ | ၁,၁၉၀,၆၀၀ |
| AMATA | ၄,၄၀၀ | ၄,၄၀၀ | ၆၀၀ | ၂,၆၄၀,၀၀၀ |
| MAEX | ၃,၃၅၀ | ၃,၄၀၀ | ၁,၂၀၁ | ၄,၀၂၃,၄၀၀ |
| MADPL(PLB) | ၃၅,၀၀၀ | ၃၅,၀၀၀ | ၆ | ၂၁၀,၀၀၀ |

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

ကြေးမုံ
စာတည်းမှူးချုပ် - ဦးဝင်းနိုင်
ခေတ္တ စာတည်းမှူး - ဦးအေဝမ်းစိုး
စာတည်းများ - ဦးစန်းအောင်၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး၊ ဒေါ်စန်းယဉ်ဥ
ဘာသာပြန် စာတည်းများ - ဦးနိုင်လင်းကြည်၊ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ
အကြီးတန်း သတင်းထောက်များ - ဦးစိုးအောင်၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး၊ ဒေါ်ခိုင်သန္တာရွှေ
အငယ်တန်း သတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်
သုတေသန - ဒေါ်ဇင်မာဝင့်
စာပြင် - ဒေါ်ခင်နှင်းယုနှင့်အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဒေါ်နွယ်နွယ်ထွန်းနှင့်အဖွဲ့
အီးမေးလ်နှင့် အွန်လိုင်း - ဦးစိုးချစ်ဦးနှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။
themirror.npt@gmail.com
www.facebook.com/themirrordaily
နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

# လက်နက်ကိုင် အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှု မခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်

**လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့ အစမ္ပဝင်ရောက်နေထိုင်နေသည့် မြို့၊ ရွာများ၌ တပ်မတော်၏ တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏ နေအိမ်အဆောက်အအုံများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာ အဆောက်အအုံများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ် အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန် ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကို လုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို မဖြစ်မနေကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါ လက်နက်ကိုင် အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ် မူတည်၍ လိုအပ်သလို တုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့ အစမ္ပဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့၊ ရွာများရှိ ပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်ကြောင်း။**

( ၃-၉-၂၀၂၄ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရှမ်းပြည်နယ် အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများအား ပြောကြားသည့် အမှာစကားမှ ကောက်နုတ်ချက် )

○ ရှေ့ဖုံးမှ

အမျိုးသားရေးဦးတည်ချက်(၅)ရပ် ဖြစ်သည့် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးအတွက် လက်နက်ကိုင်ပဋိပက္ခများနှင့် သဘောထားကွဲလွဲမှုများကို ဥပဒေနှင့်အညီ ထိန်းသိမ်းဆောင်ရွက်ရေး၊ နိုင်ငံသူ နိုင်ငံသားအားလုံးတို့က စည်းလုံးညီညွတ်စွာဖြင့် ပြည်ထောင်စုစိတ်ဓာတ်အရင်းခံကာ နိုင်ငံတော်ကို ဝိုင်းဝန်းကာကွယ်စောင့်ရှောက်ထိန်းသိမ်းရေး၊ စစ်မှန်၍စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ် ဖြစ်ပေါ်လာစေရေးအတွက် တရားမျှတသော၊ သိက္ခာရှိသော၊ နည်းလမ်းကျနမှန်ကန်မှုရှိသော အထွေထွေရွေးကောက်ပွဲ ပြန်လည်ကျင်းပနိုင်ရေး၊ ပြည်ထောင်စုကြီးတစ်ခုလုံး ဘက်စုံထောင့်စုံဟန်ချက်ညီညီဖွံ့ဖြိုးတိုးတက်ရန်အတွက် ပြည်သူလူထုတစ်ရပ်လုံး၏ "စုပေါင်းအား" ဖြင့် ဆောင်ရွက်ရေး၊ "ရှေ့သို့ချီမည် ပန်းတိုင်ဆီ" ဆိုသည့် ဆောင်ပုဒ်အတိုင်း နိုင်ငံရေး၊ စီးပွားရေး၊ ကာကွယ်ရေး၊ အမျိုးသားရေး စရိုက်လက္ခဏာနှင့် အမျိုးသားစိတ်ဓာတ်မြှင့်တင်ရေးတို့အတွက် ခိုင်မာသည့် ဖွဲ၊ လုံ့လ၊ ဝီရိယထားပြီး စည်းလုံးညီညွတ်စွာဖြင့် ကြိုးပမ်းဖော်ဆောင်ရေးတို့ဖြင့် ကျင်းပသွားမည်ဖြစ်ကြောင်း။

**လွတ်လပ်ရေး၏အနှစ်သာရကိုပိုမိုပေါ်လွင်**

လွတ်လပ်ရေးနေ့အတွက် ချမှတ်ထားသည့် ဦးတည်ချက်များသည် လွတ်လပ်ရေး၏ အနှစ်သာရကို ပိုမိုပေါ်လွင်စေကြောင်း၊ လွတ်လပ်ရေး၏ အဓိပ္ပာယ်သည် အနှောင်အဖွဲ့ကင်းလွတ်ခြင်းကို ဆိုလိုကြောင်း၊ အချုပ်အခြာအာဏာဆိုသည်မှာ လွတ်လပ်ခြင်းနှင့် မိမိကိုယ်ပိုင်စီမံဆုံးဖြတ်ခွင့်ရှိခြင်းဖြစ်ပြီး အချုပ်အခြာအာဏာပိုင်ဆိုင်သည့် နိုင်ငံသည် လွတ်လွတ်လပ်လပ်နှင့် နိုင်ငံသားအားလုံးက ကိုယ်တိုင်စီမံလုပ်ကိုင်ဆုံးဖြတ်နိုင်ခွင့်ရှိခြင်း၊ အနှောင်အဖွဲ့ကင်းပြီး မိမိကိုယ်တိုင် ဆုံးဖြတ်ခွင့်ရှိသော နိုင်ငံများကို အချုပ်အခြာ အာဏာပိုင်ဆိုင်သည့် နိုင်ငံများအဖြစ် သတ်မှတ်ကြောင်း၊ ထို့ကြောင့် လွတ်လပ်ရေးသည် အရေးကြီးကြောင်း၊ အချို့နိုင်ငံများသည် လွတ်လပ်ကြသော်လည်း အချုပ်အခြာအာဏာပိုင်ဆိုင်မှုမရှိကြကြောင်း၊ အချို့နိုင်ငံများသည် အချုပ်အခြာအာဏာပိုင်ဆိုင်ကြသော်လည်း လွတ်လပ်မှုမရှိကြကြောင်း၊ ထိုသို့သောနိုင်ငံများကို ကမ္ဘာပေါ်တွင် တွေ့မြင်နေရကြောင်း။

**အင်အားချိန်ခွင်လျှာပျက်ယွင်းခြင်းများကို တွေ့မြင်နေရ**

မိမိတို့နိုင်ငံသည် လွတ်လပ်ရေးနှင့်အချုပ်အခြာအာဏာပိုင်ဆိုင်မှု အခွင့်အရေးများကို ဆုံးရှုံးမသွားစေရေး နှစ်ပေါင်းများစွာ ကြိုးပမ်းခဲ့ကြရသည် ဖြစ်သည့်အတွက် လွတ်လပ်ရေးကို မဆုံးရှုံးအောင် ဝိုင်းဝန်းထိန်းသိမ်းကြရမည်ဖြစ်ကြောင်း၊ လွတ်လပ်ရေးရရန်အတွက် နှစ်ပေါင်းများစွာ ကြိုးပမ်းခဲ့ကြရသော်လည်း ပျက်စီးဆုံးရှုံးရန်မှာ တစ်ရက်၊ တစ်မနက်နှင့်ပင် ဆုံးရှုံးသွားနိုင်သည့် အခြေအနေများကို ကမ္ဘာ့နိုင်ငံများတွင် တွေ့မြင်ရကြောင်း၊ ယနေ့အချိန်အခါတွင် ကမ္ဘာ့နိုင်ငံရေးဇာတ်ခုံပေါ်၌ ပိုမိုတွေ့ရှိရသည်မှာ Balance of Power ဟုခေါ်သည့် အင်အားချိန်ခွင်လျှာပျက်ယွင်းခြင်းများကိုတွေ့မြင်နေရကြောင်း၊ နိုင်ငံပေါင်းစုံ စုပေါင်း၍ အစည်းအဝေးလုပ်သည့်နေရာမျိုးတွင်ပင် သူတစ်လူ ငါတစ်မင်းဖြင့် Globalization ခေါ် ကမ္ဘာ့ရွာကြီးဖွံ့ဖြိုးတိုးတက်ရန် တိုင်ပင်ဆွေးနွေးရမည့်အစား ကမ္ဘာ့ရွာကြီး ပျက်ပြားအောင် မိမိလိုရာသို့ဆွဲ၍ ရန်စကား ပြောဆိုခြင်းများဖြင့် ပြည့်နှက်နေသည်ကို တွေ့မြင်နေရကြောင်း၊ Hegemony ဗိုလ်ကျစိုးမိုးခြင်းကိစ္စရပ်များ၊ Multilateralismနှင့် Unilateralism အင်အားပြိုင်မှုကိစ္စရပ်များ၊ ငါနှင့်မတူ ငါ့ရန်သူဆို၍ ဖိအားပေးသော ကိစ္စရပ်များ၊ ငါနှင့် တူသော်လည်း ငါ့အလိုကျ ကြိုးဆွဲကနိုင်ရန်အတွက် Proxy ခေါ် ရုပ်သေးအစိုးရ ဖြစ်စေရေး ကြိုးစားမှုများကို ယနေ့ကမ္ဘာအရပ်ရပ်နိုင်ငံရေးဇာတ်ခုံတွင် တွေ့ရှိရကြောင်း၊ မိမိနိုင်ငံအနေဖြင့် အင်အားကြီးနိုင်ငံကြီးများအကြားတွင်ရှိပြီး တိုင်းရင်းသားပေါင်းစုံ လူမျိုးပေါင်းတစ်ရာကျော်ဖြင့် ဖွဲ့စည်းထားသည့်အတွက် သွေးခွဲပြီး ၎င်းတို့အလိုကျ လွတ်လပ်ပြီး အချုပ်အခြာအာဏာပိုင်ခွင့်မရှိသည့် နိုင်ငံဖြစ်အောင် ကြိုးပမ်းနေကြသည့်အတွက် အချုပ်အခြာအာဏာပိုင်ခွင့် မဆုံးရှုံးအောင် စုစည်းစွမ်းအား၊ ပေါင်းစည်းစွမ်းအားဖြင့် လွတ်လပ်ရေးကို ထိန်းသိမ်းနိုင်ရန်အလို့ငှာ သတိပြုနိုင်ရေးအတွက် အနှစ်သာရရှိသည့် ဦးတည်ချက်များကို နိုင်ငံတော်ဝန်ကြီးချုပ်က ရွေးချယ်ချမှတ်ထားခြင်းဖြစ်ကြောင်း၊ အဆိုပါဦးတည်ချက်ထဲတွင် စုစည်းမှုများ၊ စည်းလုံးမှုများကို တွေ့မြင်ရမည်ဖြစ်ကြောင်း။

လွတ်လပ်ရေးနေ့အခမ်းအနားများကို ချမှတ်ထားသည့် အမျိုးသားရေးဦးတည်ချက်များဖြင့် အဓိပ္ပာယ်ပြည့်ဝစွာ နိုင်ငံတော်အဆင့် အခမ်းအနားအဖြစ် နှစ်စဉ်နှစ်တိုင်း ကျင်းပပေးလျက်ရှိကြောင်း၊ ထို့ကြောင့် နိုင်ငံတော်အဆင့် အခမ်းအနားဖြစ်သည်နှင့်အညီ ခမ်းနားထည်ဝါစွာဖြင့် အောင်မြင်စွာကျင်းပနိုင်ရေး ဆပ်ကော်မတီများအနေဖြင့် လုပ်ငန်းတာဝန်များကို ဘက်စုံထောင့်စုံမှ လစ်ဟာမှုမရှိစေရန် သတိ၊ ဝီရိယအပြည့်အဝဖြင့် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်သွားကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် နိုင်ငံတော်အလံတင်နှင့် နိုင်ငံတော်အလံအလေးပြုပွဲ စစ်ရေးပြဆပ်ကော်မတီ၊ နိုင်ငံတော်အလံအလေးပြုပွဲအခမ်းအနားကျင်းပရေး၊ ပြင်ဆင်ရေးနှင့် ဖိတ်ကြားရေးဆပ်ကော်မတီ၊ လွတ်လပ်ရေးနေ့ညှော့ခံပွဲနှင့် ညစာစားပွဲကျင်းပရေးဆပ်ကော်မတီ၊ မီးရှူးမီးပန်းများ ပစ်ဖောက်ရေး ဆပ်ကော်မတီ၊ လုံခြုံရေးဆပ်ကော်မတီ၊ ပြန်ကြားရေးဆပ်ကော်မတီ၊ သဝဏ်လွှာပြုစုရေး ဆပ်ကော်မတီ၊ ကျန်းမာရေးဆပ်ကော်မတီ၊ အားကစားပြိုင်ပွဲများကျင်းပရေး ဆပ်ကော်မတီနှင့် စာရင်းစစ်ဆေးရေး ဆပ်ကော်မတီတို့မှ ဥက္ကဋ္ဌများနှင့်တာဝန်ရှိသူများက လုပ်ငန်းတာဝန်များ ကြိုတင်ပြင်ဆင်ထားရှိမှုများနှင့် ကော်မတီအလိုက် ဆောင်ရွက်ရမည့်လုပ်ငန်းများ၊ ၂၀၂၅ ခုနှစ် (၇၇) နှစ်မြောက် လွတ်လပ်ရေးနေ့အခမ်းအနား အောင်မြင်စွာကျင်းပနိုင်ရေးအတွက် သက်ဆိုင်ရာကဏ္ဍအလိုက် ဆောင်ရွက်သွားမည့် အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် ၂၀၂၅ ခုနှစ် (၇၇)နှစ်မြောက် လွတ်လပ်ရေးနေ့ကျင်းပရေး ဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်က ရှင်းလင်းဆွေးနွေးတင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးပြီး နိဂုံးချုပ်အမှာစကားပြောကြားရာတွင် ဆပ်ကော်မတီများအနေဖြင့် ငွေကြေးသုံးစွဲမှုများတွင် အလေအလွင့်မရှိစေရေး၊ ပါဝင်သင့်ပါဝင်ထိုက်သူများ ပါရှိစေရေး၊ နိုင်ငံတော်အဆင့်အခမ်းအနားဖြစ်သည့်အတွက် လုံခြုံရေးအသိ၊ လုံခြုံရေးသတိဖြင့် ဆောင်ရွက်ပြီး လွတ်လပ်ရေးအနှစ်အရသာကို အများပြည်သူများ သိရှိနိုင်စေရေး ကြိုးပမ်းဆောင်ရွက်သွားရန် လိုကြောင်းဖြင့် ပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်ကြောင်း သိရသည်။

**သတင်းစဉ်**

> ❖ **လွတ်လပ်ရေးနေ့အတွက် ချမှတ်ထားသည့် ဦးတည်ချက်များသည် လွတ်လပ်ရေး၏ အနှစ်သာရကို ပိုမိုပေါ်လွင်စေကြောင်း၊ လွတ်လပ်ရေး၏ အဓိပ္ပာယ်သည် အနှောင်အဖွဲ့ကင်းလွတ်ခြင်းကို ဆိုလို**
>
> ❖ **အချုပ်အခြာအာဏာဆိုသည်မှာ လွတ်လပ်ခြင်းနှင့် မိမိကိုယ်ပိုင်စီမံဆုံးဖြတ်ခွင့်ရှိခြင်းဖြစ်ပြီး အချုပ်အခြာအာဏာပိုင်ဆိုင်သည့် နိုင်ငံသည် လွတ်လွတ်လပ်လပ်နှင့် နိုင်ငံသားအားလုံးက ကိုယ်တိုင်စီမံ လုပ်ကိုင်ဆုံးဖြတ်နိုင်ခွင့်ရှိခြင်း၊ အနှောင်အဖွဲ့ကင်းပြီး မိမိကိုယ်တိုင် ဆုံးဖြတ်ခွင့်ရှိသောနိုင်ငံများကို အချုပ်အခြာအာဏာပိုင်ဆိုင်သည့် နိုင်ငံများအဖြစ် သတ်မှတ်ကြောင်း၊ ထို့ကြောင့် လွတ်လပ်ရေးသည် အရေးကြီး**

> ❖ **လွတ်လပ်ရေးရရန်အတွက် နှစ်ပေါင်းများစွာ ကြိုးပမ်းခဲ့ကြရသော်လည်း ပျက်စီးဆုံးရှုံးရန်မှာ တစ်ရက်၊ တစ်မနက်နှင့်ပင် ဆုံးရှုံးသွားနိုင်သည့် အခြေအနေများကို ကမ္ဘာ့နိုင်ငံများတွင် တွေ့မြင်ရ၊ ယနေ့အချိန်အခါတွင် ကမ္ဘာ့နိုင်ငံရေးဇာတ်ခုံပေါ်၌ ပိုမိုတွေ့ရှိရသည်မှာ Balance of Power ဟုခေါ်သည့် အင်အားချိန်ခွင်လျှာပျက်ယွင်းခြင်းများကို တွေ့မြင်နေရ**
>
> ❖ **နိုင်ငံပေါင်းစုံ စုပေါင်း၍ အစည်းအဝေးလုပ်သည့်နေရာမျိုးတွင်ပင် သူတစ်လူ ငါတစ်မင်းဖြင့် Globalization ခေါ် ကမ္ဘာ့ရွာကြီးဖွံ့ဖြိုးတိုးတက်ရန် တိုင်ပင်ဆွေးနွေးရမည့်အစား ကမ္ဘာ့ရွာကြီးပျက်ပြားအောင် မိမိလိုရာသို့ဆွဲ၍ ရန်စကားပြောဆိုခြင်းများဖြင့် ပြည့်နှက်နေသည်ကို တွေ့မြင်နေရ**
>
> ❖ **Hegemony ဗိုလ်ကျစိုးမိုးခြင်းကိစ္စရပ်များ၊ Multilateralismနှင့် Unilateralism အင်အားပြိုင်မှုကိစ္စရပ်များ၊ ငါနှင့်မတူ ငါ့ရန်သူဆို၍ ဖိအားပေးသောကိစ္စရပ်များ၊ ငါနှင့်တူသော်လည်း ငါ့အလိုကျ ကြိုးဆွဲကနိုင်ရန်အတွက် Proxy ခေါ် ရုပ်သေးအစိုးရဖြစ်စေရေး ကြိုးစားမှုများကို ယနေ့ကမ္ဘာအရပ်ရပ်နိုင်ငံရေးဇာတ်ခုံတွင် တွေ့ရှိရ**

# (၄၂) ကြိမ်မြောက် အာဆီယံရဲအဖွဲ့ညီလာခံဖွင့်ပွဲ အခမ်းအနားကျင်းပ
# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးရာပြည့် တက်ရောက်ဖွင့်လှစ်

**နေပြည်တော် အောက်တိုဘာ ၂၂**

မြန်မာနိုင်ငံရဲတပ်ဖွဲ့က အိမ်ရှင်အဖြစ် လက်ခံကျင်းပသည့် (၄၂) ကြိမ်မြောက် အာဆီယံ ရဲအဖွဲ့ ညီလာခံ၏ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန (၁) (MICC-1) ကျောက်စိမ်းခန်းမ၌ ကျင်းပရာ ဂုဏ်ထူးဆောင်ဧည့်သည်တော်အဖြစ် နိုင်ငံတော်စီမံ အုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးရာပြည့် တက်ရောက်ဖွင့်လှစ်သည်။




**တက်ရောက်**

(၄၂) ကြိမ်မြောက် အာဆီယံရဲအဖွဲ့ညီလာခံ ဖွင့်ပွဲအခမ်းအနားသို့ အထူးဧည့်သည်တော် အပြည်ပြည်ဆိုင်ရာ ရဲအဖွဲ့ (INTERPOL) ဥက္ကဋ္ဌ Mr. Ahmed Naser Al-Raisi ၊ အာဆီယံရဲအဖွဲ့ဝင်နိုင်ငံများမှ ရဲချုပ်များ၊ အဆင့်မြင့်ရဲအရာရှိကြီးများ၊ ၎င်းတို့၏ ဇနီးများ၊ ကိုယ်စားလှယ်အဖွဲ့ဝင်များ၊ ဆွေးနွေးဖက်နိုင်ငံနှင့် အဖွဲ့အစည်းများ (Dialogue Partners) ဖြစ်သည့် ရုရှား၊ ဩစတြေးလျ၊ တရုတ်၊ အပြည်ပြည်ဆိုင်ရာရဲအဖွဲ့ (INTERPOL) နှင့် အာဆီယံအတွင်းရေးမှူးချုပ်ရုံးတို့မှ ကိုယ်စားလှယ်များ၊ လေ့လာဖက်နိုင်ငံနှင့် အဖွဲ့အစည်းများ (Observers) ဖြစ်သည့် တီမောလက်စ်တေ၊ အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီကော်မတီ (ICRC) နှင့် အာရပ်စော်ဘွားများပြည်ထောင်စု (UAE) တို့မှ ကိုယ်စားလှယ်များ၊ အာဆီယံနိုင်ငံများမှ သံတမန်များနှင့် ဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ကြသည်။

ညီလာခံဖွင့်ပွဲမတိုင်မီ အထူးဧည့်သည်တော်အပြည်ပြည်ဆိုင်ရာရဲအဖွဲ့ (INTERPOL) ဥက္ကဋ္ဌနှင့် ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင်များက ဂုဏ်ထူးဆောင် ဧည့်သည်တော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်အား မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန (၁) ရှိ အခန်းအမှတ် (၂၀၀၄) ၌ ဂါရဝပြု တွေ့ဆုံကြသည်။

ညီလာခံ ဖွင့်ပွဲအခမ်းအနားကို နံနက် ၈ နာရီ မိနစ်၂၀ မှ ၉ နာရီ ၃၅ မိနစ်အထိ ကျင်းပရာ အလံကိုင်အဖွဲ့ ဝင်ရောက်ခြင်း၊ မြန်မာ့ယဉ်ကျေးမှုအကဖြင့် ဖျော်ဖြေခြင်း၊ မြန်မာနိုင်ငံတော်သီချင်းနှင့် အာဆီယံရဲအဖွဲ့ သီချင်းများ တီးမှုတ်ဂုဏ်ပြုခြင်း၊ တရားဥပဒေစိုးမိုးရေးတာဝန်များ ထမ်းဆောင်ရင်း ကျဆုံးခဲ့သည့် တပ်ဖွဲ့ဝင်များအတွက် ဆုတောင်းစကားပြောကြားခြင်းနှင့် အမှတ်ရသောအားဖြင့် တစ်မိနစ် ငြိမ်သက်ခြင်း၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ်က ကြိုဆို နှုတ်ခွန်းဆက်စကားပြောကြားခြင်း၊ အာဆီယံရဲအဖွဲ့ ထူထောင်ခဲ့သည့်နေ့ အထိမ်းအမှတ် အစီအစဉ် ဖွင့်လှစ်ပေးခြင်း၊ အာဆီယံရဲအဖွဲ့ ထူထောင်သည့်နေ့အထိမ်းအမှတ်အဖြစ် ၁၉၈၁ ခုနှစ်မှ ယနေ့အထိ အာဆီယံရဲအဖွဲ့၏ ဆောင်ရွက်ချက်များကို ဗီဒီယိုပြသခြင်း၊ အထူးဧည့်သည်တော်က အမှာစကားပြောကြားခြင်း၊ ဂုဏ်ထူးဆောင်ဧည့်သည်တော်က ညီလာခံ အဖွင့်မိန့်ခွန်းပြောကြား၍ (၄၂) ကြိမ်မြောက် အာဆီယံရဲအဖွဲ့ညီလာခံကို တရားဝင်ဖွင့်လှစ်ပေးပြီး စုပေါင်းမှတ်တမ်းဓာတ်တင်ပုံရိုက်ကာ **(အပေါ်ပုံ)** ဖွင့်ပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ထို့နောက် ညီလာခံပထမနေ့အဖြစ် ယနေ့တွင် ပထမအကြိမ် စုံညီအစည်းအဝေး၊ ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင်များ ဆွေးနွေးမှုဖိုရမ်၊ ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင်များနှင့် ဆွေးနွေးဖက်နိုင်ငံ/ အဖွဲ့အစည်းများအကြား ဆွေးနွေးမှုဖိုရမ်တို့ကို ပြုလုပ်၍ ကော်မရှင် (အေ)၊ ကော်မရှင် (ဘီ) နှင့် ကော်မရှင် (စီ) အစည်းအဝေးများကို တစ်ပြိုင်နက်တည်းကျင်းပပြုလုပ်သည်။

ကော်မရှင် (အေ)နှင့် ကော်မရှင် (ဘီ) အစည်းအဝေးများတွင် နိုင်ငံအလိုက် အကောင်အထည်ဖော်ဆောင်ရွက်နေသည့် နိုင်ငံဖြတ်ကျော် မှုခင်းနယ်ပယ်များဖြစ်သော မူးယစ်ဆေးဝါးမှောင်ခိုမှု (Illicit Drug Trafficking)၊ အကြမ်းဖက်မှု (Terrorism)၊ လက်နက်မှောင်ခိုမှု (Arms Smuggling)၊ လူကုန်ကူးမှု (Trafficking in Person)၊ တောရိုင်းတိရစ္ဆာန်ဆိုင်ရာပြစ်မှု (Wildlife Crime)၊ ပင်လယ် ရေကြောင်းဆိုင်ရာ လိမ်လည်မှု (Maritime Fraud)၊ စီးပွားရေးဆိုင်ရာမှုခင်း၊ ဘဏ်မှုခင်းများ၊ ခရက်ဒစ်ကတ်လိမ်လည်မှု (Commercial Crimes၊ Bank Offences and Credit Card Fraud)၊ ဆိုက်ဘာရာဇဝတ်မှု (Cybercrime)၊ ခရီးသွားစာရွက်စာတမ်း အတုပြုလုပ်မှု (Fraudulent Travel Document) နှင့် နိုင်ငံဖြတ်ကျော်လိမ်လည်မှု (Transnational Fraud)တို့နှင့် စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးကြမည်ဖြစ်ကြောင်း၊ ကော်မရှင် (စီ) အစည်းအဝေးတွင် အဖွဲ့ဝင်နိုင်ငံများအကြား အီလက်ထရောနစ် Database စနစ် (e-ADS) အသုံးပြုရေး၊ မှုခင်းဆိုင်ရာကိစ္စရပ်များတွင် အပြန်အလှန် အကူအညီပေးရေး၊ အာဆီယံရဲအဖွဲ့များအကြား အပြန်အလှန် လေ့ကျင့်သင်တန်းပေးရေးနှင့် အာဆီယံရဲအဖွဲ့ မှုခင်းသိပ္ပံကွန်ရက်တည်ထောင်ရေးစသည့် အကြောင်းအရာ လေးရပ်ကို ဆွေးနွေးကြမည်ဖြစ်ပြီး ကောင်မရှင်များအလိုက် ဆွေးနွေးခဲ့သည့် အကြောင်းအရာများကိုစုစည်း၍ ပူးတွဲကြေညာချက် (မူကြမ်း) ပြုစုကြမည်ဖြစ်ကြောင်း သိရသည်။

ထို့နောက် ဧည့်သည်တော်များ၏ ဇနီးသည်များသည် နေပြည်တော်ရှိ ဥပ္ပါတသန္တိ စေတီတော်မြတ်ကြီးအား ဖူးမြော်ခြင်းနှင့် အမျိုးသားပြတိုက်သို့ သွားရောက်လေ့လာခြင်းတို့ကို ဆောင်ရွက်ကြသည်။

**အာဆီယံရဲအဖွဲ့ဝင်**
**နိုင်ငံတစ်နိုင်ငံဖြစ်လာခဲ့**

မြန်မာနိုင်ငံသည် ၁၉၉၇ ခုနှစ်တွင် လာအိုနိုင်ငံနှင့်အတူ အာဆီယံအဖွဲ့ဝင်နိုင်ငံ ဖြစ်လာပြီးနောက် တစ်နှစ်အကြာ ၁၉၉၈ ခုနှစ်တွင် အာဆီယံရဲအဖွဲ့ဝင် နိုင်ငံတစ်နိုင်ငံ ဖြစ်လာခဲ့ကြောင်း၊ အာဆီယံရဲအဖွဲ့ဝင်နိုင်ငံဖြစ်လာပြီးနောက် နှစ်နှစ်အကြာ ၂၀၀၀ ပြည့်နှစ်တွင် အကြိမ် (၂၀) မြောက် အာဆီယံရဲအဖွဲ့ ညီလာခံကို မြန်မာနိုင်ငံက အိမ်ရှင်နိုင်ငံအဖြစ် ရန်ကုန်မြို့ရှိ ကုန်သည်ကြီးများ ဟိုတယ် (ယခု ရန်ကုန်ရှန်ဂရီလာ ဟိုတယ်)၌ ပထမဆုံးအကြိမ် လက်ခံကျင်းပပေးခဲ့ကြောင်း၊ ၂၀၁၂ ခုနှစ်တွင် (၃၂) ကြိမ်မြောက် အာဆီယံ ရဲအဖွဲ့ညီလာခံကို မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် နေပြည်တော် သင်္ဂဟဟိုတယ်၌ ဒုတိယအကြိမ် လက်ခံကျင်းပပေးခဲ့ကြောင်း သိရသည်။

မြန်မာနိုင်ငံရဲတပ်ဖွဲ့သည် (၄၂) ကြိမ်မြောက် အာဆီယံရဲအဖွဲ့ ညီလာခံကို တတိယအကြိမ် အိမ်ရှင်အဖြစ်လက်ခံကျင်းပခြင်းဖြစ်ပြီး ညီလာခံ၏ဆောင်ပုဒ်မှာ "နိုင်ငံဖြတ်ကျော် မှုခင်းများ တိုက်ဖျက်ဖို့ ဒေသတွင်းနှင့် ကမ္ဘာလုံးဆိုင်ရာ မိတ်ဖက်ဆောင်ရွက်မှု ခိုင်မာအားကောင်းရေး ဆောင်ရွက်စို့ (Strengthening Regional and Global Partnerships to Combat Transnational Crime)" ဖြစ်ကြောင်း၊ အာဆီယံရဲအဖွဲ့ ထူထောင်ခဲ့သည့်နေ့ အထိမ်းအမှတ်အစီအစဉ်သည် ၁၉၈၁ ခုနှစ် အောက်တိုဘာ ၂၃ ရက်တွင် အာဆီယံရဲအဖွဲ့ စတင်ထူထောင်ခဲ့ပြီးနောက် ၄၃ နှစ်အကြာ ၂၀၂၄ ခုနှစ်တွင် မြန်မာနိုင်ငံရဲတပ်ဖွဲ့က ပထမဆုံးအကြိမ် လက်ခံကျင်းပပေးနိုင်ခဲ့သည့် ညီလာခံအစီအစဉ်တစ်ရပ်ဖြစ်ကြောင်း သိရှိရသည်။ (၄၂) ကြိမ်မြောက်အာဆီယံရဲအဖွဲ့ ညီလာခံကို အောက်တိုဘာ ၂၃ ရက် နှင့် ၂၄ ရက်တို့တွင် ဆက်လက်ကျင်းပ ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

## ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ Tomsk State University မှ ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ

**နေပြည်တော် အောက်တိုဘာ ၂၂**

ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့်သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ Tomsk State University မှ Mr. Vorozhtsov Alexander Borisovich ဦးဆောင်သော အဖွဲ့ကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ပညာရေးဝန်ကြီးဌာန၌ တွေ့ဆုံသည်။

**ဆွေးနွေး**

တွေ့ဆုံစဉ် မြန်မာနိုင်ငံနှင့် ရုရှားနိုင်ငံ ပညာရေးဝန်ကြီးဌာနတို့အကြား ဘွဲ့ဒီဂရီများ အပြန်အလှန် အသိအမှတ်ပြုရေးဆိုင်ရာ နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးရေး ဆောင်ရွက်ပြီးစီးမှု အခြေအနေ၊ မြန်မာနိုင်ငံ တက္ကသိုလ်များနှင့် Tomsk State University တို့ အကြား နားလည်မှုစာချွန်လွှာများ ရေးထိုး၍ ပိုမိုပူးပေါင်းဆောင်ရွက်နိုင်ရေး၊ မြန်မာကျောင်းသား ကျောင်းသူများ ရုရှားနိုင်ငံသို့ပညာတော်သင် ပိုမိုစေလွှတ်နိုင်ရေးနှင့် သုတေသန ပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များကို ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ ပညာရေးဝန်ကြီးဌာနမှ အဆင့်မြင့်အရာရှိကြီးများ၊ Naypyitaw State Academy ဒုတိယပါမောက္ခချုပ်နှင့် တာဝန်ရှိသူများ တက်ရောက်ကြကြောင်း သိရသည်။ **သတင်းစဉ်**



# နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးနှင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်တို့ ပူးပေါင်း၍ အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးဆိုင်ရာ အသိပညာပေးရှင်းလင်းဆွေးနွေးပွဲ ကျင်းပ





**နေပြည်တော် အောက်တိုဘာ ၂၂**

နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာ ခုံရုံးနှင့် အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်တို့ ပူးပေါင်းဆောင်ရွက်သည့် အဂတိလိုက်စားမှု တားဆီးကာကွယ်ရေး ဆိုင်ရာ အသိပညာပေးရှင်းလင်းဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းတွင် နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဆွေးနွေးပွဲသို့ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးဥက္ကဋ္ဌ ဦးအောင်ဇော်သိန်းနှင့် အဖွဲ့ဝင်များ၊ အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင် အဖွဲ့ဝင် ဦးအောင်မြင့်လွင်နှင့် တာဝန်ရှိသူများ၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးမှ အရာထမ်း၊ အမှုထမ်းများ တက်ရောက်ကြသည်။

**အများပြည်သူ၏ အကျိုးစီးပွားကိုကာကွယ်**

ဆွေးနွေးပွဲတွင် နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာ ခုံရုံးဥက္ကဋ္ဌက အဂတိလိုက်စားမှုသည် ဖွံ့ဖြိုးတိုးတက်မှုများကို အကောင်အထည် ဖော်ရာ၌ အဟန့်အတားပြုနိုင်သည့် ရောဂါဆိုးတစ်ခုဖြစ်ကြောင်း၊ အဂတိလိုက်စားမှု တိုက်ဖျက်ရေး၏ အဓိကအနှစ်သာရမှာ အများပြည်သူ၏ အကျိုးစီးပွားကို ကာကွယ်ပေးရန်နှင့် အဂတိကင်းစင်သည့် လူ့အဖွဲ့အစည်း ပေါ်ပေါက်စေရန် ဖြစ်ကြောင်း၊ ဝန်ကြီးဌာန အဖွဲ့အစည်းများ၌ အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးအဖွဲ့ (Corruption Prevention Unit–CPU) များ ဖွဲ့စည်းပြီး အဂတိလိုက်စားမှုများ လျော့နည်းပပျောက်စေရန် ဆောင်ရွက်လျက် ရှိကြောင်း၊ အဂတိလိုက်စားမှု ကင်းစင်သည့် နိုင်ငံတော်ကြီးဖြစ်စေရန် အဂတိလိုက်စားမှုကို အတူတကွ ပူးပေါင်းပါဝင် တိုက်ဖျက်သွားကြရန်လိုအပ်ကြောင်း ပြောကြားသည်။

ထို့နောက် အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင် အဖွဲ့ဝင်က အဂတိလိုက်စားမှုများ ဖြစ်ပေါ်ခြင်းကြောင့် နိုင်ငံတော်၏ ဖွံ့ဖြိုးတိုးတက်မှုများကို ထိခိုက်နစ်နာစေမှု၊ ကော်မရှင်အနေဖြင့် အဂတိလိုက်စားမှုများကို တိုက်ဖျက်ရာတွင် အမျိုးသားရေး တာဝန်တစ်ရပ်အဖြစ် ခံယူလျက် အသိပညာပေးခြင်း၊ တားဆီးကာကွယ်ခြင်းနှင့် စုံစမ်းစစ်ဆေးအရေးယူခြင်းဆိုသည့် နည်းလမ်းသုံးသွယ်ဖြင့် ဆောင်ရွက်လျက်ရှိမှု အခြေအနေများကိုလည်းကောင်း၊ အဂတိလိုက်စားမှု တိုက်ဖျက်ရေး ကော်မရှင်ရုံးမှ တာဝန်ရှိသူများက အဂတိလိုက်စားမှု တိုက်ဖျက်ရေး ဥပဒေ၊ စုံစမ်းစစ်ဆေးရေးကဏ္ဍများ၊ အဂတိလိုက်စားမှု၏ သဘောသဘာဝများ၊ အဂတိလိုက်စားမှု ဖြစ်ပေါ်ရခြင်း အကြောင်းရင်းများ၊ အဂတိလိုက်စားမှု၏ ဆိုးကျိုးများ၊ တားဆီးကာကွယ်ရေး ကဏ္ဍများကိုလည်းကောင်း ရှင်းလင်းဆွေးနွေးကြပြီး တက်ရောက်လာကြသော ဝန်ထမ်းများက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးကြသည်။

ဆွေးနွေးပွဲ အပြီးတွင် ကော်မရှင်အဖွဲ့ဝင်နှင့် နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာ ခုံရုံးမှ အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့ (Corruption Prevention Unit – CPU) အဖွဲ့ဝင်များ တွေ့ဆုံကြပြီး တားဆီးကာကွယ်ရေးအဖွဲ့များ၏ လုပ်ငန်းဆောင်ရွက်ရာတွင် ကြုံတွေ့ရသည့် အတွေ့အကြုံများ၊ အားသာချက်၊ အားနည်းချက်များ၊ သုံးသပ်တင်ပြချက်များနှင့် စပ်လျဉ်း၍ ဆွေးနွေးကြကြောင်း သိရသည်။

**သတင်းစဉ်**



# ရုရှားရေတပ် Russian Pacific Fleet မှ ချစ်ကြည်ရေးအဖွဲ့ ခေါင်းဆောင်နှင့် စစ်ရေယာဉ်မှူးများအား လက်ခံတွေ့ဆုံ

**နေပြည်တော် အောက်တိုဘာ ၂၂**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်သို့ ချစ်ကြည်ရေးခရီးရောက်ရှိနေသည့် ရုရှားစစ်ရေယာဉ်များတွင် အဖွဲ့ခေါင်းဆောင်အဖြစ် လိုက်ပါလာသော ရုရှားရေတပ် Russian Pacific Fleet မှ Captain 1st Rank Antsiferov Alexey Vitalievich ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ဝင်များသည် ယနေ့နံနက်ပိုင်းတွင် တပ်မတော်(ရေ)မှ စစ်ဦးစီးအရာရှိချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီး အေးမင်းထွေးနှင့် အဖွဲ့ဝင်များအား ရေတပ်လေ့ကျင့်ရေးဌာနချုပ် အဏ္ဏဝါသီရိရိပ်သာ၌ လာရောက်တွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် နှစ်နိုင်ငံရေတပ်များ အကြား ရေကြောင်းလုံခြုံရေးဆိုင်ရာ သတင်းအချက်အလက်များဖလှယ်ခြင်း၊ လေ့ကျင့်ရေးဆိုင်ရာကိစ္စရပ်များ၊ နှစ်နိုင်ငံရေတပ်များအကြား အပြန်အလှန်ဆက်ဆံမှုကိစ္စရပ်များ၊ စစ်ရေယာဉ်များချစ်ကြည်ရေးခရီး အပြန်အလှန် လည်ပတ်မှုဆိုင်ရာကိစ္စရပ်များအား ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြပြီး ဆွေးနွေးပွဲအပြီးတွင် အမှတ်တရစုပေါင်းဓာတ်ပုံရိုက်ကြကြောင်း သိရသည်။

**သတင်းစဉ်**

# ရေဘေးသင့်ပြည်သူများအတွက် ကမ္ဘောဇဖောင်ဒေးရှင်းနာယက ဦးဆောင်သောအဖွဲ့က ရေသန့်စက်၊ ဆေးဝါး၊ စားသောက်ဖွယ်ရာများနှင့်ငွေများ လှူဒါန်း

**နေပြည်တော် အောက်တိုဘာ ၂၂**

ရေဘေးသင့်ပြည်သူများအတွက် ကမ္ဘောဇဖောင်ဒေးရှင်းနာယက ဦးဆောင်သောအဖွဲ့က လှူဒါန်းမှုများ ဆက်လက်ပြုလုပ်လျက်ရှိရာ အောက်တိုဘာ ဒုတိယပတ်အတွင်း ကမ္ဘောဇဘဏ်နာယက မိသားစုတည်ဆောက်လှူဒါန်းထားသည့် ညောင်ရွှေမြို့နယ် အင်းလေးကန်ဒေသ ဟဲယာရွာမဓမ္မဗိမာန်၌ တစ်နာရီ လီတာ ၁၀၀၀ ထွက် ရေသန့်စက်၊ လီတာ ၂၀ ရေသန့်ဘူးများ၊ နဝကမ္မအလှူငွေကျပ်သိန်း ၁၀၀ နှင့် လိုအပ်သည့် ဆေးဝါးများကိုလည်းကောင်း၊ အင်းလေးကန်ဒေသ လယ်ခြေရွာတွင် နဝကမ္မအလှူငွေကျပ်သိန်း ၁၀၀ နှင့် လိုအပ်သည့်ဆေးဝါးများ၊ ရိက္ခာများကိုလည်းကောင်း၊ ဆင်တောင်ခွေးရုပ်ကျေးရွာရှိ နေအိမ်အသစ် ၁၄ လုံး ပြန်လည်တည်ဆောက်ရန် ကျပ်သိန်း ၇၇၀ နှင့် စားသောက်ဖွယ်ရာများ၊ မီးဖိုချောင်သုံးပစ္စည်းများကိုလည်းကောင်း လှူဒါန်းခဲ့ကြသည်။

ထို့အပြင် တစ်အိမ်ထောင်လျှင် ငွေကျပ်နှစ်သိန်းစီဖြင့် အိမ်ထောင်စု ၂၄ စုအား ထောက်ပံ့ပေးအပ်လှူဒါန်းပြီး အောင်ပန်းမြို့ မိုးကုတ်ဝိပဿနာကျောင်းတွင် တစ်နာရီရေလီတာ ၁၀၀၀ ထွက်ရှိသည့် ရေသန့်စက်အား တပ်ဆင်လှူဒါန်းခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



# ဇမ္ဗူသီရိမြို့နယ်၌ စာဖတ်ရှိန်မြှင့်တင်ရေး လူငယ်ရေးရာအသိပညာပေးဟောပြောပွဲ ကျင်းပ



**နေပြည်တော် အောက်တိုဘာ ၂၂**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဇမ္ဗူသီရိမြို့နယ်၌ စာဖတ်ရှိန်မြှင့်တင်ရေး လူငယ်ရေးရာအသိပညာပေးဟောပြောပွဲကို ယနေ့နံနက်ပိုင်းက အမှတ် (၃) အခြေခံပညာ မူလတန်းလွန်ကျောင်း၌ ကျင်းပသည်။

ဟောပြောပွဲတွင် အမှတ် (၃) အခြေခံပညာမူလတန်းလွန်ကျောင်းမှ ကျောင်းအုပ်ဆရာမကြီး ဒေါ်မင်းမင်းစိုးက အဖွင့်အမှာစကားပြောကြားပြီး ဇမ္ဗူသီရိမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်နီလာစိုးက လူငယ်နှင့် စာဖတ်ခြင်း ခေါင်းစဉ်ဖြင့် ဟောပြောဆွေးနွေးသည်။

ထို့နောက် ဇမ္ဗူသီရိမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ တာဝန်ရှိသူများက ဦးဆောင်၍ လူငယ်ရေးရာအသိပညာပေး နံရံကပ်စာစောင်များ၊ လူငယ်ရေးရာနှင့်သက်ဆိုင်သည့် စာအုပ်စာစောင်များကို ခင်းကျင်းပြသရာ ကျောင်းသားကျောင်းသူများက ဖတ်ရှုလေ့လာကြကြောင်း သိရသည်။ **ဟိန်းသူအောင်(ပြန်/ဆက်)**

# နောက်နှစ်ရက်အတွက်ခန့်မှန်းချက်

**နေပြည်တော် အောက်တိုဘာ ၂၂**

နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့ အပြား မိုးထစ်ချုန်းရွာပြီး ဒေသအလိုက်နှင့် နေရာကွက်၍ မိုးကြီးနိုင်သည်။

**မိုး/ဇလ**

# နိုင်ငံသားတစ်ဦးတစ်ယောက်၏ စိတ်ဓာတ် စည်းကမ်း ပညာ

ဒေါက်တာမောင်ကျော်၊ ပါမောက္ခချုပ်(ငြိမ်း)

၂၁ ရာစုခေတ်မှာ နိုင်ငံတစ်နိုင်ငံအတွက် ပညာရေးဟာ အရေးကြီးဆုံးကဏ္ဍဖြစ်တယ်လို့ ဘာကြောင့်ပြောသလဲဆိုရင် ပညာရေးက ဆောင်ကြဉ်းပေးနိုင်တာ နှစ်ခုရှိပါတယ်။

(၁) နိုင်ငံရဲ့စီးပွားရေး knowledge – based economy ကို မြင့်မားစေနိုင်ပါတယ်။

(၂) လူမှုဆက်ဆံရေးတွေကို ညီညွတ်မျှတစေပါတယ်။ လူမှုဘဝသဟဇာတဖြစ်မှုကို ပညာရေးက ဆောင်ကြဉ်းပေးနိုင်ပါတယ်။

**“ပညာရေးဖြင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီး တည်ဆောက်အံ့”** ဆိုသဖြင့်… နိုင်ငံနဲ့ လူမျိုးရှင်သန်ကြီးထွားနိုင်ဖို့ ပညာရေးဟာ ဝိညာဉ်ဖြစ်လို့ …၊ ၂၁ ရာစုရဲ့ စိန်ခေါ်မှုတွေကို ကျော်လွှားနိုင်ဖို့… စသဖြင့် အကြောင်းတရားတွေကြောင့် ကလေး၊ လူငယ်၊ လူကြီးတို့ဟာ ပညာသင်ကြားကြပါတယ်။ မိမိတို့ရဲ့ စိတ်ချမ်းမြေ့ဖွယ် အနာဂတ်ကို တည်ဆောက်လိုတဲ့အတွက် သင်ဆရာ၊ မြင်ဆရာ၊ ကြားဆရာများထံမှ နေ့စဉ်လိုလို သင်ယူကြပါတယ်။

လူ့စွမ်းအားအရင်းအမြစ်ဆိုတာ မိဘနှစ်ပါးနဲ့ ဆက်သွယ်ပြောဆို သိနားလည်နိုင်တဲ့ ကလေးဘဝက စတင်ပါတယ်။ အရွယ်အားဖြင့် ငါးနှစ်၊ ငါးနှစ်မတိုင်မီ ကလေးတို့ဟာ ပုံပြင်တွေ၊ သာယာနာပျော်ဖွယ် တေးသီချင်းတွေကို ကြိုက်နှစ်သက်တတ်ကြပါတယ်။ ပန်းချီကားချပ်ပါတဲ့ ပုံပြင်စာအုပ်လေးတွေကို ပြရင်းဖတ်ပြရင်းနဲ့ ကလေးကို ကနဦးသူ့မိဘနှစ်ပါးက သင်ပေးပါတယ်။ ကလေးငယ်ဘဝမှာ မိသားစုက တာဝန်ယူတာ ဖြစ်ပါတယ်။ မိသားစုတစ်ခုချင်းမှာတောင် အတွေ့အကြုံ၊ အမြော်အမြင်၊ ခံယူချက်နဲ့ ဆန္ဒတွေဟာ မတူညီ မပြည့်စုံနိုင်တဲ့အတွက် ကျောင်းသင်ပညာရေးစနစ်ထံ မိဘများက အပ်နှံတာဖြစ်ပါတယ်။

### ကျောင်းသင်ပညာရေး

ကျောင်းသင်ပညာရေးစနစ်က လူငယ်တစ်ယောက်အတွက် ပြောရရင် လူ့အသိုင်းအဝိုင်းထဲမှာ ထိုလူငယ်ရဲ့ လူမှုဆက်ဆံပေါင်းသင်းရေးအတွက် ဘယ်လိုစိတ်ဓာတ်နဲ့ ဘယ်လိုတန်ဖိုးတွေထားရမယ်ဆိုတဲ့ စာရိတ္တပိုင်း၊ လူမှုရေး၊ လူမှုဆက်ဆံရေး အပိုင်းတွေကို ကျောင်းက တာဝန်ယူတာ ဖြစ်ပါတယ်။ ကျောင်းဟာ သူ့ကို အရွယ်နဲ့ကိုက်ညီတဲ့ သင်ခန်းစာတွေသင်ရင်း၊ စာရိတ္တဖွံ့ဖြိုးအောင် ဆရာများက တဖြည်းဖြည်းချင်း သင်ကြားပေးတဲ့ သဘောဖြစ်ပါတယ်။

တောအရပ်ဒေသမှာတော့ ဘုန်းကြီးကျောင်းမှာ ဘုရားရှိခိုးတဲ့ကိစ္စနဲ့စပြီး မူလတန်းကျောင်းကိုတက်၊ စာဖတ်တတ်ဖို့၊ အပေါင်းအနုတ် ဂဏန်းသင်္ချာနဲ့ ထိတွေ့ရပါတော့တယ်။ အဲဒီအဆင့်မှာ ကလေးတို့ဟာ ကျောင်းပညာကို လန့်မသွားဖို့၊ **“ကကြီး ခခွေး၊ တစ်နှစ်သုံးလေး”** ဆိုတဲ့ စာလန့်မသွားဖို့ ဆရာဆိုတဲ့ ဥယျာဉ်မှူးတွေရဲ့ကဏ္ဍဟာ လွန်စွာမှ အရေးကြီးလာပါတော့တယ်။ ငါးနှစ်အရွယ် လူမမည်ကလေးဆိုတဲ့ မျိုးစေ့ဟာ ရေခံမြေခံကောင်းတဲ့ ကျောင်းဆိုသော မြေဆီလွှာမှာ ဥယျာဉ်မှူးကြောင့် အညှောက်လေးတွေထွက် အရွက်ငယ်လေးတွေပါတဲ့အပင်ငယ်လေးတွေဟာ ပေါက်လာပါတော့တယ်။

### သင်ဆရာ မြင်ဆရာ

ကိုယ့်ပတ်ဝန်းကျင်မှ သဘာဝတရားကြီးဟာ သင်ဆရာ၊ မြင်ဆရာတွေပဲလို့ ရှုရှုလိုက်ရင် ပညာဆိုတာ ယူလို့မဆုံးဖြစ်ပါလိမ့်မယ်။ မိဘနဲ့ ဆရာအပေါင်းက မကောင်းမှုကို သိဖို့၊ မှားနေတာတွေ ရှောင်ရှားနိုင်ဖို့ ထိန်းကျောင်းပေးရုံသာ လိုအပ်ပါတယ်။ သားသမီးနဲ့ တပည့်အပေါင်းရဲ့ လောကကို သွားရင်း၊ လာရင်း၊ ချက်ပြုတ်ရင်း၊ ဈေးဝယ်ရင်း၊ ဘုရားကျောင်း၊ ကျောင်းကန်ဘုရားသွားရင်း သူတို့ရဲ့လောကကို အလှဆင်ပေးကြရမယ်။

**သောကနဲ့ လောဘကို ပညာနဲ့ ဖြေပေးရမယ်။**

**ငွေကြေးပစ္စည်းနဲ့ ဖြေပေးခြင်းဟာ တစ်ခဏပဲ မှန်မယ်။ ကောင်းတဲ့ပုံပြင်လေးတွေနဲ့ စာအုပ်လေးတွေနဲ့ ငယ်စဉ်ကတည်းက လုပ်ပေးရမယ်။ မိဘတို့အိမ်ဟာ ကြီးသည်၊ ငယ်သည်မဟုတ် ကလေးတွေအတွက် စာအုပ်စင်၊ စာကြည့်ခန်းထားပေးရမယ်။ ဗြဟ္မစိုရ်တရားထွန်းကားအောင် ဘာသာရေးစာအုပ်တွေလည်းဖတ်စေရမယ်။ လက်ကိုင်ဖုန်းက အရန်အတားပဲဖြစ်ရမယ်။ ဂိမ်းကစားဖို့ဆိုရင် ကလေးရဲ့ တန်ဖိုးရှိတဲ့အချိန်တွေဟာ ဆုံးရှုံးသွားပါပြီ။ ဒီအလေ့အကျင့်မဖျောက်နိုင်ရင် နောင်ကြီးလာလို့ လောင်းကစားဘက်လိုက်သွားရင် စီးပွားပျက်ဖို့ များပါတယ်။**

**ပတ်ဝန်းကျင်က အလှအပတွေကိုမြင်အောင် မိဘတွေက ဦးဆောင်လိုက်ပါ။ မိမိတို့ဟာ ဘယ်အရပ်၊ ဘယ်ဒေသမှာနေနေ အလှအပတွေရှိနေတာမို့ မြင်တတ်အောင် မြင်အောင်ကြည့်တတ်ရင် စိတ်ချမ်းသာဖို့ချည်းပဲ။ ဝါသနာပါရင် တေးသီချင်းတွေကိုလည်း နားထောင်ပါ။ ပန်းချီဆွဲဝါသနာပါရင်လည်း စလိုက်။ အားကစားလည်း လိုက်စား။ သူငယ်ချင်းအပေါင်းအသင်းတွေဆီ အလည်သွားလိုက်။ ခင်မင်တဲ့စိတ်နဲ့သွား၊ ကြွားဝါလိုတဲ့စိတ်၊ ယှဉ်ပြိုင်အနိုင်လိုချင်တဲ့စိတ်နဲ့ အလည်မသွားပါနဲ့။ ကူညီရိုင်းပင်းချင်တဲ့စိတ်နဲ့သွားပါ။ ပျော်ပျော်ရွှင်ရွှင်နေပါ၊ မိဘတွေဟာ ချမ်းသာသည်ဖြစ်စေ၊ ဆင်းရဲသည်ဖြစ်စေ သူတို့ရဲ့သားသမီးတွေမှာ အားနည်းချက်တွေရှိနေနိုင်တာမို့ ကလေးအချင်းချင်း ကြင်နာစိတ်နဲ့ဆက်ဆံဖို့၊ ကျောင်းသွားဖော်ဖြစ်ဖို့၊ ကြီးလာရင် မိတ်ဆွေဖြစ်ဖို့ မိဘဘိုးဘွားတွေက လမ်းပြပေးရမယ်၊ လောကမှာ အမြော်အမြင်သတိနဲ့ သွားလာလှုပ်ရှား ရှေ့ရေးကိုတွေးပြီး လုပ်ကြရပါလိမ့်မယ်။**

ဆယ်ကျော်သက်အရွယ်ကစပြီး လူမှုဆက်ဆံရေးတွေ၊ နိုင်ငံတော်ဆိုတဲ့အသိတွေ၊ နိုင်ငံသားကောင်းတစ်ယောက်နဲ့ စည်းကမ်းတွေကို ဖော်ပြပေးပြီး သင်ပေးတာဟာလည်း ကျောင်းပဲ၊ စိတ်ဓာတ်ရေးရာပြုပြင်ပေးတဲ့နေရာဟာ ကျောင်းပဲ၊ ကျွမ်းကျင်မှု ရအောင်ပေးတဲ့နေရာဟာ ကျောင်းပဲ၊ အသိဉာဏ်ကို မြင့်တင်ပေးတဲ့နေရာဟာလည်း ကျောင်းပဲ။ ဗြဟ္မစိုရ်တရား (မေတ္တာ၊ ကရုဏာ၊ မုဒိတာ၊ ဥပေက္ခာ ပွားများတတ်အောင်) ထွန်းကားအောင် စည်းကမ်းနဲ့ နေတတ်၊ ထိုင်တတ်၊ ပြောတတ်အောင် လူ့ဘဝနဲ့ လူသားအချင်းချင်း ချစ်မြတ်နိုးအောင် လုပ်ပေးရတာလည်းကျောင်းပဲ။ ကျောင်း၊ ကောလိပ်၊ တက္ကသိုလ်တို့ဟာ လူငယ်တွေကို ပညာရပ်တွေ၊ လူမှုဆက်ဆံရေးတွေ၊ နိုင်ငံတော်ဆိုတဲ့အသိတွေ၊ နိုင်ငံသားတစ်ယောက်ရဲ့ စည်းကမ်းတွေကိုထပ်ပြီး သင်ပေးတဲ့ အဖွဲ့အစည်းတွေ (Institution) ပါပဲ။

**❝ နိုင်ငံတော်အစိုးရအနေနဲ့ ကျောင်းနေအရွယ်ကလေးအားလုံး ကျောင်းတက်ရေးနဲ့ အနည်းဆုံး အလယ်တန်းအဆင့် (KG+9) ပြီးမြောက်ရေးကို အမျိုးသားရေးတာဝန်တစ်ရပ်အနေနဲ့ တက်ညီလက်ညီ ဆောင်ရွက်ခြင်းဖြင့် ပညာရေးအခြေခံအုတ်မြစ်ဟာ ပြည်သူလူထုအတွင်း တောင့်တင်းခိုင်မာလာမှာဖြစ်ပါတယ်။ နိုင်ငံသားတစ်ယောက်ဟာ ပညာကို မွေးကင်းစအရွယ်ကတည်းကစပြီး လက်ဦးဆရာ ပုဗ္ဗာစရိယ မိနဲ့ဖထံက ရယူကြရပြီး KG, Kg+9, Kg+10 Kg+11 Kg+12 အထိ သင်ယူနိုင်ပြီဆိုရင် လက်ခမောင်းခတ်နိုင်ပါတယ် ❞**

အခြေခံပညာအနေနဲ့ KG + 9 ပြီးအောင် စာသင်ကြားကြရလိမ့်မယ်။ လူလားမြောက်ဖို့ လိုအပ်ချက်ကြီးပဲ၊ ဘယ်ဒေသမဆို ကလေးသူငယ်တွေ၊ မိဘတွေနဲ့ ဆရာ ဆရာမတို့ရဲ့ အားထုတ်မှုကြောင့် နိုင်ငံသားတစ်ဦးရဲ့ အခြေခံကျကျ အရည်အသွေးတစ်ခုကို ရရှိသွားမှာ ဖြစ်ပါတယ်။

နိုင်ငံတော်အစိုးရအနေနဲ့ ကျောင်းနေအရွယ် ကလေးအားလုံးကျောင်းတက်ရေးနဲ့ အနည်းဆုံး အလယ်တန်းအဆင့် (KG+9) ပြီးမြောက်ရေးကို အမျိုးသားရေးတာဝန်တစ်ရပ်အနေနဲ့ တက်ညီလက်ညီ ဆောင်ရွက်ခြင်းဖြင့် ပညာရေးအခြေခံအုတ်မြစ်ဟာ ပြည်သူလူထုအတွင်း တောင့်တင်းခိုင်မာလာမှာဖြစ်ပါတယ်။ **နိုင်ငံသားတစ်ယောက်ဟာ ပညာကို မွေးကင်းစအရွယ်ကတည်းကစပြီး လက်ဦးဆရာ ပုဗ္ဗာစရိယ မိနဲ့ဖထံက ရယူကြရပြီး KG, Kg+9, Kg+10 Kg+11 Kg+12 အထိ သင်ယူနိုင်ပြီဆိုရင် လက်ခမောင်းခတ်နိုင်ပါတယ်။**

တက္ကသိုလ်၊ ကောလိပ်တစ်ခုခုက ဘွဲ့ရပြီးလည်း ဘဝတစ်လျှောက်လုံး သင်ယူနေမှ ခလုတ်မထိ ဆူးမငြိမယ်။ ဗလငါးတန်ပြည့်စုံနေမယ်။ ကြီးမားတဲ့ယှဉ်ပြိုင်မှုကြီးထဲမှာ ရပ်တည်နိုင်ရုံမက အရည်အသွေးမီဘဝကို တည်ဆောက်နိုင်မှာဖြစ်ပါတယ်။ နိုင်ငံသားကောင်းဖြစ်လာမယ့် ကလေးသူငယ်တွေဟာ ဆရာ ဆရာမကြီးတို့ရဲ့ ကျောင်းမှာပဲ ရှိပါတယ်။

**သူတို့ရဲ့အရည်အသွေးမြင့်မားဖို့ ယုံကြည်ချက်၊ ခံယူချက်၊ ပြည်ထောင်စုစိတ်ဓာတ်၊ မျိုးချစ်စိတ်ဓာတ် ရှိလာဖို့ ဆရာ ဆရာမကြီးတို့ရဲ့လက်ထဲမှာ ရှိပါတယ်။ တစ်ဦးချင်းရဲ့ အရည်အသွေးဟာ နိုင်ငံရဲ့ စည်းလုံးညီညွတ်မှုကို အထောက်အကူပေးမှာပါပဲ။ ကျောင်းက ဆရာ ဆရာမတွေ မွေးထုတ်လိုက်တဲ့ ကလေးတွေဟာ ရင့်ကျက်တဲ့ နိုင်ငံ့သားကောင်းတွေ၊ တွေးခေါ်မြော်မြင်တတ်တဲ့သူတွေ၊ ဒုစရိုက်ကင်းတဲ့သူတွေ၊ နိုင်ငံသားတွေ ဖြစ်သွားခြင်းအားဖြင့် ဒေသရဲ့ငြိမ်းချမ်းရေးကို အထောက်အကူပြုအားပေးရာရောက်တယ်။**

ပညာဆိုတာ ရှေ့မှာရှိမယ့် ကောင်းကျိုး၊ ဆိုးကျိုးကို မြင်နိုင်တယ်။ ထွင်းဖောက်မြင်နိုင်တယ်။ အသက်မွေးဝမ်းကျောင်းမှုတွေကို သူကိုယ်တိုင်ရှာဖွေနိုင်စွမ်းတွေရှိလာတယ်။ မြင့်မားတဲ့ကျွမ်းကျင်မှုတွေနဲ့ ကုန်ထုတ်လုပ်ငန်းတွေ စိုက်ပျိုးရေးနယ်ပယ်တွေမှာ တိုးတက်လာနိုင်တယ်။ နိုင်ငံတစ်ခုကို ပိုလုံခြုံအောင် ပညာရေးက ဆောင်ကြဉ်းပေးနိုင်တယ်ဆိုတာ ဒါပါပဲ။ အလွန်ကြီးမားကျယ်ပြန့်တဲ့ လုပ်ငန်းကို လုပ်ရမှာဖြစ်လို့ ဂုဏ်ယူစရာဖြစ်ပါတယ်။

ကလေးတွေက ပြဋ္ဌာန်းစာအုပ်ထဲက စာလောက်ကို တတ်သွားဖို့၊ လေ့ကျင့်ပေးဖို့မဟုတ်။ ကျောင်းတွေမှာ သင်ကြားပေးတဲ့ ဘာသာရပ်စုံမှ ဗဟုသုတ အသိ (Knowledge)၊ သင်ခန်းစာ(lesson) တွေကို ကလေးတွေရဲ့ ဦးနှောက်ထဲ မချိမဆံ့ ထည့်သွင်းဖို့မဟုတ်၊ ကိုယ်တိုင်လိုချင်စိတ်နဲ့ သင်ယူကြမှ ဖြစ်တယ်။ ပတ်ဝန်းကျင်က စိတ်ဝင်စားစရာတွေနဲ့ အံ့ဖွယ်တွေကို သိလိုစိတ်၊ စူးစမ်းလိုစိတ်၊ ပြဿနာအခက်အခဲတွေကို ကိုယ်တိုင်ဖြေရှင်းလိုစိတ်၊ ပညာလိုချင်တဲ့စိတ်ရှိအောင် ဖန်တီးပေးရမယ်။ အဲဒီတော့ ဆရာ ဆရာမတွေရဲ့ တာဝန်ဟာမသေးပါဘူး။ ကိုယ်တာဝန်ထမ်းဆောင်ရတဲ့ဒေသဟာ ငယ်ချင်ငယ်မယ်။ လူရှိတဲ့နေရာတိုင်းဟာ အရေးကြီးတာကို ပညာရေးက ပိုနားလည်ရပါလိမ့်မယ်။ လူရှိရင် ပညာရေးအလုပ်ရှိတာပါပဲ။ ကျောင်းဆိုတဲ့ အဓိပ္ပာယ်ဟာ ပြဋ္ဌာန်းစာအုပ်ထဲကစာကို သင်ပြီးတော့ အမှတ်ကောင်းကောင်းနဲ့ ကျောင်းက အောင်သွားဖို့မဟုတ်၊ တက္ကသိုလ်သို့ တက်ဖို့ချည်းမဟုတ်၊ မြန်မာတို့အတွက် အထူးလိုအပ်နေတဲ့ နယ်ပယ်တွေမှာ တာဝန်ထမ်းဆောင်မယ့် လူ့စွမ်းအားဖြစ်ဖို့ အားထုတ်ကြရပါမယ်။

ပညာရေးပြက္ခဒိန်မှာ မေနဲ့ ဇွန်လအတွင်း ကျောင်းအပ်နှံရေးသီတင်းပတ်၊ ဇူလိုင်လမှာ ကျောင်းနဲ့ ဝန်းကျင်စိမ်းလန်းစိုပြည်ရေး၊ ဩဂုတ်လမှာ ကျောင်းကျန်းမာရေး သီတင်းပတ်ရယ်လို့ ပညာရေးအစီအစဉ်တွေရေးဆွဲပြီး ဆရာ၊ ကျောင်းသားအပေါင်းဟာ တက်ကြွစွာလုပ်ဆောင်ကြခြင်းဖြင့် မြို့ရွာရဲ့ကျောင်းဟာ ဥပစာဖြစ်လာပါတော့တယ်။ စာသင်ကျောင်းတွေက အစပြုလိုက်တဲ့ လောကနီတိကျင့်ဝတ်တွေကသာ တစ်ဦးနဲ့တစ်ဦး တန်ဖိုးထားလေးစားမှု၊ နားလည်ပေးမှု၊ ရိုးသားဖြူစင်မှု၊ အမျိုးချစ်စိတ်၊ နိုင်ငံချစ်စိတ်ရှိတဲ့ နိုင်ငံသားကောင်းတွေကို မွေးထုတ်ပေးရာ ရောက်ပါတယ်။

### လေးစားခြင်းဆိုရာမှာ…

လေးစားခြင်း (Respect) ဆိုရာမှာ မိမိ၊ အခြားသူများ၊ သဘာဝပတ်ဝန်းကျင်နဲ့ လူ့အသိုင်းအဝိုင်းတို့ကို ဆိုလိုပါတယ်။

၁။ မိမိကိုယ်ကိုလေးစားခြင်းဆိုတာက–
- မကြာခဏ ကိုယ်စိတ်လေ့ကျင့်ခန်းလုပ်ရမယ်။
- ဒေါသကို ထိန်းနိုင်ရမယ်။
- အန္တရာယ်ဖြစ်နိုင်ခြေ ရှိသည်တို့ကို လျှော့ချနိုင်ရမယ်။
- အမှားမှသင်ခန်းစာယူသင်ယူရမယ်။
- အပေါင်းလက္ခဏာ အကောင်းမြင်ဝါဒ ရှိရမယ်။
- စည်းကမ်းဥပဒေကို လေးစားလိုက်နာရပါမယ်။
- ရိုးသားရပါမယ်။

၂။ အခြားသူကိုလေးစားရမယ်ဆိုတာက–
- ကိုယ်နှုတ် ယဉ်ကျေးသိမ်မွေ့ရမယ်။
- အကူအညီပေးနိုင်သမျှ ပေးရမယ်။
- အများအကျိုးသယ်ပိုးကြရမယ်။
- မျှဝေတတ်ရမယ်။
- လိုအပ်သူတို့ကို ကူညီထောက်ပံ့ရတယ်။
- ချီးမွမ်းထောမနာပြုရမယ်။ သည်းခံနိုင်စွမ်းရှိရမယ်။

၃။ သဘာဝပတ်ဝန်းကျင်ကို လေးစားခြင်းဆိုတာက–
- မိမိရဲ့ အိမ်ရာအဝန်းအဝိုင်းမှာ သန့်ရှင်းမှုရှိစေရမယ်။

စာမျက်နှာ ၇ သို့ ☆

## သန်းခေါင်စာရင်း အကောက်မခံရသေးသော ပြည်သူများအား ပြန်လည်ကောက်ခံပေးသွားမည်

- ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကို ၂၀၂၄ ခုနှစ် အောက်တိုဘာလ (၁) ရက်နေ့မှ (၁၅) ရက်နေ့အထိ ကောက်ယူခဲ့ပါသည်။
- အကြောင်းအမျိုးမျိုးကြောင့် သန်းခေါင်စာရင်း အကောက်မခံရသေးသော ပြည်သူများအနေဖြင့် သန်းခေါင်စာရင်း ပြန်လည်ကောက်ခံနိုင်ရေးအတွက် သက်ဆိုင်ရာရပ်ကွက်/ကျေးရွာအုပ်စု သန်းခေါင်စာရင်းကော်မတီနှင့် မြို့နယ်သန်းခေါင်စာရင်းကော်မတီထံသို့ ဆက်သွယ်နိုင်ပါကြောင်းနှင့် ဆက်သွယ်လာသည့် ပြည်သူများအား ပြန်လည်စာရင်းကောက်ယူပေးသွားမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။
- ဖုန်းနံပါတ် – ၀၆၇ – ၄၃၁၀၆၂၊ ၀၆၇ – ၄၃၁၃၅၉၊ ၀၆၇ – ၄၃၁၀၆၇၊ ၀၆၇ – ၄၃၁၃၃၉

သို့လည်း ဆက်သွယ်မေးမြန်းအကြောင်းကြားနိုင်ပါသည်။ (ဗဟိုသန်းခေါင်စာရင်းကော်မရှင်)

## သန်းခေါင်စာရင်းကောက်ယူခြင်းလုပ်ငန်းများ ထိရောက်မှန်ကန်မြန်ဆန်စွာဆောင်ရွက်နိုင်ရေး ရှင်းလင်းဆွေးနွေး



နေပြည်တော် အောက်တိုဘာ ၂၂

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင်သည် လူမျိုးပေါင်းစုံ/ ဘာသာပေါင်းစုံ ကိုယ်စားလှယ်များအား ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ အဆိုပါဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ တွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် ပြည်ထောင်စုဝန်ကြီးက နိုင်ငံသားဆိုင်ရာ မည်သည့်ကတ်ပြားမျှ ရရှိကိုင်ဆောင်ထားခြင်းမရှိသူများအနေဖြင့် နိုင်ငံသားစိစစ်ခံရမည့်သူ၏ သက်သေခံ ကတ်ပြား(NV Card)ကို ကိုင်ဆောင်ကြရန်နှင့် နိုင်ငံသားဖြစ်မှုအတွက် လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်လျှောက်ထားကြရန် လိုအပ်ပါကြောင်း၊ ယခုအခါ နိုင်ငံတစ်ဝန်း ပန်းခင်းစီမံချက်များဖြင့် အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားကတ်ပြား ထုတ်ပေးခြင်းလုပ်ငန်းနှင့် သန်းခေါင်စာရင်းကောက်ယူခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပါကြောင်း။

ယင်းလုပ်ငန်းများသည် အထွေထွေရွေးကောက်ပွဲ ကျင်းပရာ၌ မဲပေးပိုင်ခွင့်ရှိသူ နိုင်ငံသားတိုင်း ကိုင်ဆောင်ကတ်ပြားတစ်မျိုးမျိုး ကိုင်ဆောင်မဲပေးနိုင်ရေးနှင့် မဲဆန္ဒရှင်စာရင်း တိကျမှန်ကန်စွာ ပြုစုနိုင်ရေးတို့အတွက် ဆောင်ရွက်နေခြင်းဖြစ်ပါကြောင်း၊ ယခုအခါ e-IDစနစ်ကိုအကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် လူတစ်ဦးချင်းစီ၏ Biographic/ Biometric ကောက်ယူကာ Unique ID နံပါတ်ထုတ်ပေးခြင်းလုပ်ငန်းကိုလည်း ဆောင်ရွက်လျက်ရှိပါကြောင်း။

ယခု တက်ရောက်လာကြသူများအနေဖြင့် မိမိ သော်လည်းကောင်း၊ မိမိပတ်ဝန်းကျင်နှင့် အဖွဲ့အစည်းများတွင်သော်လည်းကောင်း သန်းခေါင်စာရင်း ကောက်ယူရန် ကျန်ရှိနေသူများ၊ Unique ID နံပါတ်ရရှိခြင်း မရှိသေးသူများအား မိမိတို့ဌာနဝန်ထမ်းများနှင့် ဆက်သွယ်ဆောင်ရွက်နိုင်ရေး အသိပေးတိုက်တွန်း နှိုးဆော်ပေးစေလိုပါကြောင်း ပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသည့် လူမျိုးပေါင်းစုံ/ ဘာသာပေါင်းစုံ ကိုယ်စားလှယ်များက သက်ဆိုင်ရာအဖွဲ့ မိသားစုဝင်များအတွက် နိုင်ငံသားဆိုင်ရာ ကိုင်ဆောင်ကတ်ပြားရရှိရေးအတွက် တင်ပြလျှောက်ထားမှုများ၊ ကိုယ်ရေးဆိုင်ရာ အထောက်အထား စာရွက်စာတမ်းများတင်ပြရာတွင် တွေ့ကြုံရသည့်အခက်အခဲများနှင့် ဖြေလျှော့ပေးနိုင်ရေး၊ **ယာယီနေရပ်စွန့်ခွာ**နေကြသည့် ပြည်သူများအတွက် အိမ်ထောင်စု လူဦးရေစာရင်းနှင့် နိုင်ငံသားကတ်ပြားများ စိစစ်ထုတ်ပေးဆောင်ရွက်နိုင်ရေး၊ သန်းခေါင်စာရင်းကောက်ယူရေးနှင့် Unique ID နံပါတ်ရရှိရန် အသိပေးဆောင်ရွက်သွားရေးနှင့် စပ်လျဉ်း၍ ဆွေးနွေးတင်ပြကြသည်။

ဆွေးနွေးတင်ပြမှုများအပေါ် ဒုတိယဝန်ကြီး ဦးဌေးလှိုင်နှင့် ဒေါက်တာမျိုးသန့်၊ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များက လုပ်ငန်းကဏ္ဍအလိုက် ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ တင်ပြဆောင်ရွက်နိုင်ရေးနှင့် ကြန့်ကြာမှုမရှိစေရေး ဆောင်ရွက်ပေးနိုင်မည့်အခြေအနေကို ပြန်လည်ရှင်းလင်းဖြေကြားကြပြီး ပြည်ထောင်စုဝန်ကြီးက လုပ်ငန်းများ အဆင်ပြေမြန်ဆန်ချောမွေ့စွာ ဆောင်ရွက်နိုင်ရေးအတွက် ပံ့ပိုးကူညီ ဆောင်ရွက်ပေးနိုင်ရေးနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



## နေပြည်တော်အတွင်း အုပ်ချုပ်ရေး၊ စီးပွားရေး၊ လူမှုရေးကဏ္ဍများ ဖွံ့ဖြိုးတိုးတက်ရေး ဆွေးနွေး

**နေပြည်တော် အောက်တိုဘာ ၂၂**

ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်း အုပ်ချုပ်ရေး၊ စီးပွားရေး၊ လူမှုရေးကဏ္ဍများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဌာနဆိုင်ရာများနှင့် လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ကောင်စီရုံး အစည်းအဝေးခန်းမ(၁)၌ ကျင်းပသည်။

အစည်းအဝေးတွင်နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦးက နေပြည်တော်အတွင်း စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို စနစ်တကျဆောင်ရွက်ရေး၊ စားရေရိက္ခာဖူလုံရေးအတွက် စိုက်ကွက်များအလိုက် ပန်းတိုင်ရည်မှန်းချက်ပြည့်မီအောင်စိုက်ပျိုးရေး၊ သီးထပ်စွမ်းအား ရာနှုန်းပြည့်စိုက်ပျိုးနိုင်ရေးတို့ကိုအလေးထားဆောင်ရွက်စေလိုကြောင်း၊ ဒေသတွင်းစားသုံးဆီ ဖူလုံစေရေးအတွက် ဆီထွက်သီးနှံများ တိုးချဲ့စိုက်ပျိုးရေး၊ ချည်မျှင်ရှည်ဂွမ်း တိုးချဲ့စိုက်ပျိုးရေးတို့ကို ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း။

နေပြည်တော်အတွင်း အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်ရာတွင် အချက်အလက်များ မှန်ကန်စေရေး၊ ကဏ္ဍအလိုက် လုပ်ငန်းများ အချိန်မီပြီးစီးအောင် ဆောင်ရွက်နိုင်ရေးတို့ကို အလေးထား ဆောင်ရွက်စေလိုကြောင်း၊ နေပြည်တော်အတွင်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် အားလုံးက သက်ဆိုင်ရာ ကဏ္ဍများအလိုက် ဝိုင်းဝန်းပူးပေါင်း ကြိုးစားဆောင်ရွက်ကြရမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် နေပြည်တော်ကောင်စီ အတွင်းရေးမှူး ဦးညီညီမင်းက ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ရမည့် လုပ်ငန်းများကို ရှင်းလင်းတင်ပြပြီး နေပြည်တော်ကောင်စီဝင်များ၊ နေပြည်တော် စည်ပင်သာယာရေး ကော်မတီ ခေတ္တအမြဲတမ်းအတွင်းဝန်၊ နေပြည်တော်အဆင့် ဌာနဆိုင်ရာများ၊ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌများနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက သက်ဆိုင်ရာ ကဏ္ဍအလိုက် ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦးက တင်ပြချက်များနှင့် စပ်လျဉ်း၍ လိုအပ်သည်များကို ပေါင်းစပ်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

☆ စာမျက်နှာ ၆ မှ

- တစ်ကျော့ပြန်သုံး၊ ပြန်သုံး လျှော့သုံး ပြုလုပ်နိုင်ရမယ်။
- လျှပ်စစ်နဲ့ ရေကိုချွေတာသုံးစွဲရမယ်။
- ရုက္ခသတ္တ လောကကို ညှဉ်းဆဲမှုမပြုစောင့်ရှောက်ရမယ်။

၄။ လူ့အသိုင်းအဝိုင်းကို လေးစားရမယ်ဆိုတာက–

- ကိုယ်နှုတ်အမူအရာကောင်းရပါမယ်။
- တာဝန်ရှိသူတို့ကို လေးစားရပါမယ်။
- အသင်းအဖွဲ့ပုံစံလုပ်ရမယ်။
- ကြင်နာမှုပြု၊ ကြင်နာမှု ပြုရမယ်။
- အသုံးတည့်၊ အကျိုးပြုသူဖြစ်ရပါမယ်။
- ကာကွယ်စောင့်ရှောက်သူဖြစ်ရပါမယ်။

ဒီအစီအစဉ်တွေ လုပ်ပေးနိုင်တာဟာလည်း ကျောင်းပဲ။ ကောင်းသော ကလေးသူငယ်တွေ မွေးထုတ်ပေးရင် နိုင်ငံဟာငြိမ်းချမ်းမယ်။ ဖွံ့ဖြိုးတိုးတက်တယ်။ ဘက်ပေါင်းစုံကြွယ်ဝတဲ့ အဆင့်အတန်းရှိတဲ့ ကလေးလူငယ်တွေဖြစ်အောင် ကြိုးစားပေးရမှာပါပဲ။ ဆရာ ဆရာမတွေ ပညာရေး တာဝန်ထမ်းဆောင်စဉ် ဆရာရဲ့ ဂုဏ်အင်္ဂါနဲ့နေပါ၊ ဆရာဟာ ဘယ်လိုတွေးခေါ်ရမယ်၊ မိမိရပ်တည်ချက်က ဘယ်မှာရှိတယ်၊ အနေအထိုင် အမူအရာ အပြောအဆိုကအစ ဆရာနဲ့ကိုက်ညီအောင် ဆရာတွေမှာရှိရမယ့် အရည်အချင်းတွေနဲ့ ကလေးတွေရဲ့ စိတ်ဓာတ်၊ စည်းကမ်း၊ ပညာကို ကောင်းသည်ထက်ကောင်းအောင် မြင့်သည်ထက်မြင့်အောင် ဆောင်ကြဉ်းပေးနိုင်ဖို့လိုပါတယ်။ သူတို့ကို အဲဒီလို မြှင့်တင်ပေးနိုင်ပြီဆိုရင် အနာဂတ်မြန်မာနိုင်ငံရဲ့ သွေးစည်းညီညွတ်မှု စည်းလုံးညီညွတ်မှု၊ ဖွံ့ဖြိုးတိုးတက်မှု၊ ကမ္ဘာနဲ့ရင်ပေါင်တန်းနိုင်မှု အားလုံးကို ရရှိသွားပါမယ်။

(ဆက်လက်ဖော်ပြပါမည်)


# ပြည်ထောင်စုဝန်ကြီး ဦးမြင့်နောင် လာအိုနိုင်ငံ ဝန်ကြီးချုပ်နှင့် တွေ့ဆုံဆွေးနွေး

## နှစ်နိုင်ငံ အလုပ်သမားဝန်ကြီးဌာနများအကြား နားလည်မှုစာချွန်လွှာနှင့် သဘောတူညီချက်များ လက်မှတ်ရေးထိုး

**နေပြည်တော် အောက်တိုဘာ ၂၂**

အလုပ်သမားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်နောင်သည် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် Mr. Sonexay Siphandone အား ယနေ့နံနက်ပိုင်းတွင် လာအိုနိုင်ငံ ဗီယင်ကျန်းမြို့ရှိ ဝန်ကြီးချုပ်ရုံး၌ တွေ့ဆုံ၍ နှစ်နိုင်ငံ အလုပ်သမားရေးရာ ကိစ္စရပ်များနှင့်ပတ်သက်ပြီး ဆွေးနွေးသည်။

ဆွေးနွေးပွဲသို့ အလုပ်သမားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့်အတူ လာအိုနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီးနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။



ပြည်ထောင်စုဝန်ကြီး ဦးမြင့်နောင် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် Mr. Sonexay Siphandone နှင့် တွေ့ဆုံဆွေးနွေးစဉ်။

တွေ့ဆုံစဉ် နှစ်နိုင်ငံ အလုပ်သမားဝန်ကြီးဌာနများအကြား အလုပ်သမားရေးရာ ပူးပေါင်းဆောင်ရွက်ခြင်းဆိုင်ရာ နားလည်မှုစာချွန်လွှာနှင့် သဘောတူညီချက်တို့အား လက်မှတ်ရေးထိုး၍ နှစ်နိုင်ငံ ကတိကဝတ်တို့ဖြင့် ပုံမှန်အလုပ်သမားများ ရွှေ့ပြောင်းသွားလာခြင်း ဆောင်ရွက်နိုင်ရေး၊ နှစ်နိုင်ငံ သက်ဆိုင်ရာ ဝန်ကြီးဌာနများနှင့် ပေါင်းစပ်ညှိနှိုင်း၍ နယ်စပ်ဖြတ်ကျော် အလုပ်သမားများ၏ အထောက်အထား ထုတ်ပေးနိုင်ရေး လုပ်ငန်းစဉ်များ ဆောင်ရွက်နိုင်ရေး၊ ဒေသတွင်း အလုပ်သမားရေးရာနှင့်ပတ်သက်သည့် စိန်ခေါ်မှုများကို အလေးထားပြီး ဆက်လက်ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် အဆိုပါ စိန်ခေါ်မှုများကို ဖြေရှင်းနိုင်ရန် နှစ်နိုင်ငံ ချစ်ကြည်ရင်းနှီးစွာ ဆက်လက်ပူးပေါင်းဆောင်ရွက်ရေးနှင့် နှစ်နိုင်ငံအကြား လုပ်သားရွှေ့ပြောင်းသွားလာမှုနှင့် ပတ်သက်၍ ရေရှည်တည်တံ့ခိုင်မြဲသည့် အထောက်အကူပြုစေမည့် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှု မြှင့်တင်နိုင်ရေးကိစ္စရပ်များကို ဆွေးနွေးကြသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများသည် ဗီယင်ကျန်းမြို့ရှိ Alpilao International Sole Limited စက်ရုံသို့ သွားရောက်၍ မြန်မာရွှေ့ပြောင်းအလုပ်သမားများနှင့် တွေ့ဆုံပြီး အလုပ်သမားများအနေဖြင့် ပြည်ပနိုင်ငံတွင် မိမိရရှိမည့် လုပ်ခလစာ၏ အနည်းဆုံး ၂၅ ရာခိုင်နှုန်းကို မိသားစုဝင်များထံသို့ တရားဝင်ဘဏ်စနစ်ဖြင့်ဖြစ်စေ၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ခွင့်ပြုထုတ်ပေးထားသည့် Remittance Business License (RBL) ရရှိသူများဖြင့်ဖြစ်စေ၊ ဘဏ်စနစ်ဖြင့်ချိတ်ဆက်ထားသော နိုင်ငံတကာ ငွေလွှဲဝန်ဆောင်မှုလုပ်ငန်းများဖြင့်ဖြစ်စေ တစ်လလျှင်တစ်ကြိမ် လုပ်ခလစာ၏ ၂၅ ရာခိုင်နှုန်း သို့မဟုတ် အများဆုံး သုံးလလျှင်တစ်ကြိမ် သုံးလစာ စုစုပေါင်း၏ အနည်းဆုံး ၂၅ ရာခိုင်နှုန်းကို မိသားစုဝင်များထံသို့ လွှဲပြောင်းပေးပို့ရမည်ဖြစ်ကြောင်း၊ တရားမဝင်နည်းလမ်းများမှ တစ်ဆင့် လွှဲပြောင်းပေးပို့လာသည့်အတွက် အလုပ်သမားများအနေဖြင့် ငွေကြေးလိမ်လည်ခံရမှုများ ကြုံတွေ့ရလျက်ရှိကြောင်း၊ အလုပ်သမားများရရှိမည့် အခြေခံလုပ်ခလစာ၏ ၂၅ ရာခိုင်နှုန်းကို ပြန်လည်လွှဲပြောင်းပေးပို့စေခြင်းသည် နိုင်ငံတော်သို့ လွှဲပြောင်းပေးပို့ရခြင်းမဟုတ်ဘဲ မြန်မာနိုင်ငံတွင် ကျန်ရှိသည့် မိသားစုဝင်များထံသို့သာ တရားဝင်လမ်းကြောင်းများမှတစ်ဆင့် လွှဲပြောင်းပေးပို့ခိုင်းခြင်းဖြစ်သည်ကို သိရှိနားလည်စေလိုကြောင်း ရှင်းလင်းပြောကြားပြီး စက်ရုံများမှ မြန်မာအလုပ်သမားများအတွက် သီတင်းကျွတ် အမှတ်တရလက်ဆောင်များ ပေးအပ်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**



# ဒုတိယဝန်ကြီး ဒေါက်တာအောင်ဇေယျ

## ရန်ကုန် ကွန်ပျူတာတက္ကသိုလ်၌ ကြည့်ရှုစစ်ဆေး

**နေပြည်တော် အောက်တိုဘာ ၂၂**

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအောင်ဇေယျသည် ယမန်နေ့မွန်းလွဲပိုင်းတွင် ရန်ကုန်ကွန်ပျူတာတက္ကသိုလ်သို့ ရောက်ရှိပြီး ဝန်ထမ်းများနှင့် ရင်းရင်းနှီးနှီး တွေ့ဆုံသည်။

တွေ့ဆုံစဉ် တက္ကသိုလ် Master Plan အတိုင်း ဆောင်ရွက်မှု၊ ပြည်တွင်းနှင့် နိုင်ငံတကာသုတေသန ပရောဂျက်ဆောင်ရွက်မှုဆိုင်ရာ တိုးတက်မှုအခြေအနေ တင်ပြချက်များအပေါ် ဒုတိယဝန်ကြီးက လိုအပ်သည်များ ဖြည့်စွက်မှာကြားကာ လိုအပ်မှုအခက်အခဲတင်ပြချက်များအပေါ် ဖြေရှင်းဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ယင်းနောက် ဒုတိယဝန်ကြီးက နိုင်ငံဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များ အောင်မြင်စေရေး တစ်တပ်တစ်အားအထောက်အကူပြုမည့် အရည်အသွေးစံမီ လူငယ် IT ပညာရှင်ကောင်းများကို မွေးထုတ်ပေးရန်၊ တိုးတက်ပြောင်းလဲမှု မြန်ဆန်နေသော Digital Transformation ဆိုင်ရာ IT နည်းပညာအရွေ့တို့နှင့်အတူ အမီလိုက်ပါနိုင်ရေး ကြိုးပမ်းဆောင်ရွက်သွားရန်၊ Smart Agriculture၊ Cyber Security၊ E-commerce နှင့် Industrial Engineering တို့တွင် AI(Artificial Intelligence)ကို လက်တွေ့ကျကျ အသုံးချနိုင်ရေး ဆက်စပ်ဌာနများနှင့် ပူးပေါင်းဆောင်ရွက်သွားရန်၊ ပြည်သူများကို အမှန်တကယ် အလုပ်အကျွေးပြုနိုင်သော စွမ်းရည်မြင့် နိုင်ငံ့ဝန်ထမ်းကောင်းများဖြစ်စေရေး အလေးထားကျင့်ကြံဆောင်ရွက်သွားရန် တိုက်တွန်းမှာကြားသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးသည် စမ်းသပ်ခန်းများတွင် IT သုတေသနပရောဂျက် ဆောင်ရွက်နေမှုများကို ကြည့်ရှုအားပေးကာ အားကစားခန်း၊ ကျောင်းသားအိပ်ဆောင်သစ်နှင့် တက္ကသိုလ် ဥပမိရုပ်တင့်တယ်ရေးနှင့် သန့်ရှင်းသာယာလှပရေးဆောင်ရွက်ထားရှိမှု အခြေအနေတို့ကို ကြည့်ရှုစစ်ဆေးကာ ပြည်သူ့အကျိုးသယ်ပိုးနိုင်မည့် ထူးချွန်ထက်မြက်ပြီး ဗလငါးတန်နှင့်ပြည့်စုံသော ကျောင်းသားလူငယ်များ ပျိုးထောင်ပေးနိုင်ရေးအတွက် ဝန်းကျင်ကောင်းများ ဖော်ဆောင်ပေးရန် မှာကြားခဲ့သည်။

**သတင်းစဉ်**

# ၂၀၂၄ ခုနှစ် ကမ္ဘာ့ရှေးဦးပြုစုခြင်းနေ့အထိမ်းအမှတ် ပြိုင်ပွဲများတွင်

## ဆုရရှိသူများအား ဂုဏ်ပြုဆုချီးမြှင့်ပွဲအခမ်းအနား ကျင်းပ

**ရန်ကုန် အောက်တိုဘာ ၂၂**

မြန်မာနိုင်ငံ ကြက်ခြေနီအသင်း ရန်ကုန်တိုင်းဒေသကြီး ကြက်ခြေနီကြီးကြပ်မှု ကော်မတီက ၂၀၂၄ ခုနှစ်ကမ္ဘာ့ရှေးဦးပြုစုခြင်း နေ့အထိမ်းအမှတ် ပြိုင်ပွဲများတွင် ဆုရရှိသူများအား ဂုဏ်ပြုဆုချီးမြှင့်ပွဲအခမ်းအနားကို ယနေ့ နံနက် ၉ နာရီတွင် ရန်ကုန်မြို့ တာမွေမြို့နယ်ရှိ SKY Star Hotel ၌ ကျင်းပသည်။

အခမ်းအနားတွင် ရန်ကုန်တိုင်းဒေသကြီး ကြက်ခြေနီကြီးကြပ်မှု ကော်မတီဥက္ကဋ္ဌ ဒေါက်တာဇော်ဌေးက ဂုဏ်ပြုအမှာစကား ပြောကြားပြီး ကြက်ခြေနီစွမ်းရည်ပြိုင်ပွဲလေးယောက်တွဲသဏ္ဌာန်တူ (ပထမ)၊ နှစ်ယောက်တွဲ(ကျား)တို့တွင် ဆုရရှိကြသူများအား တာဝန်ရှိသူများက ဆုများ ပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် အသင်းအတွက် ဆောင်ရွက်ပေးနိုင်မှု ဆု၊ ဘေးအန္တရာယ် အမျိုးမျိုးတွင် ကူညီဆောင်ရွက်ပေးနိုင်မှု ဆု၊ ရှေးဦးပြုစုပေးနိုင်မှုဆု၊ စာစီစာကုံးပြိုင်ပွဲဆု၊ နည်းပြဆု၊ ရှေးဦးသူနာပြု သင်တန်းထူးချွန်ဆု၊ စွမ်းစွမ်းတမံကူညီပေးနိုင်မှုဆု၊ တိုင်းဒေသကြီးဆု၊ ဂုဏ်ပြုမှတ်တမ်းဆုများကို ရန်ကုန်တိုင်းဒေသကြီး ကြက်ခြေနီကြီးကြပ်မှု ကော်မတီ ဒုတိယဥက္ကဋ္ဌ၊ ကော်မတီဝင်များ၊ တိုင်းပညာရေးမှူး၊ တိုင်းကြက်ခြေနီတပ်ဖွဲ့မှူးနှင့် တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်ကြသည်။

ယင်းနောက် ရန်ကုန်တိုင်းဒေသကြီး ကြက်ခြေနီကြီးကြပ်မှု ကော်မတီတွင် လိုအပ်နေသော အုပ်ချုပ်မှုယာဉ်တစ်စီးကို အလှူရှင် ရန်ကုန်မြို့ ရန်ကင်းမြို့နယ် မင်းရဲကျော်စွာလမ်း အမှတ်(၃၀) နေ ဦးရန်အောင်မျိုး (ဗဟိုကောင်စီဝင်၊ မြန်မာနိုင်ငံကြက်ခြေနီအသင်း)+ ဇနီးဒေါ်ဖြိုးလှမြင့် မိသားစုတို့က ပေးအပ်လှူဒါန်းရာ ရန်ကုန်တိုင်းဒေသကြီး ကြက်ခြေနီကြီးကြပ်မှုကော်မတီ ဥက္ကဋ္ဌ ဒေါက်တာဇော်ဌေးနှင့် ဒုတိယဥက္ကဋ္ဌ ဦးတင်မောင်တို့က လက်ခံရယူကြပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။ **သတင်းစဉ်**




**နိုင်ငံ့ဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုအား နှောင့်ယှက်ခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

# စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့၌ ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော် ကျင်းပ

**မုံရွာ အောက်တိုဘာ ၂၂**

ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော် အခမ်းအနားကို အောက်တိုဘာ ၂၁ ရက် မွန်းလွဲပိုင်းတွင် စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့ သူနာပြုနှင့် သားဖွားသင်တန်းကျောင်းဝင်းအတွင်း၌ ကျင်းပခဲ့သည်။

**ဖဲကြိုးဖြတ်ဖွင့်လှစ်**

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကျော်၊ တိုင်းဒေသကြီး လူမှုရေးရာဝန်ကြီး ဦးညွန့်ဝင်းအောင်၊ တိုင်းဒေသကြီး လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးခင်မောင်အေး၊ ကလေးတပ်နယ်မှူးနှင့် ကလေးခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌတို့က ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်မုခ်ဦးကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။



ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်က ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်များကို ကျောင်းသားလူငယ်များ စာကြည့်တိုက်ကို အသုံးပြုတတ်စေရန်၊ စာပေဖတ်ရှုသည့် အလေ့အကျင့်ကောင်းများ ရရှိစေရန်နှင့် ဘက်စုံဖွံ့ဖြိုးပြီး ဗလငါးတန်နှင့် ပြည့်စုံသည့် လူတော်လူကောင်းများ ပေါ်ထွက်လာစေရန်ဆိုသည့် ရည်ရွယ်ချက်များဖြင့် ကျင်းပဆောင်ရွက်ပေးခြင်းဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်က ကလေးမြို့ အခြေခံပညာကျောင်းများရှိ ကျောင်းစာကြည့်တိုက် ကိုးတိုက်အတွက် တစ်ကျောင်းလျှင် ငွေကျပ်ငါးသိန်းနှုန်းဖြင့် စုစုပေါင်းငွေကျပ် ၄၅ သိန်းတန်ဖိုးရှိ သုတ/ ရသစာအုပ်များကို ကလေးမြို့ပေါ်ရှိ အခြေခံပညာကျောင်းအုပ်ကြီးများထံ ထောက်ပံ့ပေးအပ်ပြီး ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော် အထိမ်းအမှတ် အထက်တန်း/ အလယ်တန်းအဆင့် ကျပန်းစကားပြောပြိုင်ပွဲနှင့် ပုံပြောပြိုင်ပွဲများတွင် ပထမဆုရရှိကြသော ကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုချီးမြှင့်ငွေနှင့် ဂုဏ်ပြုဆုလက်မှတ်များ ပေးအပ်ချီးမြှင့်သည်။

ထို့နောက် တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်များ၊ ကလေးတပ်နယ်မှ အရာရှိကြီးများနှင့် တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာများက ကျပန်းစကားပြောပြိုင်ပွဲ၊ စာစီစာကုံးပြိုင်ပွဲ၊ ဉာဏ်စမ်းပဟေဠိပြိုင်ပွဲ၊ ပန်းချီပြိုင်ပွဲ၊ ဆေးရောင်ခြယ်ပြိုင်ပွဲ၊ စကားပုံဆက်ပြိုင်ပွဲ၊ ပုံပြောပြိုင်ပွဲနှင့် ကဗျာရွတ်ပြိုင်ပွဲများတွင် ပထမ၊ ဒုတိယ၊ တတိယဆု ရရှိကြသူများအား ဂုဏ်ပြုချီးမြှင့်ငွေနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ခဲ့ကြသည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် ကျောင်းသား ကျောင်းသူများ အသိပညာ ဗဟုသုတများ ရရှိစေရန်အတွက် အဆိုပါကျောင်းဝင်းအတွင်း ခင်းကျင်းပြသထားသည့် လူမှုဝန်ထမ်းဦးစီးဌာနပြခန်း၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနပြခန်း၊ မီးသတ်ဦးစီးဌာနပြခန်း၊ ဘေးအန္တရာယ်စီမံခန့်ခွဲမှုဦးစီးဌာနပြခန်း၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနပြခန်း၊ ယာဉ်ထိန်းရဲတပ်ဖွဲ့ပြခန်းနှင့် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့ပြခန်းများကို တာဝန်ရှိသူများနှင့်အတူ လိုက်လံကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**



# ပူတာအိုမြို့၌ နယ်လှည့်စာကြည့်တိုက်၊ ဟောပြောပွဲ၊ နံရံကပ်စာစောင်နှင့် ဓာတ်ပုံပြပွဲများ ဆောင်ရွက်

**ပူတာအို အောက်တိုဘာ ၂၂**

ကချင်ပြည်နယ် ပူတာအိုမြို့၌ နယ်လှည့်စာကြည့်တိုက်၊ ဟောပြောပွဲ၊ နံရံကပ်စာစောင်ပြသခြင်းနှင့် ဓာတ်ပုံပြပွဲများ ကွင်းဆင်းဆောင်ရွက်ခြင်းကို ယနေ့နံနက် ၁၀ နာရီက အထက(ပူတာအို)ကျောင်း အောင်ဆန်းခန်းမ၌ ကျင်းပသည်။

ဦးစွာ ဟောပြောပွဲတွင် ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်တင်တင်ချိုက နယ်လှည့်စာကြည့်တိုက်ကွင်းဆင်းဆောင်ရွက်ရခြင်း၏ ရည်ရွယ်ချက်များနှင့် စာဖတ်ခြင်း၏ အကျိုးကျေးဇူးများကို အသိပညာပေးဟောပြောသည်။

ထို့နောက် ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဝန်ထမ်းများက ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများအား သုတရသစာအုပ် ၁၀၀ ငှားရမ်းပေးကာ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ မူးယစ်ဆေးဝါးတိုက်ဖျက်ရေး၊ ကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာ နံရံကပ်စာစောင်များ၊ အေးချမ်းသာယာပြည်မြန်မာ ရောင်စုံဓာတ်ပုံပြပွဲများ ခင်းကျင်းပြသလျက်ရှိရာ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများက ကြည့်ရှုလေ့လာကြကြောင်း သိရသည်။

**ဖုန်ကန်(ပူတာအို)**

# မိုင်းရှူးမြို့နယ်၌ လူငယ်ရေးရာအသိပညာပေးဟောပြောပွဲ ကျင်းပ

**မိုင်းရှူး အောက်တိုဘာ ၂၂**

ရှမ်းပြည်နယ် (တောင်ပိုင်း) မိုင်းရှူးမြို့နယ်၌ လူငယ်ရေးရာအသိပညာပေး ဟောပြောပွဲကို ယနေ့ နံနက် ၉ နာရီက နားစံကျေးရွာ အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)၌ ကျင်းပသည်။

**ပေးအပ်လှူဒါန်း**



ဦးစွာ ကျောင်းအုပ်ဆရာမကြီး ဒေါ်နန်းလှရင်က အဖွင့်အမှာစကားပြောကြားပြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ခင်လေးလေးယုက လူငယ်နှင့် စာဖတ်ခြင်း၊ အားကစားနှင့် ကာယပညာဦးစီးဌာန နည်းစနစ်မှူး ဦးကျော်ဝင်းက လူငယ်နှင့် အားကစား၊ လူငယ်နှင့် ကျန်းမာရေးအကြောင်း ဟောပြောသည်။ ထို့နောက် နည်းစနစ်မှူး ဦးကျော်ဝင်းက ကျောင်းအုပ်ဆရာမကြီး ဒေါ်နန်းလှရင်ထံ အားကစားပစ္စည်းများ ပေးအပ်လှူဒါန်းသည်။

ယင်းနောက် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ခင်းကျင်းပြသထားသည့် မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေး၊ ကျန်းမာရေး အသိပညာပေး၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းနှင့် လူကုန်ကူးမှုအန္တရာယ်တားဆီးကာကွယ်ရေး အသိပညာပေး နံရံကပ်စာစောင်နှင့် ဓာတ်ပုံပြပွဲကို ကျောင်းသား ကျောင်းသူများက လေ့လာကြည့်ရှုကြကြောင်း သိရသည်။

**သန်းလူ(ပြန်/ဆက်)**

# ဒေးဒရဲမြို့နယ်၌ ကဗျာရွတ်ဆိုပြိုင်ပွဲနှင့် ဉာဏ်စွမ်းရည်ပြိုင်ပွဲများ ကျင်းပ

**ဒေးဒရဲ အောက်တိုဘာ ၂၂**

ဧရာဝတီတိုင်းဒေသကြီး ဒေးဒရဲမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနခန်းမ၌ အခြေခံမူလတန်းအဆင့် ကဗျာရွတ်ဆိုပြိုင်ပွဲနှင့် ဉာဏ်စွမ်းရည်ပြိုင်ပွဲများကို ယနေ့နံနက် ၁၁ နာရီခွဲတွင် ကျင်းပသည်။




အခမ်းအနားတွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါ်အေးမြမွန်က ကျောင်းသား ကျောင်းသူများ စာပေလေ့လာဖတ်ရှုသည့် အလေ့အကျင့်ကောင်းများ ရရှိစေရေး၊ ကျောင်းသင်ခန်းစာအပြင် စာပေဗဟုသုတ ပြည့်စုံနိုင်စေရေးနှင့် နှုတ်မှုစွမ်းရည် တိုးတက်စေရေးတို့အတွက် ပြိုင်ပွဲများ ပြုလုပ်ရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားပြီး အခြေခံပညာမူလတန်းအဆင့် ကဗျာရွတ်ဆိုပြိုင်ပွဲနှင့် စာဖတ်စွမ်းရည်ပြိုင်ပွဲ၊ ဖတ်မှတ်စွမ်းရည်ပြိုင်ပွဲများကို ကျင်းပကာ ဆုရရှိသူများအား တာဝန်ရှိသူများက ဆုများပေးအပ်သည်။

ပြိုင်ပွဲအပြီးတွင် ကျောင်းသား ကျောင်းသူများက ခင်းကျင်းပြသထားသော သုတရသစာအုပ်စာစောင်များနှင့် အသိပညာပေး နံရံကပ်စာစောင်များကို လေ့လာဖတ်ရှုခဲ့ကြကြောင်း သိရသည်။

**အေဇာလင်း**

# ကန်ကြီးထောင့်မြို့နယ်၌ စာဖတ်ရှိန်မြှင့်တင်ရေး လူငယ်စကားဝိုင်းကျင်းပ

**ကန်ကြီးထောင့် အောက်တိုဘာ ၂၂**

ဧရာဝတီတိုင်းဒေသကြီး ကန်ကြီးထောင့်မြို့နယ်၌ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်းပြီး လူငယ်စကားဝိုင်းဆွေးနွေးပွဲကို ယနေ့နံနက် ၁၀ နာရီက ဝါးဒူးကျေးရွာအုပ်စု (အနောက်စုကြီး) အခြေခံပညာအထက်တန်းကျောင်းခွဲ၌ ကျင်းပသည်။

ဦးစွာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင်(၁) ဗိုလ်မှူးရဲနိုင်လွင်က အဖွင့်အမှာစကား ပြောကြားပြီး လက်ထောက်မြို့နယ်ပညာရေးမှူး ဦးရဲနိုင်က ကျောင်းသား ကျောင်းသူလူငယ်များ စာပေများ ပိုမိုဖတ်ရှုလေ့လာကြစေရေး ပြောကြားသည်။ ထို့နောက် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ဇင်မာဦးက ဆွေးနွေးပွဲကျင်းပရခြင်း ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။

ဆက်လက်ပြီး စကားဝိုင်းဆွေးနွေးပွဲတွင် လက်ထောက်မူလတန်းပြဆရာမ ဒေါ်ချိုဇင်က ဦးဆောင်ဆွေးနွေးသူအဖြစ် ဆောင်ရွက်ပြီး Grade-12၊ Grade-10၊ Grade-9၊ Grade-7 မှ ကျောင်းသား ကျောင်းသူများက လူငယ်နှင့် ဇာတိမာန်၊ လူငယ်နှင့် မိုဘိုင်းဖုန်းသုံးစွဲမှု၊ လူငယ်နှင့် ဖွဲ့လုံ့လ၊ ယဉ်ကျေးသိမ်မွေ့မြန်မာ့ဓလေ့စသည့် ခေါင်းစဉ်များဖြင့် ဆွေးနွေးကြရာ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ဇင်မာဦးက လိုအပ်သည်များကို ဖြည့်စွက်ဆွေးနွေးကြောင်း သိရသည်။




**ကျော်ဇင်စိုး(ပြန်/ဆက်)**

# စုပေါင်းအားဖြင့် သဘာဝဘေးဒဏ်ကြံ့ကြံ့ခံ ချက်ချင်းတုံ့ပြန် ထူထောင်ရန်

——— ခန့်ဇော် (ကျေးလက်) ———

**(ယမန်နေ့မှအဆက်)**

ဒါမှသာ သဘာဝဘေးဒဏ်ခံနိုင်ရည်ရှိတဲ့ အခြေခံအဆောက်အအုံတွေ ဖြစ်လာမှာပဲဖြစ်ပါတယ်။

ဒါကြောင့် ဆင်သေချောင်းကွင်းဆင်းတိုင်းတာစစ်ဆေးရေးအဖွဲ့ကို စက်တင်ဘာလ ၂၄ ရက်နေ့မှာ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ကွပ်ကဲမှုအောက်ရှိ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ကွပ်ကဲမှုအောက်ရှိ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနတို့ အပါအဝင် ဆက်စပ်ဦးစီးဌာန ရှစ်ခုမှ အဖွဲ့ဝင် ၁၁ ဦးဖြင့် ဖွဲ့စည်းခဲ့ပြီး ကွင်းဆင်းတိုင်းတာမှုများ ပြုလုပ်နေပြီဖြစ်ပါတယ်။ ကြိုတင်ကာကွယ်နိုင်ဖို့ အခုကစ ပြန်လည်ပြင်ဆင်နေတာဖြစ်ပါတယ်။

ကြိုတင်သိရှိခဲ့ရင် အန္တရာယ်ကို ခန့်မှန်းနိုင်မှာဖြစ်ပြီး လူ့အသက်တွေကို မသေဆုံးအောင် ကျေးရွာအဆင့်အထိ အိမ်တိုင်းသိအောင် အသိပေးနိုင်တဲ့စနစ်ရှိခဲ့ရင် တစ်ရက်ကြိုတင် ရွှေ့ပြောင်းနိုင်မယ် သို့မဟုတ် ဖြစ်နိုင်ခြေ ကြိုပြောထားနိုင်ခဲ့လျှင် ပြင်စရာရှိတာ ကြိုတင်ပြင်ဆင်ထားနိုင်တဲ့အတွက် ထိခိုက်မှု သက်သာနိုင်ပါတယ်။

ကျွန်တော်တစ်ဦးတည်းရဲ့ အမြင်အရတော့ ယခင်နှစ်ပေါင်းများစွာကတည်းက "မိုး" ကြီးလို့ "ရေ" ကြီးလို့ဆိုပြီး ဒီဒေသတွေမှာ ယခုလို အန္တရာယ်မဖြစ်ခဲ့ဖူးတော့ ရေကြီးနိုင်တဲ့ ချောင်းဘေးနေထိုင်သူတွေ၊ တောင်ပေါ်၊ တောင်ခြေနေထိုင်သူတွေ ဂရုစိုက်ကြဖို့နဲ့ အန္တရာယ်ရှိကြောင်း သတင်းမှာ ကြေညာတာကတော့ ပြည်သူတွေအနေနဲ့ ဂရုစိုက်မှာမဟုတ်ပါဘူး။ ရွာအရောက်၊ ရပ်ကွက်အရောက်၊ အိမ်တိုင်းစေ့ အားလုံးသိအောင် အန္တရာယ်ဖြစ်နိုင်ခြေတွေကို



လယ်ဝေးမြို့ ကွမ်းခြံကျေးရွာ ရွာအဝင်လမ်းပျက်စီးမှုအား ပြုပြင်ဆောင်ရွက်ပေးနေမှုကို တွေ့ရစဉ်။

လော်စပီကာနဲ့ ကြေညာပြီး ပြောင်းသင့်၊ ရွှေ့သင့်၊ ပြင်ဆင်သင့်တာ ပြင်ဆင်မှရမှာဖြစ်ပါတယ်။ ပြည်သူတွေကလည်း ကြုံဖူးမှယုံကြတာ၊ ပြောတာလောက်နဲ့တော့ လိုက်လုပ်ကြမှာမဟုတ်ပါဘူး။ "မိုးရွာတာကွာ ဘာများထူးခြားလို့လဲ"လို့ပဲ ပြောကြမှာဖြစ်ပါတယ်။

စက်တင်ဘာလ ၁၁ ရက်နေ့ ပျော်ဘွယ်မြို့ရဲ့ စံချိန်တင်မိုးရေချိန်ဟာ ၁၀.၅၆ လက်မဖြစ်ပြီး ရမည်းသင်းမြို့ရဲ့ စံချိန်တင်မိုးရေချိန်ဟာ ၁၁.၂၂ လက်မဖြစ်လို့ နှစ်ရက်အတွင်းမိုးရေချိန်က တစ်နှစ်လုံး မိုးရေချိန်ရဲ့ ၅၀ ရာခိုင်နှုန်းခန့်ဖြစ်နေတဲ့အတွက် မကြုံစဖူး ရေကြီးရေလျှံမှု ကြုံခဲ့ကြရတာပဲဖြစ်ပါတယ်။ ဒါအတွေ့အကြုံပါပဲ။ ဒီအတွေ့အကြုံကနေ သင်ခန်းစာယူပြီး ကြိုတင်ပြင်ဆင်သင့်တာ ပြင်ဆင်ကြရမှာပဲ ဖြစ်ပါတယ်။

**မုန်တိုင်းဘယ်ကစ**

နိုင်ငံရဲ့ဘယ်အရပ်မျက်နှာတွေကနေ မုန်တိုင်းဝင်တတ်သလဲ... ဘယ်လိုသက်ရောက်မှုတွေ ရှိတတ်သလဲ လေ့လာသုံးသပ်ကြရပါမယ်။ အဓိကအနေနဲ့ တောင်တရုတ်ပင်လယ်ကလာတဲ့ မုန်တိုင်းတွေကို ပြန်သုံးသပ်သင့်ပြီး ဆင့်ကဲမိုးရွာမှု၊ လာအို၊ ဗီယက်နမ်နဲ့ ထိုင်းနိုင်ငံမှာဖြစ်တဲ့ ရေကြီးမှု၊ အန္တရာယ်အဆင့် သုံးသပ်မှုတွေ၊ တာချီလိတ်နဲ့ ရှမ်းပြည်နယ်တို့မှာ ဖြစ်ပွားခဲ့တဲ့အခြေအနေတွေကို သုံးသပ်ပြီး ရမည်းသင်း၊ ပျော်ဘွယ်၊ နေပြည်တော်ဧရိယာအတွင်းဖြစ်နိုင်ခြေတွေကို ပြန်သုံးသပ်ကြရမယ်ထင်ပါတယ်။ မုန်တိုင်းဝင်ရာ လမ်းကြောင်းတွေကတော့ ကြိုသိရင် ကြိုတင်ပြင်ဆင်ကြပေမယ့် နောက်ဆက်တွဲ မိုးကြောင့်ဖြစ်တဲ့ ရေကြီးမှု၊ မြေပြိုမှုတွေမှာတော့ ပြည်သူတွေ ကြိုတင်ပြင်ဆင်မှုနည်းကြပါတယ်။



ရမည်းသင်းမြို့နှင့် တပ်ကုန်းမြို့တို့တွင် ရေသန့်စင်ကားဖြင့် ကျေးလက်နေပြည်သူများအား ရေဖြန့် ဝေပေးနေမှုကို တွေ့ရစဉ်။

**သုံးသပ်စဉ်းစားဆောင်ရွက်ရန်များ**

နေပြည်တော်ဆိုတာ ကုန်းတွင်းပိတ်ဧရိယာလိုဖြစ်နေပြီး ပေါင်းလောင်း၊ ဆင်သေ၊ ငလိုက်စတဲ့ အမြင့်ပိုင်းဒေသ ချောင်းတွေကလည်း မိုးတွင်းမှ/ဆည်ရေလွှတ်မှသာ ရေရှိတော့ ပေါင်းလောင်းချောင်းမှာ ရေများချိန် စက်လှေအနည်းငယ်သုံးလေ့ရှိတာတွေ့ရပေမယ့် ကျန်အချိန်သိပ်မသုံးကြပါဘူး။ ဒီတော့ သဘာဝဘေးကြောင့် ရေကြီးတဲ့အချိန်မှာ ကယ်ဆယ်ရေးလုပ်ဖို့ စက်လှေ ကန့်သတ်ချက်ရှိတာ တွေ့ရပါတယ်။ စက်လှေ တစ်စင်းက လူ ၁၀/၁၅ ယောက်ပဲ တင်နိုင်၊ ကယ်နိုင်တာဖြစ်လို့ အခေါက်ခေါက်အခါခါ သယ်ထုတ်ကြရ၊ စက်လှေတွေ ရန်ကုန်ကနေ လှမ်းမှာယူရတော့ ထပ်အချိန်ပေးရပြန်ပါတယ်။ ကုန်းခေါင်ခေါင်လည်း ရေကြီးနိုင်တဲ့အတွက် ကယ်ဆယ်ရေးလုပ်ဖို့ လှေတွေ အရန်သင့်ရှိနေဖို့ လိုအပ်တယ်ဆိုတာကို သတိပြုမိခဲ့ရပါတယ်။

တတ်နိုင်ရင်တော့ ဒုတိယဦးစားပေး အရန်သဘောအရ ကယ်ဆယ်ရေးလှေတွေ နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီးတွေမှာလည်း ထားရှိသင့်ကြောင်း သုံးသပ်တွေ့ရှိရပါတယ်။

ကယ်ဆယ်ရေးစခန်းတွေကိုကြည့်ရင် စာသင်ကျောင်းတွေ၊ ဘာသာရေးအဆောက်အအုံတွေဖြစ်တာ တွေ့ရပါတယ်။ ရွာတွေမှာ စာသင်ကျောင်း၊ ဘုန်းကြီးကျောင်းတွေ အခိုင်အမာဆောက်ထားရင် အရေးပေါ် ကယ်ဆယ်ရေးစခန်းအဖြစ် အသုံးဝင်တာတွေ့ရပါတယ်။ စက်တင်ဘာလ ၂၂ ရက်နေ့က လယ်ဝေးမြို့နယ် ကွမ်းခြံရွာကို ကွင်းဆင်းစစ်ဆေးချက်အရ လုပ်ငန်းရှင် ဦးကျော်ဆန်းရဲ့ သုံးထပ်တိုက်အိမ်မှာ Shelter သဘောမျိုး လူ ၁၆၀ ခန့် ရေဘေးကနေ ခိုလှုံနိုင်ခဲ့တာ သိခဲ့ရပါတယ်။ အခြေခံအဆောက်အအုံဖွံ့ဖြိုးမှုဟာ ဒီနေရာမှာလည်း များစွာအရေးပါလှပါတယ်။

စနစ်တကျ ဒီဇိုင်းရေးဆွဲပြီး သဘာဝဘေးဒဏ်ခံနိုင်အောင် ရင်းနှီးမြှုပ်နှံတည်ဆောက်ထားတဲ့ လမ်း၊ တံတားတွေက တာပေါင်/ ချဉ်းကပ်လမ်းတွေလောက်သာ ပျက်စီးမှုရှိတာ တွေ့ရသလို အခိုင်အခံ့ ဆောက်ထားတဲ့အိမ်ကြီး/ အိမ်ကောင်းတွေဟာလည်း ကြံ့ကြံ့ခံကျန်ရစ်တာ တွေ့ရပါတယ်။ ရန်ပုံငွေ အနည်းအကျဉ်းမျှနဲ့ သွားဖြစ်လာဖြစ်အောင် ဦးစားပေးတည်ဆောက်ထားတဲ့ လမ်း/ တံတားတွေ၊ ငွေကြေးမတတ်နိုင်လို့ တော်သင့်ရုံတည်ဆောက်ထားတဲ့အိမ်တွေ ရေစီးနဲ့ မျောပါပျက်စီးကြတာ တွေ့ရပါတယ်။ ပျက်စီးမှုတွေအနက် ရွှံ့နွံ့အထပ်ထပ်ဖုံးပြီး မြေပို့သွားတဲ့ လယ်မြေတွေကို နိုင်ငံတော်အစိုးရရဲ့ ဦးဆောင်မှုနဲ့ ပြန်လည်ပြင်ဆင်ပေးမှ အဆင်ပြေမယ်လို့ ယုံကြည်ပါတယ်။

**သဘာဝဘေးဒဏ်**
**တုံ့ပြန်နိုင်စွမ်းအားကောင်းရန်...**

ရရှိခဲ့တဲ့အတွေ့အကြုံအရသဘာဝဘေးဟူသည် မမျှော်မှန်းနိုင်တဲ့ကိစ္စရပ်တွေမှာ တစ်ခုအပါအဝင်ဖြစ်သည့်တိုင် ကြိုတင်စဉ်းစားထည့်သွင်းတွက်ချက်ရတဲ့ကိစ္စရပ်တစ်ခုလည်းဖြစ်ပြန်ပါတယ်။ ဒါကြောင့် သဘာဝဘေးဆိုင်ရာအသိပညာ၊ အကာအကွယ်၊ ကြိုတင်ပြင်ဆင် ထားရှိသင့်တာတွေကို ကျယ်ကျယ်ပြန့်ပြန့် အသိပညာပေးဆောင်ရွက်ကြဖို့ လိုအပ်သလို အခြေခံအဆောက်အအုံတွေ တည်ဆောက်ရာမှာ သဘာဝဘေးဒဏ်ခံနိုင်ရည်ရှိတဲ့ဒီဇိုင်း၊ အရည်အသွေးတွေနဲ့ တည်ဆောက်ကြဖို့၊ ကျေးရွာတွေမှာ သဘာဝဘေးဒဏ်ရှောင်ရှား ခိုလှုံနိုင်မယ့် Multipurpose ဘက်စုံသုံးခန်းမတွေ၊ Shelter တွေ တည်ဆောက်ထားရှိဖို့၊ သဘာဝဘေးဖြစ်ပေါ်ပါက ခုခံကျော်လွှားနိုင်မယ့် အစီအမံတွေ ကြိုတင်စီမံထားရှိဖို့ လိုအပ်မှာ ဖြစ်ပါတယ်။ အရာရာမှာ ငွေဟာ အဓိကကျတဲ့အခန်းကဏ္ဍက ပါဝင်တာဖြစ်တဲ့အတွက် ဒီလိုအစီအမံတွေ ဆောင်ရွက်ထားနိုင်ဖို့ လုံလောက်တဲ့ရန်ပုံငွေ၊ ဘဏ္ဍာငွေအရင်းအမြစ်တွေရှိဖို့ လိုအပ်သလို နည်းပညာပိုင်းကလည်း ဖြည့်ဆည်းနိုင်ဖို့ လိုအပ်ပါတယ်။ နိုင်ငံတော်အစိုးရတစ်ခုတည်းရဲ့ အင်အားနဲ့တင် အရာအားလုံး လွှမ်းခြုံနိုင်ဖို့ရာ တကယ်တမ်းမှာ မလွယ်ကူလှပါဘူး။ သက်ဆိုင်သူအားလုံး ပူးပေါင်းပါဝင် ဆောင်ရွက်ကြဖို့ လိုအပ်ပါတယ်။ သို့မှသာ သဘာဝဘေးဒဏ်ခံနိုင်ရည်ရှိတဲ့၊ တုံ့ပြန်နိုင်စွမ်းအားကောင်းတဲ့လူ့အဖွဲ့အစည်းတစ်ရပ်ကို ထူထောင်နိုင်မှာဖြစ်ပြီး မြို့ပြရော ကျေးလက်ပါ ဘေးကင်းသာယာမည်ဖြစ်ပါကြောင်း အကြံပြုတင်ပြလိုက်ရပါတယ်။ ။

**ရည်ညွှန်းကိုးကားချက်**


- https://www.thehindu.com/news/international/typhoon-yagi-on-sept-07/article 68616717
- https:// www.straitstimes.com/ asia/vietnam-estimates-damages-of-331-billion-from-typhoon-yagi
- https://www.moi.gov.mm
- https://www.myawady.net.mm
- https://www.slobodenpecat.mk
- https://au.news.yahoo.com/super-typhoon-yagi-continues-deadly-185732757.html#
- https://edition.cnn/climate


**"ရရှိခဲ့တဲ့အတွေ့အကြုံအရ သဘာဝဘေးဟူသည် မမျှော်မှန်းနိုင်တဲ့ကိစ္စရပ်တွေမှာ တစ်ခုအပါအဝင်ဖြစ်သည့်တိုင် ကြိုတင်စဉ်းစား ထည့်သွင်းတွက်ချက်ရတဲ့ကိစ္စရပ် တစ်ခုလည်း ဖြစ်ပြန်ပါတယ်။ ဒါကြောင့် သဘာဝဘေးဆိုင်ရာအသိပညာ၊ အကာအကွယ်၊ ကြိုတင်ပြင်ဆင်ထားရှိသင့်တာတွေကို ကျယ်ကျယ်ပြန့်ပြန့် အသိပညာပေးဆောင်ရွက်ကြဖို့ လိုအပ်သလို အခြေခံအဆောက်အအုံတွေ တည်ဆောက်ရာမှာ သဘာဝဘေးဒဏ်ခံနိုင်ရည်ရှိတဲ့ဒီဇိုင်း၊ အရည်အသွေးတွေနဲ့ တည်ဆောက်ကြဖို့၊ ကျေးရွာတွေမှာ သဘာဝဘေးဒဏ်ရှောင်ရှားခိုလှုံနိုင်မယ့် Multipurpose ဘက်စုံသုံးခန်းမတွေ၊ Shelter တွေ တည်ဆောက်ထားရှိဖို့၊ သဘာဝဘေးဖြစ်ပေါ်ပါက ခုခံကျော်လွှားနိုင်မယ့် အစီအမံတွေ ကြိုတင်စီမံထားရှိဖို့ လိုအပ်မှာဖြစ်"**

# မွန်ပြည်နယ် ပင်လယ်ကမ်းရိုးတန်းသယံဇာတစီမံအုပ်ချုပ်လုပ်ကိုင်မှုကော်မတီ ပဉ္စမအကြိမ် အစည်းအဝေး ကျင်းပ

မော်လမြိုင် အောက်တိုဘာ ၂၂

မွန်ပြည်နယ် ပင်လယ်ကမ်းရိုးတန်းသယံဇာတ စီမံအုပ်ချုပ် လုပ်ကိုင်မှုကော်မတီ (ပဉ္စမအကြိမ်) အစည်းအဝေးကို ယနေ့ မွန်းလွဲပိုင်းက ပြည်နယ်အစိုးရအဖွဲ့ရုံး အောင်ဆန်းခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် မွန်ပြည်နယ် ပင်လယ်ကမ်းရိုးတန်းသယံဇာတ စီမံအုပ်ချုပ် လုပ်ကိုင်မှုကော်မတီ ဥက္ကဋ္ဌ ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်းက မွန်ပြည်နယ်အတွင်း ကမ်းရိုးတန်းတစ်လျှောက်လုံး၏ ဂေဟစနစ်များ ရေရှည်တည်တံ့အောင် ထိန်းသိမ်းနိုင်ရေး၊ ကမ်းရိုးတန်းသယံဇာတများကို စနစ်တကျ စီမံအုပ်ချုပ်နိုင်ရေး အထူးအလေးထား ဆောင်ရွက်လျက်ရှိပါကြောင်း၊ ကမ်းရိုးတန်းဒေသများတွင် သဘာဝဘေးအန္တရာယ်ခံစားရမှုများ လျော့နည်းသက်သာစေရန် ဒီရေတောများ၊ အရိပ်ရလေကာပင်များ စိုက်ပျိုးခြင်းနှင့် လိုအပ်သည့် ကြိုတင်ကာကွယ်မှုလုပ်ငန်းများကိုလည်း ဆောင်ရွက်ထားရမည်ဖြစ်သည့်အပြင် ပတ်ဝန်းကျင်ညစ်ညမ်းမှုမရှိစေရေးနှင့် ငါးသယံဇာတများဖွံ့ဖြိုးတိုးတက်စေရေးတို့ကိုလည်း ဆောင်ရွက်သွားကြရမည် ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် မွန်ပြည်နယ် ပင်လယ်ကမ်းရိုးတန်းသယံဇာတ စီမံအုပ်ချုပ် လုပ်ကိုင်မှုကော်မတီ အတွင်းရေးမှူးနှင့် ကော်မတီဝင်များက ပြည်နယ် ပင်လယ်ကမ်းရိုးတန်း သယံဇာတ စီမံအုပ်ချုပ် လုပ်ကိုင်မှု လုပ်ငန်းဆောင်ရွက်ချက်များနှင့် ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်များ၊ ကမ်းရိုးတန်းသယံဇာတများ ရေရှည်တည်တံ့စေရေး ကိစ္စရပ်များနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာ ကဏ္ဍအလိုက် ရှင်းလင်းတင်ပြကြသည်။



ရှင်းလင်းတင်ပြချက်များအပေါ် ပြည်နယ်ဝန်ကြီးများက ဖြည့်စွက်ဆွေးနွေးကြပြီး ပြည်နယ်ဝန်ကြီးချုပ်က လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ သက်နိုင်(မော်လမြိုင်)

# တောင်ငူမြို့ နယ်မြေခံသင်တန်းကျောင်းတွင် သင်တန်းတက်ရောက်နေသည့် ၂၀၂၃-၂၀၂၄ ပညာသင်နှစ်အတွက် တက္ကသိုလ်လေ့ကျင့်ရေးတပ်ဖွဲ့ဝင် ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများအား သွားရောက်တွေ့ဆုံအားပေး

နေပြည်တော် အောက်တိုဘာ ၂၂

ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့ရှိ နယ်မြေခံသင်တန်းကျောင်းတွင် ဖွင့်လှစ်သင်ကြားပေးလျက်ရှိသည့် ၂၀၂၃-၂၀၂၄ ပညာသင်နှစ်အတွက် တက္ကသိုလ်လေ့ကျင့်ရေးတပ်ဖွဲ့ဝင် ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ မိုးရာသီစခန်းချ လေ့ကျင့်ရေး ဆောင်ရွက်နေမှု အခြေအနေကို ယနေ့နံနက်ပိုင်းတွင် ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်း၊ တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကြည်သိုက်၊ ပြည်သူ့စစ်နှင့် နယ်ခြားတပ်များ ညွှန်ကြားရေးမှူးရုံး ညွှန်ကြားရေးမှူးနှင့် တာဝန်ရှိသူများက




သွားရောက်တွေ့ဆုံအားပေးသည်။

ထို့နောက် တက္ကသိုလ်လေ့ကျင့်ရေးတပ်ဖွဲ့ဝင် ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများနှင့်အတူ နေ့လယ်စာကို အတူတကွ သုံးဆောင်ကြပြီး သင်တန်းသားများအား အားပေးစကားပြောကြားကာ ဂုဏ်ပြုချီးမြှင့်ငွေနှင့် စားသောက်ဖွယ်ရာများ ပေးအပ်၍ ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ခဲ့ကြောင်း သိရသည်။ သတင်းစဉ်

# မြန်မာ-ထိုင်း နှစ်နိုင်ငံ နယ်နိမိတ်ကျူးကျော်မှု အသိပညာပေး ဟောပြောပွဲ ကျင်းပ

တာချီလိတ် အောက်တိုဘာ ၂၂

ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့၌ မြန်မာ-ထိုင်းနှစ်နိုင်ငံ နယ်နိမိတ်ကျူးကျော်မှု အသိပညာပေးဟောပြောပွဲကို အောက်တိုဘာ ၂၂ ရက် နံနက် ၁၀ နာရီက မကာဟိုခမ်းရပ်ကွက် အောင်မြတ်ခန်းမ၌ ကျင်းပသည်။

ဟောပြောပွဲတွင် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမင်းကိုနှင့် နယ်မြေခံတပ်နယ်မှ ခေတ္တဗျူဟာမှူး ဒုတိယဗိုလ်မှူးကြီး သန့်လှိုင်ဝင်းတို့က အမှာစကားပြောကြားသည်။ ထို့နောက် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးတင်ဦးကျော်က မယ်ဆိုင်-မယ်ဟောင်ချောင်းတစ်လျှောက် မြန်မာနိုင်ငံဘက်မှ ထိုင်းနိုင်ငံ နယ်နိမိတ်အတွင်း ကျရောက်နေသည့် အဆောက်အအုံများ၊ မြန်မာ-ထိုင်းနယ်ခြားကော်မတီမှ ဦးဘိုလေးက နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်နေမှုအခြေအနေများ၊ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးနိုင်လင်းစိုးက ရေအရင်းအမြစ်နှင့် မြစ်ချောင်းများထိန်းသိမ်းရေး ဥပဒေ၊ မြို့နယ်စည်ပင်သာယာရေးဌာန အင်ဂျင်နီယာမှူး ဦးရဲထွန်းက စည်ပင်သာယာရေးဌာနမှ ထုတ်ပြန်ထားသည့် By Law များ၊ ခရိုင်မြေစာရင်းဦးစီးမှူး ဦးကြည်ရွှေက မြန်မာ-ထိုင်း နှစ်နိုင်ငံနယ်နိမိတ် သတ်မှတ်ထားရှိမှုအခြေအနေများကို ရှင်းလင်းဆွေးနွေးပြောကြားကာ ဟောပြောပွဲ တက်ရောက်လာကြသူများ၏ မေးမြန်းဆွေးနွေးချက်များကို တာဝန်ရှိသူများက ပြန်လည်ဖြေကြားသည်။

အဆိုပါ ဟောပြောပွဲသို့ ခရိုင်/မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့မိမြို့ဖများ၊ ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့် မယ်ခေါင်၊ ဆန်ဆိုင်း(က)၊ တာလေ့၊ ရန်အောင်မြေ ရပ်ကွက်နှင့် လွယ်တော်ခမ်းကျေးရွာအုပ်စုမှ ဒေသခံပြည်သူများ တက်ရောက်ခဲ့ကြောင်းနှင့် မယ်ဆိုင်-မယ်ဟောင်ချောင်းတစ်လျှောက် မြန်မာနိုင်ငံဘက်မှ ထိုင်းနိုင်ငံနယ်နိမိတ်အတွင်း ကျရောက်နေသည့် အဆောက်အအုံ ၃၃ လုံး၊ ထိုင်းနိုင်ငံဘက်မှ မြန်မာနိုင်ငံနယ်နိမိတ်အတွင်း ကျရောက်နေသည့် အဆောက်အအုံ ၄၅ လုံးရှိကြောင်း သိရသည်။

သန်းဇော်(ပြန်/ဆက်)



# ချမ်းအေးသာစံမြို့နယ် အခြေခံပညာအဆင့် ကျောင်းသား ကျောင်းသူများ အင်္ဂလိပ်စာစွမ်းရည်နှင့် သင်္ချာစွမ်းရည်ပြိုင်ပွဲ ကျင်းပ



ချမ်းအေးသာစံ အောက်တိုဘာ ၂၂

မန္တလေးတိုင်းဒေသကြီး ချမ်းအေးသာစံမြို့နယ် မြို့နယ်ပညာရေးမှူးရုံး၏ စီစဉ်ဆောင်ရွက်မှုဖြင့် အခြေခံပညာအဆင့် ကျောင်းသားကျောင်းသူများ အင်္ဂလိပ်စာစွမ်းရည်နှင့် သင်္ချာစွမ်းရည် မြို့နယ်အဆင့်ပြိုင်ပွဲကို အောက်တိုဘာ ၂၂ ရက် နံနက် ၉ နာရီက အထက(၁၄)နှင့် အထက(၂၂)တို့၌ ကျင်းပသည်။

မြို့နယ်အဆင့် အင်္ဂလိပ်စာစွမ်းရည်ပြိုင်ပွဲကို အထက(၁၄)၌ ကျင်းပရာ Grade-5 တွင် ၄၃ ဦး၊ Grade-6 တွင် ၃၇ ဦး၊ Grade-7 တွင် ၃၅ ဦး၊ Grade-8 တွင် ၃၃ ဦးနှင့် Grade-9 တွင် ၂၉ ဦး စုစုပေါင်း ၁၇၇ ဦး မြို့နယ်တွင်းရှိ အခြေခံပညာကျောင်းများနှင့် ကိုယ်ပိုင်ကျောင်းများမှ ကျောင်းသား ကျောင်းသူများ ပါဝင်ယှဉ်ပြိုင်ကြသည်။

မြို့နယ်အဆင့် သင်္ချာစွမ်းရည်ပြိုင်ပွဲကို အထက(၂၂)တွင် ကျင်းပရာ Grade-5 တွင် ၄၈ ဦး၊ Grade-6 တွင် ၃၇ ဦး၊ Grade-7 တွင် ၃၄ ဦး၊ Grade-8 တွင် ၃၂ ဦးနှင့် Grade-9 တွင် ၂၉ ဦး စုစုပေါင်း ၁၈၀ မြို့နယ်တွင်းရှိ အခြေခံပညာကျောင်းများနှင့် ကိုယ်ပိုင်ကျောင်းများမှ ကျောင်းသား ကျောင်းသူများ ပါဝင်ယှဉ်ပြိုင်ကြရာ ရေးဖြေစာမေးပွဲ အဆင့်နှစ်ဆင့်ဖြင့် အတန်းအားလုံးမှ မြို့နယ်အဆင့် ကျောင်းသားတစ်ဦး ကျောင်းသူတစ်ဦး ရွေးချယ်သွားမည်ဖြစ်သည်။

အဆိုပါ အခြေခံပညာ ကျောင်းသား ကျောင်းသူများ အင်္ဂလိပ်စာစွမ်းရည်ပြိုင်ပွဲနှင့် သင်္ချာစွမ်းရည်ပြိုင်ပွဲများကို ချမ်းအေးသာစံမြို့နယ် တာဝန်ခံမြို့နယ်ပညာရေးမှူး ဒေါ်ချောစုလွင်နှင့် တာဝန်ရှိသူများ၊ အထက(၂၂) ကျောင်းအုပ်ဆရာမကြီး ဒေါ်အေးအေးစိုးနှင့် တာဝန်ကျ ဆရာ ဆရာမများက ကြီးကြပ်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

## မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်

နေပြည်တော် အောက်တိုဘာ ၂၂

ရှမ်းပြည်နယ်(မြောက်ပိုင်း)နှင့် ကယားပြည်နယ်တို့တွင် နေရာကွက်ကျား၊ ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(အရှေ့ပိုင်း)တို့တွင် နေရာကျဲကျဲ၊ စစ်ကိုင်းတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်(တောင်ပိုင်း)တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်သည်။

မိုး/ဇလ

# မြို့နယ်အလိုက် သီးထပ်စွမ်းအားပြိုင်ပွဲ၊ သီးနှံစိုက်ပြိုင်ပွဲများကျင်းပ၍ ထူးချွန်ဆုများချီးမြှင့်မည်

**ဘားအံ အောက်တိုဘာ ၂၂**

ကရင်ပြည်နယ် စိုက်ပျိုးရေး၊ မွေးမြူရေး တိုးတက်မှု ကြီးကြပ်ရေးလုပ်ငန်းကော်မတီ၏ (၅/၂၀၂၅)ကြိမ်မြောက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို အောက်တိုဘာ ၂၂ ရက် နံနက် ၁၀ နာရီက ပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ(၂)၌ ကျင်းပသည်။

**တိုးမြှင့်ထုတ်လုပ်**

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦးက နိုင်ငံ့စီးပွားမြှင့်တင်ရေး၊ ပြည်နယ်စီးပွားမြှင့်တင်နိုင်ရေးအတွက် စိုက်ပျိုးမွေးမြူရေးထုတ်ကုန်များကို တိုးတက်ထုတ်လုပ်နိုင်ရန်လိုအပ်ပြီး ပြည်နယ်၏ အဓိက အသက်သွေးကြောဖြစ်သည့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ တိုးတက်လာအောင် အလေးထားဆောင်ရွက်ပေးကြရမည်ဖြစ်ကြောင်း၊ စိုက်ပျိုးမွေးမြူရေးထုတ်ကုန်များတွင် ရင်းနှီးမြှုပ်နှံကြရန်လိုပြီး မြို့နယ်အလိုက် သီးထပ်စွမ်းအားပြိုင်ပွဲ၊ သီးနှံစိုက်ပြိုင်ပွဲများ ကျင်းပ၍ ထူးချွန်ဆုများချီးမြှင့်ပေးသွားမည်ဖြစ်ကြောင်း၊ ပို့ကုန်တိုးမြှင့်တင်ပို့နိုင်ရေးနှင့် စိုက်ပျိုးမွေးမြူရေးထုတ်ကုန်များ တိုးမြှင့်ထုတ်လုပ်နိုင်ရေး ကိုယ်စွမ်းဉာဏ်စွမ်းရှိသမျှ ကြိုးစားကြစေလိုကြောင်း ပြောကြားသည်။




ထို့နောက် ပြည်နယ်စိုက်ပျိုးရေး၊ မွေးမြူရေး တိုးတက်မှု ကြီးကြပ်ရေးလုပ်ငန်းကော်မတီဝင် ပြည်နယ်အဆင့် ဌာနဆိုင်ရာများက ယခင်အပတ် (၄/၂၀၂၄)ကြိမ်မြောက် လုပ်ငန်းညှိနှိုင်းအစည်းအဝေး ဆုံးဖြတ်ချက်များအပေါ် လိုက်နာဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ရှင်းလင်းတင်ပြကြပြီး လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးမင်းသူကျော်က ပန်းတိုင်အထွက်နှုန်းထွက်ရှိမှသာ MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ပြီး လယ်ယာမြေများ ပလပ်ထားမှုမရှိစေရေး၊ ခွင့်ပြုချက်မရှိဘဲ အခြားနည်းသုံးစွဲမှုမရှိစေရေး၊ စံပြစိုက်ခင်းများ ထူထောင်နိုင်ရေး ရှင်းလင်းတင်ပြသည်။

ယင်းနောက် တက်ရောက်လာသည့် ပြည်နယ်အဆင့်ဌာနဆိုင်ရာများက လယ်ယာမြေဥပဒေအား တောင်သူများသိရှိစေရေး အသိပညာပေးဆောင်ရွက်ထားရှိမှု၊ ၂၀၂၄-၂၀၂၅ ခုနှစ်တွင် အဓိကသီးနှံ ၁၀ မျိုး စိုက်ပျိုးပြီးစီးမှု၊ မိုးစပါး စိုက်ပျိုးထုတ်လုပ်ရန် လျာထားမှု၊ ရေကြီးရေလျှံမှုကြောင့် သီးနှံများထိခိုက်ပျက်စီးမှု၊ ပြန်လည်စိုက်ပျိုးမှု၊ နွေစပါးနှင့်ဆောင်းသီးနှံ စိုက်ပျိုးထုတ်လုပ်မည့်အစီအစဉ်၊ မျိုးစေ့ထုတ်လုပ်ငန်းများဆောင်ရွက်ထားရှိမှု၊ နည်းပညာပေးစံပြကွက်များ မြို့နယ်အလိုက်ဆောင်ရွက်ထားရှိမှု၊ ဆောင်းနေကြာ စိုက်ပျိုးရန် မျိုးစေ့စုဆောင်းထားရှိမှု၊ ကုန်ထုတ်လမ်း၊ လယ်ယာသုံးစက်ကိရိယာနှင့် စက်သုံးဆီလိုအပ်ချက်များအပေါ် ဖြည့်ဆည်းဆောင်ရွက်ပေးထားမှုတို့ကို ဆွေးနွေးတင်ပြကြသည်။

ယင်းနောက် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌများက သက်ဆိုင်ရာခရိုင်များအလိုက် ဆန်စပါး၊ အသား၊ ငါး၊ နို့၊ ဥအမျိုးမျိုး၊ စားသုံးဆီနှင့် ဒေသဝမ်းစာဖူလုံမှုရာခိုင်နှုန်း၊ စံပြစိုက်ခင်း၊ စံပြမွေးမြူရေးခြံများ ထူထောင်ဆောင်ရွက်မည့် အစီအစဉ်၊ မွေးမြူရေးဇုန်အလိုက် မွေးမြူထားရှိမှု၊ အဓိကသီးနှံ ၁၀ မျိုးစိုက်ပျိုးရန်လျာထားမှုနှင့် စိုက်ပျိုးပြီးစီးမှုတို့ကို ဆွေးနွေးတင်ပြကြရာ တက်ရောက်လာသူများက ဝိုင်းဝန်းအကြံပြု ဆွေးနွေးတင်ပြကြသည်။

ထိုသို့ ဆွေးနွေးတင်ပြမှုများအပေါ် ပြည်နယ်ဝန်ကြီးချုပ်က ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**

# မကွေးမြို့နယ်၌ မြေပဲသီးနှံမျိုးဗီဇနှင့် ပတ်ဝန်းကျင်တို့၏ အပြန်အလှန်တုံ့ပြန်မှုကို လေ့လာခြင်း စမ်းသပ်ကွက်ဆောင်ရွက်

**မကွေး အောက်တိုဘာ ၂၂**

မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင့်လွင်သည် အဖွဲ့ဝင်ဝန်ကြီးများနှင့်အတူ ယနေ့နံနက်ပိုင်းက မကွေးမြို့နယ်၌ စိုက်ပျိုးရေးဦးစီးဌာနနှင့် စိုက်ပျိုးရေးသုတေသနဦးစီးဌာနတို့ ပူးပေါင်းဆောင်ရွက်သည့် မြေပဲသီးနှံမျိုးဗီဇနှင့် ပတ်ဝန်းကျင်တို့၏ အပြန်အလှန်တုံ့ပြန်မှုကို လေ့လာခြင်း စမ်းသပ်ကွက်ဆောင်ရွက်မှုကို ကြည့်ရှုစစ်ဆေးကာ ဒေသခံတောင်သူများနှင့် တွေ့ဆုံသည်။

**ကြည့်ရှုစစ်ဆေး**

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် မကွေးမြို့နယ် ဘုရားပြိုကျေးရွာ တောင်သူဒေါ်သန်းနွဲ့ မြေပဲစိုက်ကွင်းသို့ ရောက်ရှိပြီး စိုက်ကွင်းအတွင်း စိုက်ပျိုးရေးဦးစီးဌာနနှင့် စိုက်ပျိုးရေးသုတေသနဦးစီးဌာနတို့ပူးပေါင်းဆောင်ရွက်သည့် မြေပဲသီးနှံမျိုးဗီဇနှင့် ပတ်ဝန်းကျင်တို့၏ အပြန်အလှန်တုံ့ပြန်မှုကို လေ့လာခြင်းစမ်းသပ်ကွက် ဆောင်ရွက်မှုကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ယာယီရှင်းလင်းဆောင်တွင် ဒေသခံတောင်သူများနှင့်တွေ့ဆုံရာ စိုက်ပျိုးရေးဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူးနှင့် တာဝန်ရှိသူများက မြေပဲ၊ နှမ်း၊ နေကြာ၊ ဝါနှင့် ကြံသီးနှံများ၏ သက်တမ်းအလိုက် ရေသွင်းခြင်း၊ ပေါင်းနှိမ်နင်းခြင်းနှင့် မြေဩဇာကျွေးခြင်းဆောင်ရွက်သည့် လုပ်ငန်းစဉ်များနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြခဲ့သည်။ ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်က ဒေသနှင့်ကိုက်ညီသော မြေပဲသီးနှံများ တိုးချဲ့စိုက်ပျိုးရေး၊ ဆီထွက်သီးနှံ စိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားရေးတို့အတွက် ယခုနှစ် မိုးရာသီနှင့် မိုးနှောင်းရာသီတွင် တိုင်းဒေသကြီးအတွင်း ရောဝတီမြစ် အရှေ့ဘက်ခြမ်း(မကွေး၊ နတ်မောက်၊ တောင်တွင်းကြီး) သုံးနေရာနှင့် ရောဝတီမြစ်အနောက် ဘက်ခြမ်း(မင်းဘူး၊ ပွင့်ဖြူ၊ မင်းလှ) သုံးနေရာ စုစုပေါင်း ခြောက်နေရာတွင် မြေပဲသီးနှံမျိုးဗီဇနှင့် ပတ်ဝန်းကျင်တို့၏ အပြန်အလှန်တုံ့ပြန်မှုကို လေ့လာခြင်း စမ်းသပ်ကွက်များ ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း ပြောကြားပြီး ဒေသခံများ၏ စိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် တင်ပြချက်များအပေါ် လိုအပ်သည်များကို ဆက်စပ်ဌာနများနှင့် ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။



**မောင်ညီညာ**

# ပွင့်ဖြူမြို့နယ်၌ ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် ထောပတ်ပဲသီးနှံ ၇၇၃၂ ဧက စိုက်ပျိုးသွားမည်

**ပွင့်ဖြူ အောက်တိုဘာ ၂၂**

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်၌ လာမည့်ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် ဒေသတွင်းစားရေရိက္ခာ ဖူလုံပိုလျှံစေရန်နှင့် သီးနှံစိုက်ပျိုးစွမ်းအား တိုးတက်မြင့်မားစေရန် ရည်ရွယ်၍ ဆောင်းသီးနှံ ထောပတ်ပဲ ၇၇၃၂ ဧက လျာထား စိုက်ပျိုးသွားမည်ဖြစ်ကြောင်း ပွင့်ဖြူမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနရုံးမှ သိရသည်။

ပွင့်ဖြူမြို့နယ်အတွင်းရှိ ဒေသခံတောင်သူများသည် နှစ်စဉ် ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် သီးနှံဝင်ငွေ တိုးပွားစေရန်နှင့် စားရေရိက္ခာ ဖူလုံပိုလျှံစေရေးအတွက် ထောပတ်ပဲသီးနှံအား စီးပွားဖြစ် စိုက်ပျိုးလုပ်ကိုင်ကြပြီး ယခုလာမည့်ဆောင်းသီးနှံစိုက်ပျိုးရာသီတွင်လည်း ထောပတ်ပဲသီးနှံကို ၇၇၃၂ ဧက လျာထားစိုက်ပျိုးဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။



"တောင်သူတွေကိုဆောင်းသီးနှံစိုက်ပျိုးရေးလုပ်ငန်းနဲ့ ပတ်သက်ပြီး သတ်မှတ်စိုက်ဧကတွေ ပြည့်မီအောင် စိုက်ပျိုးကြဖို့၊ ပန်းတိုင်အထွက်နှုန်းရရှိအောင် ကြိုးပမ်းဆောင်ရွက်ကြဖို့နဲ့ မျိုးကောင်းမျိုးသန့်တွေ ရွေးချယ်စိုက်ပျိုးကြဖို့ တောင်သူအသိပညာပေးလုပ်ငန်းတွေကို ဆောင်ရွက်ထားပါတယ်။ အခုလက်ရှိမှာ တောင်သူတွေက ဆောင်းသီးနှံအချိန်မီ စိုက်ပျိုးနိုင်ဖို့အတွက် လယ်ယာမြေ ပြုပြင်ခြင်းလုပ်ငန်းတွေကို ဆောင်ရွက်နေပြီး ထောပတ်ပဲသီးနှံ စိုက်ပျိုးခြင်းကို နိုဝင်ဘာလဆန်းလောက်မှာ စတင်စိုက်ပျိုးသွားမှာ ဖြစ်ပါတယ်" ဟု ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မိုးမိုးဝေက ပြောသည်။

ပွင့်ဖြူမြို့နယ်၌ ယခုနှစ် ဆောင်းသီးနှံ စိုက်ပျိုးရာသီတွင် ဆောင်းသီးနှံအလိုက် လျာထားဧက ပြည့်မီအောင် စိုက်ပျိုးနိုင်ရန်နှင့် ပန်းတိုင်အထွက်နှုန်းများ ရရှိရေးအတွက် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက သက်ဆိုင်ရာဆက်စပ်ဌာနများနှင့် ပူးပေါင်းပြီး စိုက်ပျိုးရေး နည်းပညာများနှင့် ဒေသနှင့်ကိုက်ညီသော မျိုးကောင်းမျိုးသန့်များ ရွေးချယ်စိုက်ပျိုးနိုင်ရေး၊ စိုက်ပျိုးရေ လုံလောက်စွာရရှိရေး၊ သွင်းအားစုပစ္စည်းများ စနစ်တကျ သုံးစွဲတတ်စေရေး စသည့် တောင်သူပညာပေးလုပ်ငန်းများကို ကူညီဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**လှိုင်ဝင်းလေး (ပွင့်ဖြူမြေ)**

## အမုန်းစကားကို ဆန့်ကျင်ကြ၊ တားဆီးကြရမည်

လူမျိုး၊ ကိုးကွယ်ရာဘာသာ၊ ကျား/မ(သို့မဟုတ်) မည်သူမည်ဝါဖြစ်သည်ဆိုသည့် အကြောင်းအရာတို့အပေါ် အခြေပြု၍ လူပုဂ္ဂိုလ်တစ်ဦး(သို့မဟုတ်) လူအုပ်စုတစ်စုကို မျှတမှုမရှိစွာ ဝေဖန်သည့် (သို့မဟုတ်) မလိုမုန်းထားမှုကို ဖော်ပြသည့် ဆက်ဆံမှုတစ်မျိုးမျိုးကို ရည်ညွှန်းပြီး အကြမ်းဖက်ရန် လှုံ့ဆော်ခြင်းသည် အမုန်းစကားပင်ဖြစ်သည်။

အမုန်းစကားပြန့်ပွားခြင်းသည် လူ့အဖွဲ့အစည်းအတွင်း ခွဲခြားဆက်ဆံမှုနှင့် အကြမ်းဖက်မှုကို ဖြစ်ပေါ်စေပြီး ဂုဏ်သိက္ခာရှိစွာနေထိုင်ရန်နှင့် ငြိမ်းချမ်းပြီး ညီညွတ်သည့် လူ့အဖွဲ့အစည်းတည်ဆောက်ရန် မျှော်မှန်းချက်တို့ကို ထိခိုက်စေသည့်အပြင် အကျင့်စာရိတ္တကိုလည်း ထိပါးစေသည်။

သို့ဖြစ်၍ ပြည်သူများအနေဖြင့် အမုန်းစကားများကို ရှုတ်ချရန်နှင့် တားဆီးရန် စီမံဆောင်ရွက်ရမည်။ အမုန်းစကားဆန့်ကျင်သည့် လှုပ်ရှားမှုများတွင် အားလုံးပါဝင်ရန်နှင့် ပံ့ပိုးအားပေးရမည်။

# ရုရှားနိုင်ငံ ကာဇန်မြို့၌ (၁၆) ကြိမ်မြောက် BRICS ထိပ်သီးအစည်းအဝေး ကျင်းပ

**မော်စကို အောက်တိုဘာ ၂၂**

(၁၆)ကြိမ်မြောက် BRICS ထိပ်သီး အစည်းအဝေးကို ရုရှားနိုင်ငံအလယ်ပိုင်း ကာဇန်မြို့၌ ယနေ့ စတင်ကျင်းပကြောင်း သိရသည်။

အဆိုပါထိပ်သီးအစည်းအဝေးကို အောက်တိုဘာ ၂၂ ရက်မှ ၂၄ ရက်အထိ သုံးရက်ကြာ ကျင်းပမည်ဖြစ်သည်။

အဖွဲ့ဝင်နိုင်ငံများမှ အကြီးအကဲများသည် ထိပ်သီးအစည်းအဝေးသို့ တက်ရောက်ရန် ကာဇန်မြို့သို့ ရောက်ရှိလျက်ရှိကြောင်း သိရသည်။

နိုင်ငံပေါင်း ၃၆ နိုင်ငံမှ ကိုယ်စားလှယ်များသည် ထိပ်သီးအစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများသို့ တက်ရောက်မည်ဖြစ်ကြောင်း ရုရှားသမ္မတ လက်ထောက် ယူရီ ရှာကော့ဗ်က ပြောကြားသည်။

အဆိုပါ ထိပ်သီးအစည်းအဝေးသည် ၂၀၂၂ ခုနှစ်နောက်ပိုင်း နိုင်ငံ့ခေါင်းဆောင်အများအပြား စုဝေးတက်ရောက်သည့် ပထမဆုံးသောနိုင်ငံတကာ အစည်းအဝေးတစ်ခု ဖြစ်လာမည်ဖြစ်သည်။

ရုရှားသမ္မတ ဗလာဒီမာပူတင်သည် တရုတ်သမ္မတ ရှီကျင့်ဖျင်နှင့် အိန္ဒိယဝန်ကြီးချုပ် မိုဒီ အပါအဝင် အခြားသော နိုင်ငံ့ခေါင်းဆောင်များနှင့် သီးခြားတွေ့ဆုံရန် စီစဉ်ထားသည်။

ယခုနှစ် BRICS အစည်းအဝေးသည် အဖွဲ့ဝင်နိုင်ငံ ငါးနိုင်ငံမှ ကိုးနိုင်ငံအထိရှိလာပြီးနောက် ပထမဆုံး အကြိမ်ကျင်းပသည့် ထိပ်သီးဆွေးနွေးပွဲဖြစ်သည်။

နောက်တိုးအဖွဲ့ဝင် လေးနိုင်ငံမှာ အီရန်၊ အီဂျစ်၊ အီသီယိုးပီးယားနှင့် အာရပ်စော်ဘွားများ ပြည်ထောင်စုတို့ဖြစ်သည်။




BRICS သည် ဘရာဇီး၊ ရုရှား၊ အိန္ဒိယ၊ တရုတ်၊ တောင်အာဖရိက၊ အီရန်၊ အီဂျစ်၊ အီသီယိုးပီးယားနှင့် အာရပ်စော်ဘွားများ ပြည်ထောင်စုတို့ ပါဝင်သော အစိုးရဆိုင်ရာ အဖွဲ့အစည်းတစ်ခုဖြစ်သည်။

**ကိုးကား – အင်န်အိတ်ချ်ကေ**
**ဘာသာပြန် – အောင်ကျော်ကျော်**

# ဂါဇာကမ်းမြောင်ဒေသ၌ အစ္စရေး၏တိုက်ခိုက်မှုများကြောင့် အသက်ဆုံးရှုံးနေရမှုများအပေါ် ရှုတ်ချကြောင်း ကုလသမဂ္ဂအတွင်းရေးမှူးချုပ်ပြောကြား

**ကုလသမဂ္ဂ အောက်တိုဘာ ၂၂**

ဂါဇာကမ်းမြောင်ဒေသ၌ အစ္စရေးတပ်မတော်၏ တိုက်ခိုက်မှုများကြောင့် ဒေသခံများအသက်ဆုံးရှုံးနေရမှုအပေါ် ရှုတ်ချကြောင်း ကုလသမဂ္ဂ အတွင်းရေးမှူးချုပ် အန်တိုနီယို ဂူတာရပ်စ်က မှတ်ချက်ပြုပြောကြားခဲ့သည်။

အရပ်သားများကို လေးစားရမည်ဖြစ်ပြီး ၎င်းတို့ကို ကာကွယ်စောင့်ရှောက်ရမည်ဟု ကုလသမဂ္ဂ အတွင်းရေးမှူးချုပ်၏ ပြောရေးဆိုခွင့်ရှိသူ ဖာဟန်ဟတ်ဇ်က ဖြည့်စွက်ပြောကြားသည်။ ဂါဇာဒေသမြောက်ပိုင်း ဗိုင်လာဟီယာဒေသရှိ အရပ်သားများ၏နေအိမ်များကို အစ္စရေးက ဗုံးကြဲတိုက်ခိုက်ခဲ့ရာတွင် ပါလက်စတိုင်းဒေသခံ ၈၄ ဦး သေဆုံးပြီး ၄၀ ကျော် ထိခိုက်ဒဏ်ရာရခဲ့ကြောင်း ပါလက်စတိုင်း ကျန်းမာရေးတာဝန်ရှိသူများက ပြောကြားသည်။




ဂါဇာဒေသမြောက်ပိုင်းတွင် ဒေသခံအများအပြား နေရပ်စွန့်ခွာမှုများနှင့် စားရေရိက္ခာရှားပါးလာမှုအပေါ် စိုးရိမ်ပူပန်ကြောင်းနှင့် ဂါဇာဒေသသို့ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီများ အပါအဝင် ကယ်ဆယ်ရေးအဖွဲ့များ ဝင်ရောက်၍ လုပ်ငန်းတာဝန်များ ထမ်းဆောင်နိုင်ရန်အတွက် ကူညီဆောင်ရွက်ပေးရန် သက်ဆိုင်ရာ အဖွဲ့အစည်းများအား ကုလသမဂ္ဂ အတွင်းရေးမှူးချုပ် ဂူတာရပ်စ်က ပန်ကြားခဲ့သည်။

မကြာသေးမီက ဆေးရုံများတိုက်ခိုက် ခံရခြင်းအပေါ် စိုးရိမ်ပူပန်ကြောင်းနှင့် ဆေးဘက်ဆိုင်ရာဝန်ထမ်းများနှင့် လူနာများအား ကာကွယ်စောင့်ရှောက်ပေးရန် တာဝန်ရှိသူများအား ၎င်းက တိုက်တွန်းခဲ့သည်။ လက်ရှိအချိန်၌ ဂါဇာဒေသတွင် ဖြစ်ပွားနေ သည့် အပြည်ပြည်ဆိုင်ရာ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ဥပဒေများကို ချိုးဖောက်နေမှုများအပေါ် လက်သင့်မခံနိုင်ကြောင်း ကုလသမဂ္ဂ အတွင်းရေးမှူးချုပ်၏ ပြောရေးဆိုခွင့်ရှိသူ ဖာဟန်ဟတ်ဇ်က ပြောကြားသည်။

**ကိုးကား–ဆင်ဟွာ**
**ဘာသာပြန်–စိုးသူရ**

# ကိုလံဘီယာနိုင်ငံ၌ (၁၆) ကြိမ်မြောက် ဇီဝမျိုးစုံမျိုးကွဲများဆိုင်ရာ ကွန်ဗင်းရှင်း ကျင်းပ

**ဘိုဂိုတာ အောက်တိုဘာ ၂၂**

COP16 ဟု လူသိများသော (၁၆) ကြိမ်မြောက် ဇီဝမျိုးစုံမျိုးကွဲများ ဆိုင်ရာ ကွန်ဗင်းရှင်း (16th Convention of the Parties to Convention) ကို ကိုလံဘီယာနိုင်ငံ အနောက်တောင်ပိုင်း ကာလီမြို့၌ အောက်တိုဘာ ၂၁ ရက်တွင် ကျင်းပခဲ့ကြောင်း သိရသည်။

အဆိုပါညီလာခံသို့ နိုင်ငံပေါင်း ၁၉၀ မှ ကိုယ်စားလှယ်များ တက်ရောက်ကြပြီး ၂၀၃၀ ပြည့်နှစ်တွင် ကမ္ဘာမြေနှင့် ပင်လယ်ပြင်၏ အနည်းဆုံး ၃၀ ရာခိုင်နှုန်းကို ထိန်းသိမ်း စောင့်ရှောက်ရေး ရည်မှန်းချက်ဆိုင်ရာ တိုးတက်မှုများကို ဆွေးနွေးခဲ့ကြောင်း သိရသည်။

ထို့ပြင် ၂၀၂၂ ခုနှစ်တွင် ကနေဒါနိုင်ငံ၌ အတည်ပြုခဲ့သည့် ကူမင်း–မွန်ထရီရယ် ကမ္ဘာလုံးဆိုင်ရာ ဇီဝမျိုးစုံ မျိုးကွဲမူဘောင်တွင် ချမှတ်ထားသည့် ရည်မှန်းချက်များ အကောင်အထည်ဖော်ဆောင်ရာတွင် ရရှိခဲ့သည့် တိုးတက်မှုများအပေါ် ကိုယ်စားလှယ်များက ဆွေးနွေးခဲ့သည်။

ထို့နောက် ၂၀၃၀ ပြည့်နှစ်တွင် ကမ္ဘာမြေနှင့် ပင်လယ်ပြင်၏ အနည်းဆုံး ၃၀ ရာခိုင်နှုန်းကို ထိန်းသိမ်း စောင့်ရှောက်ရေးဆိုင်ရာ ရည်မှန်းချက်ပြည့်မီရန်အတွက် ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်သွားမည့် ကိစ္စရပ်များနှင့် ပတ်သက်ပြီး ဆွေးနွေးခဲ့သည်။




ဆက်လက်၍ မျိုးရိုးဗီဇအရင်းအမြစ်များကို အသုံးပြုခြင်းမှ တီထွင် ထုတ်လုပ်ထားသော ဆေးဝါးများ၏ အကျိုးကျေးဇူးများကို ညီညွတ်မျှတစွာ မျှဝေနိုင်စေမည့် နည်းလမ်းများကိုလည်း ကိုယ်စားလှယ်များက ဆွေးနွေးခဲ့သည်။

**ကိုးကား–အင်န်အိတ်ချ်ကေ**
**ဘာသာပြန်–အောင်ကျော်ကျော်**

# အာဖရိကဒေသ၌ မျောက်ကျောက်ရောဂါ ကူးစက်ပြန့်ပွားမှုများနှင့် ပတ်သက်၍ ပညာရှင်များဆွေးနွေး

**ကန်ပါလာ အောက်တိုဘာ ၂၂**

အာဖရိကဒေသ နိုင်ငံများမှ ကျန်းမာရေး ပညာရှင်များသည် ဒေသတွင်း မျောက်ကျောက်ရောဂါ ကူးစက်ပြန့်ပွားမှုများနှင့် ပတ်သက်၍ ယူဂန္ဓာနိုင်ငံ ကန်ပါလာမြို့တွင် အောက်တိုဘာ ၂၁ ရက်မှ စတင်၍ အစည်းအဝေးကျင်းပခဲ့ကြောင်း ဆင်ဟွာသတင်းအရ သိရသည်။

အဆိုပါ အစည်းအဝေးတွင် နယ်စပ်ဖြတ်ကျော်မျောက်ကျောက်ရောဂါ ထိန်းချုပ်ရေးလုပ်ငန်းများ ဆောင်ရွက်ရန် ပညာရှင်များ အကြား အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။

အာဖရိကဒေသတွင်း နိုင်ငံများမှ ကျန်းမာရေးပညာရှင်များ၊ အာဖရိကဒေသ ကူးစက်ရောဂါ ကာကွယ်ရေးနှင့် ထိန်းချုပ်ရေး အေဂျင်စီနှင့် ကမ္ဘာ့ကျန်းမာရေး အဖွဲ့ အာဖရိကဒေသဆိုင်ရာရုံးတို့ ပူးပေါင်း၍ ယခုအစည်းအဝေးကို ကျင်းပခဲ့ကြောင်း လူမှုမီဒီယာ အိက်စ်တွင် ကမ္ဘာ့ကျန်းမာရေး အဖွဲ့ကပြောကြားသည်။

အဆိုပါ အစည်းအဝေးသို့ ကွန်ဂိုဒီမိုကရက်တစ် သမ္မတနိုင်ငံ၊ ဘူရွန်ဒီ၊ ရဝမ်ဒါ၊ ယူဂန္ဓာ၊ ကင်ညာ၊ ဆူဒန်၊ ဒီဂျေဘိုတူ၊ အီသီယိုးပီးယား၊ ဆိုမာလီယာနှင့် တောင်ဆူဒန်နိုင်ငံတို့မှ ကျန်းမာရေးပညာရှင်များ တက်ရောက် ဆွေးနွေးခဲ့သည်။ နယ်စပ်ဖြတ်ကျော်မျောက်ကျောက်ရောဂါ ထိန်းချုပ်ရေးလုပ်ငန်းများတွင် ရောဂါပိုးရှာဖွေစစ်ဆေးခြင်းနှင့် တုံ့ပြန်ကုသမှုပေးခြင်း၊ ရောဂါကူးစက်မှုဆိုင်ရာ စောင့်ကြည့်ရေး လုပ်ငန်းများ ဆောင်ရွက်ခြင်း၊ ကျန်းမာရေးဆိုင်ရာ သတင်းအချက်အလက်များ ဖလှယ်ခြင်းနှင့် ဒေသတွင်းနှင့် ကမ္ဘာလုံးဆိုင်ရာ မျောက်ကျောက်ရောဂါ ကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်ခြင်းတို့ ပါဝင်ကြောင်း ယူဂန္ဓာနိုင်ငံဆိုင်ရာ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ ကိုယ်စားလှယ် ချားလ်စ် အန်ဂျူဂူနာက ပြောကြားသည်။

ယခုနှစ်အစပိုင်းမှ စတင်၍ အာဖရိကဒေသတွင်း နိုင်ငံများ၌ မျောက်ကျောက်ရောဂါ ကူးစက်မှုကြောင့် သေဆုံးသူ ၁၁၀၀ ကျော်ရှိပြီး ရောဂါအတည်ပြု ကူးစက်သူ ၈၁၁၃ ဦးရှိကြောင်း အာဖရိကဒေသကူးစက်ရောဂါ ကာကွယ်ရေးနှင့် ထိန်းချုပ်ရေး အေဂျင်စီက ပြောကြားသည်။

**ကိုးကား–ဆင်ဟွာ**
**ဘာသာပြန်–စိုးသူရ**

# ဂါဇာကမ်းမြောင်ဒေသမြောက်ပိုင်းရှိ အင်ဒိုနီးရှားဆေးရုံကို အစ္စရေးတပ်ဖွဲ့ဝင်များ တိုက်ခိုက်မှုအပေါ် အင်ဒိုနီးရှားအစိုးရ ပြင်းထန်စွာရှုတ်ချ

**ဂျကာတာ အောက်တိုဘာ ၂၂**

ဂါဇာကမ်းမြောင်ဒေသမြောက်ပိုင်းရှိ အင်ဒိုနီးရှားဆေးရုံကို အောက်တိုဘာ ၂၁ ရက်က အစ္စရေးတပ်ဖွဲ့ဝင်များ၏ တိုက်ခိုက်မှုအပေါ် အင်ဒိုနီးရှားအစိုးရက ပြင်းထန်စွာ ရှုတ်ချကြောင်းနှင့် ယင်းလုပ်ရပ်သည် နိုင်ငံတကာဥပဒေနှင့် လူ့အခွင့်အရေးကို ဆိုးရွားစွာ ချိုးဖောက်ခြင်းဖြစ်ကြောင်း ပြောကြားသည်။

အင်ဒိုနီးရှားဆေးရုံ အပါအဝင် ဂါဇာမြောက်ပိုင်းရှိ ကျန်းမာရေးဆိုင်ရာ အဆောက်အအုံများနှင့် ကျန်းမာရေးဝန်ထမ်းများကို တိုက်ခိုက်မှုများပြုလုပ်ခြင်းသည် နိုင်ငံတကာဥပဒေ၊ လူသားချင်းစာနာထောက်ထားမှုဥပဒေနှင့် အခြေခံလူ့အခွင့်အရေးများကို ချိုးဖောက်ခြင်းဖြစ်ကြောင်း အင်ဒိုနီးရှား နိုင်ငံခြားရေးဝန်ကြီးဌာနက လူမှုမီဒီယာ၌ အောက်တိုဘာ ၂၂ ရက်က ပြောကြားသည်။

ထို့ပြင် ဂါဇာမြောက်ပိုင်းတွင် အစ္စရေးတပ်ဖွဲ့များ၏ လုံးလုံးလျားလျားဝန်းရံထားမှုနှင့် ထိုးစစ်ဆင်မှုများ ဆက်လက်လုပ်ဆောင်နေခြင်းကြောင့် ငတ်မွတ်မှုနှင့် အရပ်သားသေဆုံးမှုများ မြင့်တက်လာစေကြောင်း အင်ဒိုနီးရှားအစိုးရက ပြောကြားသည်။

အင်ဒိုနီးရှားနိုင်ငံသည် ကျန်းမာရေးစောင့်ရှောက်မှုဌာနများ၊ ဆေးဘက်ဆိုင်ရာဝန်ထမ်းများနှင့် လူနာများအား အပြည့်အဝအကာအကွယ်ပေးရန် တောင်းဆိုခဲ့ပြီး ဂါဇာကမ်းမြောင်ဒေသတွင် ၎င်းတို့၏ တိုက်ခိုက်မှုများကို ချက်ချင်းရပ်တန့်ရန် အစ္စရေးအစိုးရကို တိုက်တွန်းခဲ့သည်။

စစ်ပွဲအဆုံးသတ်ရေးနှင့် အရပ်သားများကို ကာကွယ်ရေးပြတ်ပြတ်သားသား အရေးယူဆောင်ရွက်မှုများလုပ်ဆောင်ရန် အင်ဒိုနီးရှားအစိုးရက ကုလသမဂ္ဂ လုံခြုံရေးကောင်စီအား တိုက်တွန်းပြောကြားကြောင်း သိရသည်။ **ကိုးကား–ဆင်ဟွာ**
**ဘာသာပြန်–အောင်ကျော်ကျော်**

# တရားမဝင် သစ်မျိုးစုံ၊ လုပ်ငန်းသုံးပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများ၊ တိရစ္ဆာန်အစားအစာများနှင့် လိုင်စင်မဲ့ယာဉ်များ သိမ်းဆည်းရမိ

**နေပြည်တော် အောက်တိုဘာ ၂၂**

တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။

အောက်တိုဘာ ၂၁ ရက်တွင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်းသုံးမျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၁၁၂၀၂၉၆ ကျပ်)ကို လည်းကောင်း၊ အေးရှားဝေါလ် ကုန်သေတ္တာစစ်ဆေးရေးစခန်း၌ ကုန်သေတ္တာတစ်လုံးအတွင်းမှ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်းတစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၉၀၁၅၂၆၃ ကျပ်)ကို လည်းကောင်း၊ မြန်မာ့စက်မှုဆိပ်ကမ်း၌ ကုန်သေတ္တာတစ်လုံးအတွင်းမှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်းတစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၈၈၃၇၀၀၀)ကို လည်းကောင်း **စုစုပေါင်းခန့်မှန်းတန်ဖိုးငွေ ၇၈၉၇၂၅၅၉ ကျပ်** ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူ ဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ကချင်ပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မြစ်ကြီးနားမြို့ မန်ခိန်ရပ်ကွက် ဧ၃ ၁၀၀ လယ်ကွင်း အနီး၌ ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်းတစ်မျိုး (ခန့်မှန်းတန်ဖိုး ငွေကျပ် ၆၄,၈၀၀,၀၀၀)ကို သိမ်းဆည်းရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့် အညီ အရေးယူ ဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် ကရင်ပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ဘားအံမြို့နယ် အိန္ဒုစံပြကျေးရွာ မိုက်အောင်ရပ်ကွက်ရှိ ဂိုဒေါင်တစ်လုံးအတွင်းမှ တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်းနှစ်မျိုး၊ လုပ်ငန်းသုံး ပစ္စည်းနှစ်မျိုး၊ လူသုံးကုန်ပစ္စည်းတစ်မျိုး၊ တိရစ္ဆာန်အစားအစာတစ်မျိုး **စုစုပေါင်းခန့်မှန်း တန်ဖိုးငွေကျပ် ၄၅၈၆၀၀၀၀** ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူ ဆောင်ရွက် လျက်ရှိသည်။

ထို့အတူ ရှမ်းပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မူဆယ်မြို့ ဆင်ဖြူ(၁) လမ်းဘေးတစ်နေရာ၌ စုပုံထားသော လက်ဝတ်ရတနာပစ္စည်းတစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၂၀၀၀၀၀)ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများ နှင့်အညီ အရေးယူ ဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် မန္တလေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ကျောက်ဆည်မြို့ မြို့ရှောင်လမ်း၌ ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြ နိုင်ခြင်းမရှိသည့် ဆိုင်ကယ်အပိုပစ္စည်းခြောက်မျိုး (ခန့်မှန်းတန်ဖိုး ငွေကျပ် ၃၇၃၃၁၅၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Isuzu Truck တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၂၀၀၀၀၀၀)ကို အကောက်ခွန်လုပ်ထုံးလုပ်နည်းများအရ လည်းကောင်း၊ ကျောက်ဆည် မြို့နယ် မြို့အဝင်ဘီးခွန်ကောက်ခံရေးဂိတ်၌ ယာဉ်တစ်စီးပေါ်မှ တရားမဝင် မီးသွေး ၁၀ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၇၅၀၀၀)နှင့် အဆိုပါမီးသွေးများ တင်ဆောင်လာသည့် Toyota Dyna ယာဉ်တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၈၀၀၀၀၀၀) ကို သစ်တောဥပဒေအရ လည်း ကောင်း **စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၈၇၅၀၆၅၀၀** ကို သိမ်းဆည်း အရေးယူ ဆောင်ရွက်လျက်ရှိသည်။



အေးရှားဝေါလ်ကုန်သေတ္တာစစ်ဆေးရေးစခန်း၌ သိမ်းဆည်းရမိမှု။

ထို့အတူ ရန်ကုန်တိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ အင်းစိန်မြို့နယ် စော်ဘွားကြီးကုန်း မြဝတီ ဆီဆိုင်အနီး၌ လိုင်စင်မဲ့ Honda Fit ယာဉ်တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၀၀၀၀၀၀)ကို သိမ်းဆည်းရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူ ဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် အောက်တိုဘာ ၂၂ ရက်တွင် ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ပဲခူးခရိုင်နှင့် တောင်ငူခရိုင်အတွင်း၌ တရားမဝင်ကျွန်းသစ် ၁ ဒသမ ၇၀၇ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၀၂၃၃၆)ကို သိမ်းဆည်းရမိခဲ့ပြီး သစ်တော ဥပဒေနှင့်အညီ အရေးယူ ဆောင်ရွက်လျက်ရှိသည်။

အောက်တိုဘာ ၂၁ ရက်နှင့် ၂၂ ရက်တို့တွင် ဖမ်းဆီးရမိမှု စုစုပေါင်း မှာ အမှုတွဲ ၁၈ မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၈၄၈၄၁၃၉၅ ကျပ်)ကို သိမ်းဆည်းရမိခဲ့သည်။ တရားမဝင်ကုန်သွယ်မှုများကြောင့် တရားဝင် ဆောင်ရွက်သည့်လုပ်ငန်းများ၏ ထုတ်လုပ်မှု၊ ရောင်းချမှု၊ တင်သွင်းမှု စသည်များ လျော့ကျလာစေပြီး အလုပ်အကိုင်အခွင့်အလမ်း ဖန်တီးနိုင်မှု နှင့် အခွန်ပေးဆောင်နိုင်မှု ကျဆင်းခြင်းများကို ဖြစ်ပေါ်စေနိုင်သည်။ သို့ဖြစ်ပါ၍ တရားမဝင်ကုန်သွယ်မှုများ လျော့နည်းပပျောက်စေရေး သက်ဆိုင်ရာတာဝန်ရှိသူများက ယခုထက်ပိုမို၍ တားဆီးစစ်ဆေးကြပ်မတ် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သိရသည်။

**သတင်းစဉ်**

# လှိုင်လင်၊ တောင်ကြီးနှင့် ဟိုပုံးမြို့နယ်တို့၌ မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိ

**နေပြည်တော် အောက်တိုဘာ ၂၂**

လှိုင်လင်မြို့နယ် တောင်ကြီးမြို့နယ်နှင့် ဟိုပုံး မြို့နယ်တို့တွင် မူးယစ်ဆေးဝါးများသိမ်းဆည်း ရမိခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့ မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် အောက်တိုဘာ ၁၈ ရက် ည ၈ နာရီ မိနစ် ၄၀ တွင် လှိုင်လင်မြို့နယ် ပင်လုံမြို့ ပန်မုန့်ကျေးရွာ အုပ်စု ပေါင်းလိုင်းကျေးရွာအနီးတွင် နော်ထွန်း မောင်းနှင်လာသည့် Honda Fit ယာဉ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ စိတ်ပြောင်း ဆေးဝါး Happy Water သုည ဒသမ ၀၀၆ ကီလို သိမ်းဆည်းရမိခဲ့ပြီး ကွင်းဆက်အရ ည ၈ နာရီ ၄၅ မိနစ်တွင် အဆိုပါနေရာ၌ စိုင်းပီး မောင်းနှင်လာသည့် Toyota Wish ယာဉ်ပေါ်မှ စိတ်ပြောင်းဆေးဝါးများဖြစ်သည့် Happy Water သုည ဒသမ ၆ ကီလိုနှင့် ကက်တမင်း သုည ဒသမ ၁ ကီလိုကို လည်းကောင်း၊ အောက်တိုဘာ ၁၉ ရက် မွန်းလွဲ ၂ နာရီတွင် စိတ်ပြောင်းဆေးဝါးများ လက်ခံမည့်သူများ ဖြစ်သည့် ထက်အောင်ဦးနှင့် မောင်မောင်ထွန်း (ခ) အားမီ(ခ)အားချိန်တို့အား တောင်ကြီးမြို့ သစ်တောရပ်ကွက်တွင် Honda Fit ယာဉ် တစ်စီးနှင့် လည်းကောင်း၊ မွန်းလွဲ ၂ နာရီ ၄၅ မိနစ်တွင် တောင်ကြီးမြို့နယ် အေးသာယာမြို့ နယ်မြေ (၉)ရှိ ထက်အောင်ဦး၏နေအိမ်မှ စိတ်ပြောင်းဆေးဝါး Happy Water ၁ ဒသမ ၆၈ ကီလိုကို လည်းကောင်း သိမ်းဆည်းရမိခဲ့ သည်။

အလားတူ အောက်တိုဘာ ၁၈ ရက် နံနက် ၁၀ နာရီ မိနစ် ၅၀ တွင် ပူးပေါင်းအဖွဲ့သည် ဟိုပုံးမြို့နယ် လုံခုတ်ကျေးရွာအုပ်စု ဟိုနန့် ကျေးရွာအနီးတွင် Toyota Succeed ခရီးသည် တင်ယာဉ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ ယာဉ်ပေါ်ပါခရီးသည် ဇော်မိုးလွင်(ခ)ဇော်လင်း ထံမှ စိတ်ကြွရူးသွပ်ဆေးပြား ၂၃၀၀၀၊ အိုက်စ်(မက်သ်အဖက်တမင်း) သုည ဒသမ ၄ ကီလိုကိုလည်းကောင်း သိမ်းဆည်းရမိခဲ့ သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကို ပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**သတင်းစဉ်**

**ဥပဒေဘောင်အတွင်း နေထိုင်ခြင်း ဘေးကင်းရန်ကွာ လွန်ချမ်းသာ။**

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၂၃-၁၀-၂၀၂၄ ဗုဒ္ဓဟူးနေ့

### MRTV HD

- ၀၆:၀၀ အန္တရာယ်ကင်းပရိတ်တရားတော် (မေတ္တသုတ်၊ ရတနသုတ်၊ ဓဇဂ္ဂသုတ်)
- ၀၇:၀၀ နံနက်ခင်းသတင်း
- ၀၇:၄၅ ၂၀၂၄ ခုနှစ်၊ (၂၅)ကြိမ်မြောက်ငွေရတုအထိမ်း အမှတ်မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဆုချီးမြှင့်ပွဲအခမ်းအနား တိုက်ရိုက်ထုတ်လွှင့်မှုအစီအစဉ်
- ၁၄:၀၀ MRTV National News
- ၁၅:၀၀ သီချင်းကြိုးပဒေသာ
- ၁၅:၁၀ Weekly Soccer Preview
- ၁၅:၄၅ နိုင်ငံတကာချစ်ကြည်ရေးခြေစမ်းပွဲဘောလုံး ပြိုင်ပွဲတိုက်ရိုက်ထုတ်လွှင့်မှု အစီအစဉ် (မြန်မာအမျိုးသမီးလက်ရွေးစင်အသင်းနှင့် တရုတ်ပေါင်ကောင်အမျိုးသမီးလက်ရွေးစင် အသင်း)
- ၁၈:၀၀ ပြည်တွင်းသတင်း
- ၁၈:၃၅ ပြည်ချစ်သားမွန်တေးသဝဏ်
- ၁၈:၄၅ သံစဉ်ဝေဖြာစတီရီယိုတေးကမ္ဘာ
- ၁၉:၁၅ နိုင်ငံခြားဇာတ်လမ်းတွဲ '**ချစ်သူအနားက ချစ်လိပ်ပြာ**' (အပိုင်း-၂၀)
- ၂၀:၀၀ ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ
- ၂၁:၀၀ ပြည်ချစ်သားမွန်တေးသဝဏ်
- ၂၁:၁၀ သံစဉ်ချိုမြမြန်မာတေးအလှ
- ၂၁:၃၅ (၂၅)ကြိမ်မြောက်ငွေရတုအထိမ်းအမှတ် ဆို၊က၊ရေး၊တီးပြိုင်ပွဲ ဆုချီးမြှင့်ပွဲ အခမ်းအနား အစီအစဉ်
- ၂၁:၅၀ (၂၄)ကြိမ်မြောက် ဆို၊က၊ရေး၊တီးပြိုင်ပွဲ (ဇာတ်တော်ကြီးပြိုင်ပွဲ)(ဝိဿနာရှင် (ပထမတန်း)အဆင့်)(ပထမဆု) 'မဟောသဓာဇာတ်တော်ကြီး' (မင်းနိုင်စိုးဇာတ်အဖွဲ့)(မွန်ပြည်နယ်) (ဒုတိယပိုင်း)

### mitv

- 07:01 Evergreen Classic: Metta Inngyin Yagon (Sein Lei Lei)
- 07:12 Traditional Myanmar Theatrical Performance: The Priceless Legacy of Maha Gita (Myanmar Musical Instruments)
- 07:28 Trend of Kachin Dress
- 07:55 Tourism Develpoment in Myanmar
- 08:01 News
- 08:26 Asia Updates; No Till Farming
- 08:26 Asia Updates; Umbrella Sharing
- 08:31 Nature's Progeny Town: December Garden
- 08:55 People's Military Service Law 6
- 09:01 The Art of Sand Painting
- 09:10 Thilawa SEZ Thriving Model Special Economic Zone
- 09:38 Ocularist
- 10:01 News

### MRTV NRC

**ဝ (၀၆:၀၀ မှ ၀၈:၀၀)**
(၂၅)ကြိမ်မြောက်ဆို၊က၊ရေး၊တီးပြိုင်ပွဲ ဆုချီးမြှင့်ပွဲ အခမ်းအနားတိုက်ရိုက်ထုတ်လွှင့်မှုအစီအစဉ်

**ကချင် (၀၈:၀၀ မှ ၁၀:၀၀)**
(၂၅)ကြိမ်မြောက်ဆို၊က၊ရေး၊တီးပြိုင်ပွဲ ဆုချီးမြှင့်ပွဲ အခမ်းအနားတိုက်ရိုက်ထုတ်လွှင့်မှုအစီအစဉ်

**ကယား (၁၀:၀၀ မှ ၁၂:၀၀)**
(၂၅)ကြိမ်မြောက်ဆို၊က၊ရေး၊တီးပြိုင်ပွဲ ဆုချီးမြှင့်ပွဲ အခမ်းအနားတိုက်ရိုက်ထုတ်လွှင့်မှုအစီအစဉ်

**စကောကရင် (၁၂:၀၀ မှ ၁၃:၀၀)**
(၂၅)ကြိမ်မြောက်ဆို၊က၊ရေး၊တီးပြိုင်ပွဲ ဆုချီးမြှင့်ပွဲ အခမ်းအနားတိုက်ရိုက်ထုတ်လွှင့်မှုအစီအစဉ်

**အနောက်ပိုးကရင် (၁၃:၀၀ မှ ၁၄:၀၀)**
(၂၅)ကြိမ်မြောက်ဆို၊က၊ရေး၊တီးပြိုင်ပွဲ ဆုချီးမြှင့်ပွဲ အခမ်းအနားတိုက်ရိုက်ထုတ်လွှင့်မှုအစီအစဉ်

**အရှေ့ပိုးကရင် (၁၄:၀၀ မှ ၁၅:၀၀)**
ရှေးဟောင်းသမိုင်းဝင်ဆဒ္ဒန်ဂူနှင့်ဆဒ္ဒအိုင်

**ချင်း (လိုင်ဇို) (၁၅:၀၀ မှ ၁၆:၀၀)**
မှိုင်ပေါ်လေဝက်သားမီးဖုတ်

**ချင်း (ချိုး) (၁၆:၀၀ မှ ၁၇:၀၀)**
လည်ပတ်ချင်စရာချပ်ကျေးရွာ(အပိုင်း-၁)

**မွန် (၁၇:၀၀ မှ ၁၈:၀၀)**
မွန်ဘာသာစကားပြောကြရအောင် (အသီးအဝေါ်အဝေါ်)

**ရခိုင် (၁၈:၀၀ မှ ၂၁:၀၀)**
အရှသာကျော်မော်ခေါက်ဆွဲကဘားကြော်

**ရှမ်း (၂၁:၀၀ မှ ၂၃:၀၀)**
ပင်လောင်းရှမ်းစတူ

### MRTV NEWS

- ၀၆:၀၀ အဖွင့်၊တေးသီချင်း
- ၀၆:၄၀ အားကစားသတင်း
- ၀၉:၄၅ SPORTS MAX
- ၁၁:၀၀ ပြည်တွင်းသတင်း (LIVE)
- ၁၄:၀၀ MRTV National News
- ၁၅:၀၀ ပြည်တွင်းသတင်း (LIVE)
- ၁၆:၀၀ သတင်းမှန်ကဏ္ဍ (LIVE)
- ၁၇:၃၀ နိုင်ငံတကာသတင်း (LIVE)
- ၁၉:၀၀ ပြည်တွင်းသတင်း (LIVE)
- ၂၀:၀၀ ပြည်တွင်းသတင်း (LIVE)
- ၂၀:၃၀ နိုင်ငံတကာသတင်း (LIVE)
- ၂၁:၀၀ ပြည်တွင်းသတင်း (LIVE)

### MRTV PARLIAMENT

- ၀၉:၀၀ အဖွင့်၊အလံ
- ၀၉:၁၅ ပြည်သူ့စစ်မှုထမ်းဥပဒေကျင့်သုံးနေသော နိုင်ငံများအကြောင်းသိကောင်းစရာများ (ထိုင်းနိုင်ငံ)
- ၀၉:၃၀ ဥပဒေရေးရာအဖြာဖြာဇာတ်လမ်းတို '**ပကောင်းဆိုးဝါး**'
- ၁၀:၀၀ ပြည်သူ့စစ်မှုထမ်းဥပဒေကျင့်သုံးနေသော နိုင်ငံများအကြောင်းသိကောင်းစရာများ (ဗီယက်နမ်နိုင်ငံ)
- ၁၁:၀၀ နိုင်ငံတကာရွေးကောက်ပွဲများအကြောင်း (အင်ဒိုနီးရှားနိုင်ငံ)
- ၁၁:၃၀ ရှေ့သို့ချီမည်...ပန်းတိုင်ဆီ (အပိုင်း-၅၆)

### MRTV FARMERS' / HTV Channel

- ၀၆:၀၀ အဖွင့်၊နိုင်ငံတော်သီချင်း၊နှုတ်ခွန်းဆက်
- ၀၆:၁၀ အသေးစားလုပ်ငန်းထူထောင်ရေးမှသည် နိုင်ငံ့စီးပွားဖွံ့ဖြိုးမှုဆီသို့
- ၀၇:၀၀ တောင်သူလယ်သမားရေးရာသတင်းနှင့် မိုးလေဝသ
- ၁၈:၄၀ Modern Agriculture Machines That Are At Another Level-5
- ၁၉:၃၀ International Music Hits
- ၂၂:၀၀ Thirteen Lives (နိုင်ငံခြားဇာတ်လမ်း)

### MRTV SPORTS / HTV Sports

- ၀၆:၀၀ အဖွင့်
- ၀၆:၂၀ လူငယ်တို့အတွက်လမ်းပြကြယ်
- ၀၆:၅၀ Footbal Highlight
- ၀၇:၄၀ Weekly MNL Review
- ၁၇:၀၀ အားကစားသတင်း
- ၁၈:၀၀ E Sports

Scan Here

MRTV MRTV MRTV Radio MRTV Radio

Education Channel ကို နေ့စဉ် နံနက် (၉:၀၀)နာရီမှ တစ်ကြိမ်လျှင် (၄)နာရီ (၆)ကြိမ်နှုန်း ထုတ်လွှင့်ပြသလျက်ရှိပါသည်။

# အနောက်တိုင်းဆေးရောနှောပြီး စံမညီတိုင်းရင်းဆေးဝါးများဖြစ်ကြောင်း အသိပေးနှိုးဆော်ချက်

၁။ ကျန်းမာရေးဝန်ကြီးဌာနသည် အရည်အသွေး စစ်မှန်ကောင်းမွန်ပြီး ဘေးဥပဒ်အန္တရာယ် ကင်းရှင်းကာ အကျိုးအာနိသင်ရှိသော တိုင်းရင်းဆေးဝါးများကို အများပြည်သူတို့ သုံးစွဲနိုင်ရန် စဉ်ဆက်မပြတ် စနစ်တကျ စစ်ဆေးလျက်ရှိပါသည်။

၂။ ယင်းသို့ စစ်ဆေးရာတွင် ဈေးကွက်အတွင်း တွေ့ရှိရသော ဘီလူးငါးကောင်အမှတ်တံဆိပ် အမျိုးသား အကြောသန်အားတိုးဆေးမှုန့်နှင့် ဆာဒူးကြီးအမှတ်တံဆိပ် အမျိုးသားအကြောသန် အားတိုးဆေးမှုန့်တို့သည် တိုင်းရင်းဆေးဝါးမှတ်ပုံတင်နှင့် တိုင်းရင်းဆေးဝါးထုတ်လုပ်ခွင့်လိုင်စင်ရရှိထားသော်လည်း ဈေးကွက်တွင် တိုင်းရင်းဆေးဝါး မှတ်ပုံတင်စဉ်က ဖော်ပြထားသော ဆေးဖုံ၊ ဖော်စပ်နည်းနှင့်အညီ မဟုတ်ဘဲ ဖော်စပ်ထားသော တိုင်းရင်းဆေးဝါး (စံမညီတိုင်းရင်းဆေးဝါး)ဖြစ်ခြင်း၊ သတ်မှတ်ချက် (၁၀)ချက်ပြည့်စုံမှန်ကန်မှုမရှိခြင်းနှင့် ဓာတ်ခွဲစစ်ဆေးစမ်းသပ်ချက်အရ အနောက်တိုင်းဆေး Sildenafil ပါဝင်နေသည်ကို စစ်ဆေးတွေ့ရှိရသဖြင့် စစ်မှန်အစွမ်းထက်မှုကို အာမခံချက်မပေးနိုင်သောကြောင့် အများပြည်သူများ သုံးစွဲရန် မသင့်လျော်ကြောင်း အသိပေးအပ်ပါသည်။

| စဉ် | အမှတ်တံဆိပ် | ဆေးအမည် | ဆေးဝါးပုံစံ | ထုတ်လုပ်/ဖြန့်ချိဌာန | ရောနှောသည့် အနောက်တိုင်းဆေး |
|---|---|---|---|---|---|
| ၁။ | ဘီလူးငါးကောင် | အမျိုးသား အကြောသန် အားတိုး ဆေးမှုန့် | ဆေးမှုန့် | အမှတ် ၃၄၄၊ ရွှေဘုံသာအထက်လမ်း၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။ | Sildenafil |
| ၂။ | ဆာဒူးကြီး | အမျိုးသား အကြောသန် အားတိုး ဆေးမှုန့် | ဆေးမှုန့် | အမှတ် ၃၄၄၊ ရွှေဘုံသာအထက်လမ်း၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။ | Sildenafil |




Sildenafil ရောနှောသည့် ဆေးဘူးနမူနာများ

၃။ တိုင်းရင်းဆေးဝါးထုတ်လုပ်ဖြန့်ဖြူးသည့် လုပ်ငန်းများနှင့် ဆေးဝါးရောင်းချသည့် ဆေးဆိုင်များသည် တိုင်းရင်းဆေးပညာဦးစီးဌာနတွင် မှတ်ပုံတင်ထားခြင်းမရှိသော တိုင်းရင်းဆေးဝါးများ၊ ဆေးဝါးအတုများ၊ စံမညီတိုင်းရင်းဆေးဝါးများ၊ အများပြည်သူသုံးစွဲရန်မသင့်ကြောင်း ကြေညာထားသည့် တိုင်းရင်းဆေးဝါးများ တင်သွင်းဖြန့်ဖြူးရောင်းချခြင်းများကို ကျင့်ဝတ်(Ethic)အရ လုံးဝ(လုံးဝ)မပြုလုပ်ရန်နှင့် လိုက်နာဆောင်ရွက်ခြင်းမရှိပါက တိုင်းရင်းဆေးဝါးဥပဒေပုဒ်မ(၃၁)၊ (၃၂)အရ တရားစွဲဆိုအရေးယူမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

**ကျန်းမာရေးဝန်ကြီးဌာန**

## ရေကြည်မြို့နယ် စောပြာကျေးရွာနှင့် စိမ့်ကြီးကျေးရွာရှိ ဒေသခံလူနေအိမ် ၂၀၀ နီးပါးကို နီးစပ်ရာ ကျေးရွာများသို့ ဖိအားပေးပြောင်းရွှေ့ခိုင်းလျက်ရှိကြောင်း သတင်းမှားများအား လုပ်ကြံရေးသား ဝါဒဖြန့်ဝေလျက်ရှိ

**နေပြည်တော် အောက်တိုဘာ ၂၂**

ရေဝတီတိုင်း ဒေသကြီး ရေကြည်မြို့နယ် စောပြာကျေးရွာနှင့်စိမ့်ကြီးကျေးရွာရှိ ဒေသခံလူနေအိမ် ၂၀၀ နီးပါးကို နီးစပ်ရာ ကျေးရွာများသို့ ဖိအားပေး ပြောင်းရွှေ့ခိုင်းလျက်ရှိကြောင်း သတင်းတု၊ သတင်းမှားများကို တရားမဝင် ပြည်ဖျက်မီဒီယာများက မဟုတ်မမှန်လုပ်ကြံရေးသားဝါဒ ဖြန့်ဝေနေသည်ကို တွေ့ရှိရသည်။




အဆိုပါသတင်းနှင့်ပတ်သက်၍ သက်ဆိုင်ရာ မြို့နယ်အုပ်ချုပ်ရေးတာဝန်ရှိသူတစ်ဦးထံ ဆက်သွယ်မေးမြန်းခဲ့ရာ ကျေးရွာရှိ လူနေအိမ်များ ပြောင်းရွှေ့ရန်စေခိုင်းမှု လုံးဝမရှိကြောင်းနှင့် တရားမဝင် ပြည်ဖျက်မီဒီယာများမှ ပြည်သူများ အထင်အမြင်လွဲမှားစေရန်နှင့် စိုးရိမ်ပူပန်မှုများ ဖြစ်ပေါ်စေရန် ရည်ရွယ်ချက်ရှိရှိ ကောလာဟလ သတင်းအမှားများဖြင့် လှုံ့ဆော်ဝါဒ ဖြန့်ဝေရေးသားခြင်းဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

## အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများအား ဖော်ထုတ်အရေးယူ

**နေပြည်တော် အောက်တိုဘာ ၂၂**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့် ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီး ပုဒ်မ ၁၂၄-ကနှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃ (က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှု တိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေး သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

### အရေးယူဆောင်ရွက်

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း အောက်တိုဘာ ၂၁ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့် "KO KYAW" Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့နယ် အေးသာယာမြို့ အမှတ်(၂)ရပ်ကွက်နေ ကျော်လင်းထွန်း(ခ)ကျင်ဝှက်အား ညနေ ၄ နာရီ ၄၅ မိနစ်တွင် အေးသာယာနယ်မြေရဲစခန်း၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ် အရေးယူဆောင်ရွက်ခဲ့သည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ် အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## ဝမ်းတွင်းမြို့နယ်၌ စိုက်ပျိုးထားသော မြေပဲများ အောင်မြင်ဖြစ်ထွန်း

**ဝမ်းတွင်း အောက်တိုဘာ ၂၂**

မန္တလေးတိုင်းဒေသကြီး ဝမ်းတွင်းမြို့နယ်ရှိ ဇောင်ဂျမ်းကုန်းတောင်ကွင်းတွင် စိုက်ပျိုးထားသော အထွက်တိုးမြေပဲများ ရာသီဥတုကောင်းမွန်ပြီး မိုးရေရရှိသည့်အတွက် အောင်မြင်ဖြစ်ထွန်းလျက်ရှိကာ မြေပဲများတူးဖော်ချိန်တွင် ဈေးကောင်းရရန် တောင်သူများအနေဖြင့် မျှော်လင့်လျက်ရှိကြောင်း သိရသည်။

### ဈေးကောင်းရရန် မျှော်လင့်

ဝမ်းတွင်းမြို့နယ်ရှိ ဆည်ရေသောက်စိုက်ကွင်းများ မဟုတ်သည့် ကွင်းများတွင် မိုးရေကို အဓိကအားထား၍ စိုက်ပျိုးရာ ယခုနှစ်တွင် မိုးရွာသွန်းမှုများသောကြောင့် စိုက်ပျိုးခဲ့သော မြေပဲများ အောင်မြင်ဖြစ်ထွန်းလျက်ရှိပြီး မြေပဲဖော်ချိန်တွင် ဈေးကောင်းရရန် မျှော်လင့်လျက်ရှိကြသည်။

ဝမ်းတွင်းမြို့နယ်၌ မြေပဲများအပြင် စပါး၊ ငရုတ်၊ ဝါ၊ နှမ်း၊ ပဲစင်းငုံ စသည့်သီးနှံများကိုလည်း စိုက်ပျိုးကြကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## ချောင်းဆုံမြို့နယ်၌ ဆောင်းရာသီ ဆီထွက်သီးနှံ ၄၀၅၄ ဧက စိုက်ပျိုးမည်

**ချောင်းဆုံ အောက်တိုဘာ ၂၂**

မွန်ပြည်နယ် ချောင်းဆုံမြို့နယ်ရှိ ရာသီအလိုက် သီးနှံမျိုးစုံစိုက်ပျိုးကြသည့် တောင်သူများအနေဖြင့် လာမည့်ဆောင်းသီးနှံ စိုက်ပျိုးရာသီတွင် ဆီထွက်သီးနှံ ၄၀၅၄ ဧက စိုက်ပျိုးနိုင်ရန်အတွက် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက လျာထားဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

### ပံ့ပိုးကူညီဆောင်ရွက်

မြို့နယ်အတွင်း ယခင်နှစ်စိုက်ပျိုးရာသီတွင် ဆီထွက်သီးနှံ ၃၄၁၆ ဧက စိုက်ပျိုးနိုင်ခဲ့ပြီး လာမည့် ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် ဆီထွက်သီးနှံ နေကြာ ၃၉၃၇ ဧက၊ မြေပဲ ၁၀၆ ဧကနှင့် နှမ်း ၁၁ ဧက စုစုပေါင်း ၄၀၅၄ ဧက စိုက်ပျိုးနိုင်ရန် လျာထားဆောင်ရွက်လျက်ရှိရာ တောင်သူများ အချိန်မီ စိုက်ပျိုးနိုင်ရေးနှင့် သီးနှံအထွက်တိုး အောင်မြင်ဖြစ်ထွန်းရေးအတွက် လိုအပ်သည့် မျိုးစေ့၊ စိုက်ပျိုးရေးနည်းပညာနှင့် အထောက်အပံ့များကို တာဝန်ရှိသူများက ပံ့ပိုးကူညီဆောင်ရွက်ပေးမည်ဖြစ်ကြောင်း သိရသည်။

**ကိုကျော်(ချောင်းဆုံ)**



# တောင်ကြီးမြို့နယ်ရှိ ဆုတောင်းပြည့်အောင်တော်မူ ဘုရားကိုးဆူ စေတီတော်မြတ်ကြီး ရွှေထီးတော်တင်ခြင်းမင်္ဂလာအခမ်းအနား ကျင်းပ



တောင်ကြီး အောက်တိုဘာ ၂၂

ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့နယ် မဲသောင်းကျေးရွာ၌ တည်ထားကိုးကွယ်တော်မူသော ဆုတောင်းပြည့် အောင်တော်မူ ဘုရားကိုးဆူ စေတီတော်မြတ်ကြီးအား ရွှေဆေးသင်္ကန်းကပ်လှူခြင်း၊ ရွှေထီးတော်တင်လှူခြင်း၊ စိန်ဖူးတော်တင်လှူခြင်း၊ ဗုဒ္ဓါဘိသေက အနေကဇာတင်ခြင်းမင်္ဂလာအခမ်းအနားကို အောက်တိုဘာ ၂၂ ရက် နံနက် ၇ နာရီက အဆိုပါစေတီ၌ ကျင်းပသည်။

**အခမ်းအနားဖွင့်လှစ်**

ဦးစွာ ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်နှင့်ဇနီး၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး(ငြိမ်း) ဦးခင်မောင်စိုးနှင့် ဇနီး၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ် ဦးသန်းဦးလွင်နှင့် ဇနီး၊ ရှမ်းပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်အစိုးရအဖွဲ့ အတွင်းရေးမှူးနှင့် ဇနီး၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ် အဆင့်ဌာနဆိုင်ရာများ၊ အလှူ့ဒါယကာ ဒါယိကာမများနှင့် ဧည့်ပရိသတ်များက နမောတဿ သုံးကြိမ်ရွတ်ဆိုအခမ်းအနားဖွင့်လှစ်ပြီး မဲသောင်းကျောင်းဆရာတော် ဦးဓမ္မာဘာသထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြသည်။

**ရွှေမိုး၊ ငွေမိုးများ ရွာသွန်း**

ထို့နောက် လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး(ငြိမ်း)၊ ပြည်နယ်ဝန်ကြီးချုပ်၊ တရားသူကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများ၊ အလှူ့ဒါယကာ ဒါယိကာမများက ပင်မစေတီတော် ထီးတော်၊ အရံစေတီထီးတော်နှင့် ဟင်္သာတိုင်ထီးတော်တို့ကို ပင့်ဆောင်၍ စေတီတော်အား လက်ယာရစ် သုံးပတ်လှည့်လည်ပူဇော်ကြပြီး အရံစေတီတော်နှင့် ပင်မစေတီတော်တို့အား ထီးတော်တင်လှူကြကာ ရွှေမိုး၊ ငွေမိုးများ ရွာသွန်းပေးကြသည်။

ဆက်လက်၍ ပင့်ဖိတ်ဆရာတော်၊ သံဃာတော်များက ဘုရားအနေကဇာတင်ပူဇော်၍ ပြည်နယ်ဝန်ကြီးချုပ်၊ တရားသူကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများ၊ အလှူ့ဒါယကာ ဒါယိကာမများနှင့် ဧည့်ပရိသတ်များက တောင်ကြီးမြို့ အောင်မင်္ဂလာပရိယတ္တိစာသင်တိုက် ဦးစီးပဓာနနာယက ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တဉာဏဝံသထံမှ ငါးပါးသီလခံယူဆောက်တည်၍ ပရိတ်တရားတော်များ နာယူကြည်ညိုကြကာ ဆရာတော် သံဃာတော်များထံ လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် ရှမ်းပြည်နယ်သံဃနာယကအဖွဲ့ ဥက္ကဋ္ဌ တောင်ကြီးမြို့ သိမ်တောင်ပရိယတ္တိစာသင်တိုက် ဦးစီးပဓာန နာယက ဆရာတော် အဂ္ဂမဟာဂန္ထဝါစက ပဏ္ဍိတဘဒ္ဒန္တတေဇဝန္တထံမှ အနုမောဒနာတရားနာယူကြည်ညိုကာ ဆရာတော် သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းကြကြောင်း သိရသည်။

ပြည်နယ်(ပြန်/ဆက်)



# Green Gold သမဝါယမအသင်းက ဘယ်လ်ဂျီယမ်နိုင်ငံသို့ ကော်ဖီများ တင်ပို့

တောင်ကြီး အောက်တိုဘာ ၂၂

ရှမ်းပြည်နယ်(တောင်ပိုင်း) လွိုင်လင်နှင့် ဟိုပုံးမြို့နယ်တို့ရှိ သမဝါယမအသင်းသားများ စုပေါင်းဖွဲ့စည်းထားသည့် Green Gold ကော်ဖီစိုက်ပျိုးထုတ်လုပ်ရေးသမဝါယမအသင်းက ယခုနှစ်အောက်တိုဘာလအတွင်း ပြည်ပပို့ကုန်အဖြစ် ကော်ဖီ Green Bean တစ်အိတ်လျှင် (60)Kg ဖြင့် ကော်ဖီတန်ချိန် ၆၈ ဒသမ ၁၆ တန်ကို ဘယ်လ်ဂျီယမ်နိုင်ငံသို့ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ယနေ့အချိန်ထိ ကော်ဖီတန်ချိန်ပေါင်း ၁၀၂ ဒသမ ၂၄ တန်အထိ ရောင်းချခဲ့ပြီးဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

# ဟုမ္မလင်းမြို့နယ်၌ တစ်နိုင်တစ်ပိုင် အာဆီယံသပြေစိုက်ပျိုးခြင်းဖြင့် မိသားစုဝင်ငွေရရှိ

ဟုမ္မလင်း အောက်တိုဘာ ၂၂

စစ်ကိုင်း တိုင်းဒေသကြီး ဟုမ္မလင်းမြို့နယ်၌ သီးနှံမျိုးစုံ၊ ဟင်းသီးဟင်းရွက်နှင့် ပန်းမျိုးစုံ စိုက်ပျိုးလျက်ရှိရာ တစ်နိုင်တစ်ပိုင် အာဆီယံသပြေ စိုက်ပျိုးသူများ မိသားစုဝင်ငွေရရှိနေကြောင်း သိရသည်။



**ခြံအထိ လာရောက်ဝယ်ယူ**

"အာဆီယံသပြေ အပင် ၁၀၀၀ ကျော်စိုက်ပျိုးထားတာ ရှစ်နှစ်ခန့် ရှိပြီဖြစ်ပါတယ်။ စိုက်ပျိုးရာမှာ လွယ်ကူပြီး ကုန်ကျစရိတ်လည်း သက်သာပါတယ်။ မြို့တွင်းရောင်းချကြတဲ့ ပန်းသည်တွေနဲ့ နမ်တော၊ နောင်ပိုအောင်ဈေးကိုသွားရောက်ရောင်းချတဲ့ ပန်းသည်တွေက ခြံအထိ လာရောက်ဝယ်ယူကြပါတယ်။ ပန်းငါးခက်ကို ငွေကျပ် ၁၀၀၀ နဲ့ ရောင်းရတဲ့အတွက် တစ်ရက် မိသားစုဝင်ငွေကျပ် ၃၀၀၀၀ ကျော် ရရှိပါတယ်" ဟု အာဆီယံသပြေခြံပိုင်ရှင် ဒေါ်တင်ရီက ပြောသည်။

ဟုမ္မလင်းမြို့နယ်တွင် အာဆီယံသပြေပန်းကို နေအိမ်ခြံဝင်းများအတွင်း စိုက်ပျိုးကြကြောင်း၊ နွေ၊ မိုး၊ ဆောင်း ရေတင်စိုက်ပျိုးကြကြောင်း၊ မိုးရာသီ၌ အထွက်နှုန်းကောင်းပြီး ရောင်းအား ပိုမိုကောင်းမွန်ကြောင်း သိရသည်။

ဟုမ္မလင်း(ပြန်/ဆက်)

## မြန်မာ့ပင်လယ်ပြင် အခြေအနေ

နေပြည်တော် အောက်တိုဘာ ၂၂

မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် မကြာခဏ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းကြီးရာမှ လှိုင်းအလွန်ကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၄၀ မှ ၅၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်း တစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ၁၁ ပေမှ ၁၅ ပေခန့် ရှိနိုင်သည်။

မိုး/ဇလ

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၂၃-၁၀-၂၀၂၄ ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၃၁၀၀ | ၃၁၈၀ | ၃၁၅၅ | ၃၁၁၀ | ၃၁၈၀ | ၃၁၉၅ | ၃၂၀၅ | ၃၁၆၀ | ၃၂၉၀ | ၃၃၁၅ | ၃၁၇၀ | ၃၁၈၅ | ၃၂၂၀ | ၃၂၀၅ | ၃၂၂၀ | ၃၆၂၀ | ၄၂၀၀ |
| 95 Ron | ၃၃၀၅ | ၃၃၉၀ | ၃၃၆၅ | ၃၃၁၅ | ၃၃၉၀ | ၃၄၀၀ | ၃၄၁၅ | ၃၃၇၀ | ၃၄၉၅ | ၃၅၂၅ | ၃၃၈၀ | ၃၃၉၅ | ၃၄၂၅ | ၃၄၁၅ | ၃၄၂၅ | ၃၈၁၀ | ၄၃၅၀ |
| HSD (500 ppm) | ၂၆၉၀ | ၂၇၇၀ | ၂၇၄၅ | ၂၇၀၀ | ၂၇၇၀ | ၂၇၈၅ | ၂၇၉၅ | ၂၇၅၀ | ၂၈၇၅ | ၂၉၀၅ | ၂၇၆၀ | ၂၇၇၅ | ၂၈၀၅ | ၂၇၉၅ | ၂၈၀၅ | ၃၂၁၀ | ၄၂၀၀ |
| HSD (50 ppm) | ၃၃၄၀ | ၃၄၂၀ | ၃၃၉၅ | ၃၃၅၀ | ၃၄၂၀ | ၃၄၃၅ | ၃၄၄၅ | ၃၄၀၀ | ၃၅၃၀ | ၃၅၆၀ | ၃၄၁၀ | ၃၄၂၅ | ၃၄၆၀ | ၃၄၄၅ | ၃၄၆၀ | ၃၈၆၀ | ၄၂၂၀ |
| HSD (10 ppm) | ၃၃၄၀ | ၃၄၂၀ | ၃၃၉၅ | ၃၃၅၀ | ၃၄၂၀ | ၃၄၃၅ | ၃၄၄၅ | ၃၄၀၀ | ၃၅၃၀ | ၃၅၆၀ | ၃၄၁၀ | ၃၄၂၅ | ၃၄၆၀ | ၃၄၄၅ | ၃၄၆၀ | ၃၈၆၀ | ၄၂၂၀ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၉၄၀ | ၃၀၃၂ |
| 95 Ron | ၃၁၄၁ | ၃၂၃၈ |
| HSD (500 ppm) | ၂၅၄၁ | ၂၆၂၂ |
| HSD (50 ppm) | ၃၁၇၃ | ၃၂၆၆ |
| HSD (10 ppm) | ၃၁၇၃ | ၃၂၆၆ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇

၀၆၇- ၄၁၁၂၈၂၊ ၀၉-၇၇၅၂၉၃၆၃၂

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ**



# တီးတိန်မြို့၌ အငြိမ်းစားဝန်ထမ်းများ၏ ပင်စင်လစာထုတ်ပေးလျက်ရှိ

တီးတိန် အောက်တိုဘာ ၂၂

ချင်းပြည်နယ် တီးတိန်မြို့၌ တီးတိန်မြို့နယ်နှင့် တွန်းဇံမြို့နယ်ရှိ အငြိမ်းစားဝန်ထမ်းများနှင့် ပင်စင်စားများ၏ ပင်စင်လစာများကို တီးတိန်မြို့ မြန်မာ့စီးပွားရေးဘဏ်တွင် ယမန်နေ့မှစတင်၍ ထုတ်ပေးလျက်ရှိကြောင်း သိရသည်။

တီးတိန်မြို့၌ မေ ၂၇ ရက်တွင် ဖြစ်ပွားခဲ့သော တိုက်ပွဲများကြောင့် တီးတိန်မြို့ မြန်မာ့စီးပွားရေးဘဏ်လုပ်ငန်းများ ယာယီရပ်ဆိုင်းခဲ့ရာ စက်တင်ဘာလမှစ၍ ဘဏ်လုပ်ငန်းများ ပုံမှန်ပြန်လည်ဆောင်ရွက်လျက်ရှိပြီး တီးတိန်မြို့နယ်၌ အငြိမ်းစားဝန်ထမ်းများနှင့် ပင်စင်စားများ ၁၃၈၉ ဦးရှိကြောင်း သိရသည်။

မိုးမိုး

# ကချင်ပြည်နယ် ဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌဖလား အသက် ၂၀ အောက် အမျိုးသားဘောလုံးပြိုင်ပွဲ ဖွင့်ပွဲကျင်းပ



မြစ်ကြီးနား အောက်တိုဘာ ၂၂

ကချင်ပြည်နယ် မြစ်ကြီးနားမြို့ရှိ ပြည်နယ်ပြည်သူ့အားကစားကွင်း၌ ကချင်ပြည်နယ်ဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌဖလား အသက် ၂၀ အောက် အမျိုးသားဘောလုံးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို အောက်တိုဘာ ၂၁ ရက် ညနေ ၃ နာရီက ကျင်းပသည်။

ဖွင့်ပွဲအခမ်းအနားတွင် ကချင်ပြည်နယ်ဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးလအောင်က လူငယ်လက်ရွေးစင်ကစားသမား အမြောက်အမြားပေါ်ထွန်းလာစေရေးနှင့် အမျိုးသားအားကစားပွဲတော်အတွက် လူငယ်ကစားသမားများ ရွေးချယ်ဆောင်ရွက်သွားမည့် အစီအစဉ်များ၊ ပြိုင်ပွဲများကျင်းပပေးရသည့် ရည်ရွယ်ချက်များကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်အဆင့်ဌာနဆိုင်ရာများနှင့် ပြည်နယ်ဘောလုံးအဖွဲ့ဥက္ကဋ္ဌတို့က ဘောလုံးကွင်းအတွင်းရှိ ဘောလုံးအသင်း အုပ်ချုပ်သူ/နည်းပြနှင့် ကစားသမားများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်အားပေးခဲ့ကြပြီး ဘောလုံးများကို ထောက်ပံ့ပေးအပ်ခဲ့ကြသည်။

ယင်းနောက် အကအဖွဲ့များနှင့် စက်ဘီးအဖွဲ့များ၏ ဖျော်ဖြေတင်ဆက်မှုကို ကြည့်ရှုအားပေးခဲ့ကြကာ ပြည်နယ်ဝန်ကြီးများက ဖျော်ဖြေရေးအဖွဲ့များအတွက် ချီးမြှင့်ထောက်ပံ့ငွေများကို ပေးအပ်ပြီး အဖွင့်ပွဲစဉ်အဖြစ် မန်ခိန်အသင်းနှင့် မလိခအသင်းတို့၏ ယှဉ်ပြိုင်ကစားမှုကို ကြည့်ရှုအားပေးခဲ့ကြသည်။

အဆိုပါ ဘောလုံးပြိုင်ပွဲကို ခရိုင်အားကစားနှင့်ကာယပညာဦးစီးဌာန၊ မြို့ပေါ်ရပ်ကွက်များ၊ ကလပ်အသင်းများမှ ဘောလုံးအသင်းပေါင်း ခုနစ်သင်း ဝင်ရောက်ယှဉ်ပြိုင်ကြမည်ဖြစ်ပြီး အဆိုပါ ပြိုင်ပွဲဝင် ဘောလုံးအသင်းများမှ လူငယ်ကစားသမားများအား စိစစ်ရွေးချယ်ကာ ၂၀၂၄ ခုနှစ် ဒီဇင်ဘာလအတွင်း ကျင်းပမည့် ပဉ္စမအကြိမ်မြောက် အမျိုးသားအားကစားပွဲတော်တွင် ပြည်နယ်ကိုယ်စားပြုယှဉ်ပြိုင်အောင်နိုင်မှုရရှိရေးအတွက် စခန်းသွင်းလေ့ကျင့်မည်ဖြစ်ကြောင်း သိရသည်။

ပြည်နယ်(ပြန်/ဆက်)

# ကျွန်းလှမြို့နယ်၌ ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် ဆီထွက်သီးနှံ ဧက ၂၉၀၀၀ ကျော် စိုက်ပျိုးမည်

ကျွန်းလှ အောက်တိုဘာ ၂၂

စစ်ကိုင်းတိုင်းဒေသကြီး ကျွန်းလှမြို့နယ်၌ ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် ဆီထွက်သီးနှံ ဧက ၂၉၀၀၀ ကျော် လျာထားစိုက်ပျိုးမည်ဖြစ်ကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

**အသိပညာပေးလျက်ရှိ**

"ဒီနှစ်ဆောင်းရာသီမှာ ဆီထွက်သီးနှံစိုက်ပျိုးဖို့ ဧက ၂၉၅၄၀ လျာထားပါတယ်။ တောင်သူတွေကို ဒေသရာသီဥတုနဲ့ကိုက်ညီတဲ့ မျိုးကောင်းမျိုးသန့်စိုက်ပျိုးရေး၊ စိုက်နည်းစနစ်မှန်ကန်ရေး စတဲ့စိုက်ပျိုးရေးဆိုင်ရာများ အသိပညာပေးလျက်ရှိပါတယ်" ဟု မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်မြင့်မြင့်ရီက ပြောသည်။

ကျွန်းလှမြို့နယ်၌ ၂၀၂၄-၂၀၂၅ ခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် ဆီထွက်သီးနှံအဖြစ် မြေပဲ ၁၃၈၉၆ ဧက၊ နေကြာ ၁၂၃၆ ဧက၊ နှမ်း ၁၄၀၃၃ ဧကနှင့် မုန်ညင်းစေ့ ၃၅၇ ဧက စုစုပေါင်း ဧက ၂၉၅၄၀ လျာထားစိုက်ပျိုးမည်ဖြစ်ကြောင်း သိရသည်။

မျိုးဝင်းညို(ကျွန်းလှ)

# ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနက ထိန်းသိမ်းထားသော ရေလှောင်တမံနှင့် ရေထိန်းတမံများ ကြံ့ခိုင်မှုကောင်းမွန်လျက်ရှိပြီး စိုးရိမ်ရန်မရှိ

နေပြည်တော် အောက်တိုဘာ ၂၂

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနက ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်တွင် ထိန်းသိမ်းထားသော ရေလှောင်တမံနှင့် ရေထိန်းတမံစုစုပေါင်း ၁၂ ခုရှိရာ အောက်တိုဘာ ၂၂ ရက်တွင် ပေါင်းလောင်းရေလှောင်တမံ၌ HED ရေတံခါး ၂၀ ချပ်ထောင်ထားပါသဖြင့် ရေပိုလွှဲမှ ရေကျော်စီးဆင်းမှု မရှိတော့ဘဲ ရေပိုမိုသိုလှောင်ထားသည်။

အဆိုပါရေလှောင်တမံများ၏ ကြံ့ခိုင်မှုအခြေအနေမှာ ကောင်းမွန်လျက်ရှိပြီး တာဝန်ကျဝန်ထမ်းများအား ၂၄ နာရီ ရေကင်းတာဝန်ချထား၍ အနီးကပ်စောင့်ကြပ်စစ်ဆေးလျက်ရှိကြောင်းနှင့် စိုးရိမ်ရန်မရှိကြောင်း သိရသည်။

သတင်းစဉ်

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန
ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်

ရက်စွဲ ၂၂-၁၀-၂၀၂၄
(၆:၀၀)နာရီ

ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်

အကြောင်းအရာ ။ ။ ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်လက်အောက်ရှိ ရေလှောင်တမံများ၏ ရေမှတ်များပေးပို့ခြင်း။

| စဉ် | ရေလှောင်တမံအမည် | ကန်ရေပြည့် | | ကန်ရေသေ | | (၂၂.၁၀.၂၀၂၄)နေ့ရှိ | | | ယနေ့ ထုတ်လွှတ်သည့် ရေပမာဏ (ဧကပေ) | ကန်ရေပြည့်ရန် လိုအပ်သည့် | | ကန်ရေပြည့်ပြီး | | မိုးရေချိန် (လက်မ) | ယခင်နေ့ ရေမှတ် |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | ရေမှတ် (ပေ) | သိုလှောင်ရေ ပမာဏ (ဧကပေ) | ရေမှတ် (ပေ) | သိုလှောင်ရေ ပမာဏ (ဧကပေ) | ဝင်ရေ (ဧကပေ) | ရေမှတ် (ပေ) | သိုလှောင် ပမာဏ (ဧကပေ) | | ရေအနက် (ပေ) | သိုလှောင် ပမာဏ (ဧကပေ) | အမြင့် (ပေ) | ပိုလျှံရေ ပမာဏ (ဧကပေ) | | |
| ၁ | ပေါင်းလောင်းတမံ | ၆၂၃.၃၉ | ၅၄၉၄၂၀ | ၅၄၁.၃၆ | ၂၇၃၆၆၀ | ၁၆၄၂၂ | ၆၂၆.၆၃ | ၅၆၃၃၀၆ | ၁၆၉၄၆ (လျှပ်စစ်) ထုတ်ရေ) | - | - | ၃.၂၄ | - | ၀.၀၁ | ၆၂၆.၇၆ |
| ၂ | မဒန်းတမံ | ၆၃၅.၀၀ | ၃၆၅၀၀ | ၅၉၀.၀၀ | ၅၂၀၀ | ၁၉၅ | ၆၂၇.၂၀ | ၂၈၃၅၂ | - | ၇.၈၀ | ၈၁၄၈ | - | - | ၀.၂၀ | ၆၂၇.၀၀ |
| ၃ | ချောင်းမငယ်တမံ | ၅၂၀.၀၀ | ၉၁၇၇၀ | ၄၈၀.၀၀ | ၁၅၃၀၀ | ၁၇၂ | ၅၁၈.၆၀ | ၈၇၉၄၈ | ၂၇၀ | ၁.၄၀ | ၃၈၂၂ | - | - | ၀.၂၆ | ၅၁၈.၆၅ |
| ၄ | ဖောင်းလောင်တမံ | ၅၁၂.၀၀ | ၁၂၂၅၇ | ၄၉၀.၅၀ | ၂၅၄၀ | ၁၅ | ၅၀၉.၀၅ | ၁၀၂၁၉ | ၇ | ၂.၉၅ | ၂၀၃၈ | - | - | ၀.၀၅ | ၅၀၉.၀၅ |
| ၅ | ရေဆင်းတမံ | ၄၃၉.၀၀ | ၇၃၀၀၀ | ၃၆၈.၄၀ | ၁၀၄၀ | ၂၄၈ | ၄၃၇.၇၈ | ၆၉၃၄၀ | ၂၈၆ | ၁.၂၂ | ၃၆၆၀ | - | - | ၀.၀၉ | ၄၃၇.၈၀ |
| ၆ | ငလိုက်တမံ | ၅၃၅.၀၀ | ၇၅၀၀၀ | ၅၀၆.၀၀ | ၁၂၉၅၀ | ၂၅ | ၅၃၄.၅၁ | ၇၃၀၃၀ | - | ၀.၄၉ | ၁၉၇၀ | - | - | - | ၅၃၄.၅၁ |
| ၇ | သဲဖြူတမံ | ၄၁၈.၀၀ | ၈၇၁၈ | ၃၉၀.၀၀ | ၆၈၇ | ၁ | ၄၁၅.၉၁ | ၇၅၃၈ | ၁၁ | ၂.၀၉ | ၁၁၈၀ | - | - | - | ၄၁၅.၉၅ |
| ၈ | ဆင်သေတမံ | ၇၁၀.၀၀ | ၁၄၃၀၉၀ | ၆၇၄.၀၀ | ၁၇၃၀၃ | ၁၅၁ | ၇၀၃.၄၄ | ၁၀၇၀၉၆ | ၁၆၅ | ၆.၅၆ | ၃၅၉၉၄ | - | - | ၀.၁၈ | ၇၀၃.၄၅ |
| ၉ | ကင်းသာရေထိန်းတမံ | ၅၅၈.၅၀ | ၇၂ | ၅၄၅.၀၀ | ၈ | | | | | ရေတိုက်စား | | | | ၀.၂၅ | |
| ၁၀ | မုန်ရေထိန်းတမံ | ၆၀၂.၀၀ | ၅၀၀ | ၅၉၂.၀၀ | ၂၂၅ | ၁၁၃ | ၆၀၁.၈၅ | ၄၉၃ | ၆၁ | ၀.၁၅ | ၇ | - | - | ၀.၁၈ | ၆၀၁.၈၅ |
| ၁၁ | မြို့လှတမံ | ၈၇၀.၀၀ | ၁၄၆၀၀ | ၈၅၀.၀၀ | ၄၅၂၀ | ၃၀ | ၈၆၃.၄၅ | ၁၀၁၁၅ | ၂၈ | ၆.၅၅ | ၄၄၈၅ | - | - | ၀.၂၁ | ၈၆၃.၄၅ |
| ၁၂ | တောက်ပြိုတမံ | ၆၇၉.၀၀ | ၂၄၉၁ | ၆၅၉.၀၀ | ၄၇၅ | ၁ | ၆၇၄.၀၀ | ၁၈၃၈ | - | ၅.၀၀ | ၆၅၃ | - | - | - | ၆၇၄.၀၀ |

မှတ်ချက် - ပေါင်းလောင်းတမံတွင် HED ရေတံခါးရွက် (၂၀)ချပ် ထောင်ထားပါသည်။

# မိုးစပါးစိုက်ကေများအပေါ်တွင် သီးထပ်သီးနှံများ အပြည့်အဝစိုက်ပျိုးနိုင်ရေး အထူးအလေးထားဆောင်ရွက်

**ရန်ကုန်  အောက်တိုဘာ  ၂၂**

ရန်ကုန်တိုင်းဒေသကြီးအတွင်း မိုးစပါးစိုက်ကေများအပေါ်တွင် သီးထပ်သီးနှံများ အပြည့်အဝစိုက်ပျိုးနိုင်ရေးအတွက် ညှိနှိုင်းအစည်းအဝေးကို ယနေ့ နံနက်ပိုင်းက ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး မင်္ဂလာခန်းမ၌ ပြုလုပ်သည်။

ဦးစွာ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်းက အဖွင့်အမှာစကားပြောကြားရာတွင် တိုင်းဒေသကြီးအတွင်းရှိ တောင်သူများအား မိုးစပါး ရိတ်သိမ်းပြီးပါက ပဲအမျိုးမျိုး၊ ဆီထွက်သီးနှံနှင့် စားဖိုဆောင်သီးနှံများ စိုက်ပျိုးကြရေး၊ ခရိုင်/မြို့နယ် အလိုက် စံပြစိုက်ကွက်များဖြင့် စိုက်ပျိုးရေး တိုင်းဒေသကြီးဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ခရိုင် / မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများက အနီးကပ်ကြီးကြပ်၍ ပူးပေါင်းညှိနှိုင်း ဝိုင်းဝန်းဆောင်ရွက်ကြရန် ပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီးစီးပွားရေးရာဝန်ကြီး ဦးမျိုးမြင့်အောင်က နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်ဖြစ်သည့် ရန်ကုန်တိုင်းဒေသကြီးအနေဖြင့် ဆန်ဖူလုံမှု ၁၀၀ ရာခိုင်နှုန်းရအောင် ဆောင်ရွက်ကြရမည်ဖြစ်ပြီး သီးထပ်စွမ်းအား ၁၀၀ ရာခိုင်နှုန်းပြည့်မီအောင်စိုက်ပျိုးရန်၊ ပန်းတိုင်အထွက်နှုန်းရအောင် ကြိုးပမ်းဆောင်ရွက်ရန် ပြောကြားသည်။

၎င်းနောက် ရန်ကုန်တိုင်းဒေသကြီးဌာနဆိုင်ရာများဖြစ်သည့် စိုက်ပျိုးရေးဦးစီးဌာန၊ ကြေးတိုင်နှင့် မြေစာရင်းအင်းဦးစီးဌာန၊ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၊ စက်မှုလယ်ယာဦးစီးဌာနတို့မှ တာဝန်ရှိသူများက လုပ်ငန်းကဏ္ဍများအလိုက် ရှင်းလင်းတင်ပြကြပြီး တိုင်းဒေသကြီးအစိုးရအဖွဲ့အတွင်းရေးမှူး ဦးခင်မောင်ဆန်းက သီးနှံစိုက်စွမ်းအားမြှင့်တင်နိုင်ရေး ရှင်းလင်းပြောကြားရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။

**ဆန်းကျော်ဦး(ပြန်/ဆက်)**





# တောင်တွင်းကြီးမြို့၌ ပလတ်စတစ်သုံးစွဲမှုလျှော့ချရေး အသိပညာပေး လက်ကမ်းစာစောင်များ အခမဲ့ဖြန့်ဝေ

**တောင်တွင်းကြီး  အောက်တိုဘာ  ၂၂**

မကွေးတိုင်းဒေသကြီး တောင်တွင်းကြီးမြို့နယ်၌ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ပြည်သူများ ပလတ်စတစ်အိတ်လျှော့နည်းသုံးစွဲစေရန် ရည်ရွယ်၍ ဒက္ခိဏဈေးအတွင်း ဈေးရောင်း ဈေးဝယ်ပြည်သူများအား ပလတ်စတစ်အိတ်အစား ငှက်ပျောဖက်၊ အင်ဖက်၊ စက္ကူအိတ်များ အသုံးပြုနိုင်ရေး အသိပညာပေးခြင်းနှင့် ပလတ်စတစ်ညစ်ညမ်းမှုလျှော့ချရေး အသိပညာပေးလက်ကမ်းစာစောင် ဖြန့်ဝေခြင်းကို ယမန်နေ့ နံနက် ၇ နာရီက ဆောင်ရွက်ခဲ့သည်။

**အခမဲ့ဖြန့်ဝေ**

အဆိုပါလုပ်ငန်းများဆောင်ရွက်ရာတွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိနှင့် ဝန်ထမ်းများ၊ ကျန်းမာရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ ဒက္ခိဏဈေး အကျိုးတော်ဆောင်အဖွဲ့များ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနမှ ဝန်ထမ်းများပူးပေါင်း၍ ဈေးရောင်း၊ ဈေးဝယ်ပြည်သူများအား ဈေးဝယ်ယူရာတွင် လက်ဆွဲခြင်းများ၊ ထည့်စရာများ ယူဆောင်လာရန် အသိပညာပေးခြင်း၊ လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခြင်းနှင့် အင်ဖက်၊ စက္ကူအိတ်များ အခမဲ့ဖြန့်ဝေခဲ့ကာ ပလတ်စတစ်အိတ်အသုံးပြုမှု လျှော့ချရေးအတွက် အသိပညာပေးခြင်းကို အပတ်စဉ် တနင်္လာနေ့တိုင်း ပြုလုပ်မည်ဖြစ်ကြောင်း သိရသည်။

**နောင်နောင် (ဗိဿနိုးမြေ)**

# လယ်ယာသုံးစက်ကိရိယာ မောင်းနှင်ထိန်းသိမ်းမှု အခြေခံသင်တန်းဖွင့်ပွဲ ကျင်းပ

**သထုံ  အောက်တိုဘာ  ၂၂**

မွန်ပြည်နယ် သထုံမြို့နယ်၌ လယ်ယာသုံး စက်ကိရိယာ မောင်းနှင်ထိန်းသိမ်းမှု အခြေခံသင်တန်းဖွင့်ပွဲကို ယနေ့နံနက်က မြေနီကုန်းကျေးရွာရှိ စိုက်ပျိုးရေးနှင့် မွေးမြူရေးသိပ္ပံ(သထုံ)ကျောင်းခန်းမ၌ ကျင်းပသည်။



အခမ်းအနားတွင် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးရဲနိုင်က ယနေ့ကာလသည် လက်မှုလယ်ယာမှ စက်မှုလယ်ယာသို့ ကူးပြောင်းနေပြီဖြစ်ရာ တောင်သူများအနေဖြင့် လက်ဝယ်ရှိသည့် လယ်ယာသုံးစက်ကိရိယာများကို စနစ်တကျ မောင်းနှင်ထိန်းသိမ်းတတ်ရန်လိုအပ်ကြောင်း၊ ယခုဖွင့်လှစ်သည့်သင်တန်းကို စနစ်တကျလေ့လာသင်ယူပြီး ပြန်လည်ဖြန့်ဖြူးပေးခြင်းဖြင့် မိမိတို့၏ ရပ်ရွာအကျိုးကို သယ်ပိုးဆောင်ရွက်ကြစေလိုကြောင်း ပြောကြားသည်။

ယင်းနောက် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင် ဦးမောင်မောင်မြင့်က သင်တန်းသားများထံ သင်ထောက်ကူပစ္စည်းများ ပေးအပ်သည်။

အဆိုပါသင်တန်းတွင် ဒေသတွင်း လယ်ယာလုပ်ငန်းခွင်များ၌ အသုံးပြုမှုများသည့် တစ်လုံးထိုးလက်တွန်းထွန်စက်၊ ထွန်စက်ကြီး၊ ရိတ်ခြွေစက်နှင့် ကောက်စိုက်စက်များကို စနစ်တကျမောင်းနှင်ခြင်း၊ ပြုပြင်ထိန်းသိမ်းခြင်းများကို တောင်သူ စုစုပေါင်း ၃၀ တို့အား စက်မှုလယ်ယာဦးစီးဌာန အမှတ်(၇) အလတ်စားစက်ပြင်အလုပ်ရုံမှ ကျွမ်းကျင်နည်းပြများက လေးပတ်ကြာ စာတွေ့လက်တွေ့ သင်ကြားပေးမည် ဖြစ်ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# ကြံခင်းမြို့နယ်၌ မိုးစပါးများပြန်လည်စိုက်ပျိုးနိုင်ရေး သွင်းအားစုမျိုးစပါးများ ထောက်ပံ့ပေးအပ်

**ကြံခင်း  အောက်တိုဘာ  ၂၂**

ဧရာဝတီတိုင်းဒေသကြီး ကြံခင်းမြို့နယ်၌ ရေကြီးနစ်မြုပ်၍ ထိခိုက်သော မိုးစပါးများပြန်လည်စိုက်ပျိုးနိုင်ရေးအတွက် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေမှ ချေးငွေဖြင့် သွင်းအားစုမျိုးစပါးများ ထောက်ပံ့



ပေးအပ်ပွဲ အခမ်းအနားကို ယနေ့နံနက် ၁၀ နာရီက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ရောဦးခန်းမ၌ ကျင်းပသည်။

**ရှင်းလင်းပြောကြား**

ဦးစွာ မြန်အောင်ခရိုင် စိုက်ပျိုးထုတ်လုပ်တိုးတက်မြင့်မားရေးကော်မတီဥက္ကဋ္ဌ ဦးမျိုးလှိုင်က အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်စိုက်ပျိုးထုတ်လုပ်မှုတိုးတက်မြင့်မားရေးကော်မတီဥက္ကဋ္ဌ ဦးသိန်းတန်က မိုးစပါးများ ပြန်လည်စိုက်ပျိုးနိုင်ရေးအတွက် သွင်းအားစုမျိုးစပါးများ ထောက်ပံ့ပေးအပ်ရခြင်း၏ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။

ဆက်လက်ပြီး ကျေးရွာအုပ်စုကိုးအုပ်စု၌ ရေကြီးနစ်မြုပ်ထိခိုက် ၅၂၄ ဧကအတွက် ယူရီးယား ၆၆ အိတ်၊ ပိုတက် ၆၆ အိတ်၊ ကျောက်မှုန့် ၅၂၄ အိတ်နှင့် ပျက်စီးခဲ့သောဧက ၇၃၁ ဧကအတွက် ပြန်လည်စိုက်ပျိုးနိုင်ရန် တစ်ဧကလျှင် တစ်တင်းနှုန်းဖြင့် မျိုးစပါးများ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# မင်းလှမြို့နယ်၌ ပလတ်စတစ်အိတ်သုံးစွဲမှုလျှော့ချရေး အသိပညာပေး

**အထက်မင်းလှ  အောက်တိုဘာ  ၂၂**

မကွေးတိုင်းဒေသကြီး မင်းလှမြို့နယ်၌ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ပြည်သူများ ပလတ်စတစ်အိတ်လျှော့ချသုံးစွဲစေရန် ရည်ရွယ်၍ ဇေယျာသီရိဈေးတွင် ဈေးရောင်း ဈေးဝယ်များအား အသိပညာပေးလက်ကမ်းစာစောင်နှင့် ငှက်ပျောဖက်များ ဖြန့်ဝေပေးခြင်းကို ယမန်နေ့ နံနက် ၈ နာရီက ဆောင်ရွက်ခဲ့သည်။

အဆိုပါအသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် မြို့နယ်စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိနှင့် ဝန်ထမ်းများ၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဝန်ထမ်းများ ပူးပေါင်း၍ ဈေးရောင်းဈေးဝယ်ပြည်သူများအား အသိပညာပေး လက်ကမ်းစာစောင်များနှင့် ငှက်ပျောဖက်များ အခမဲ့ဖြန့်ဝေပေးခဲ့ပြီး ပလတ်စတစ်အိတ်အသုံးပြုမှု လျှော့ချရေး အသိပညာပေး ပြောကြားခဲ့ကြောင်း သိရသည်။

**ဇာဇာ(အထက်မင်းလှ)**

■



ပူနွေးကမ္ဘာ
တားဆီးရာ
မြေရှာတစ်ခု
တောပြုစု။

# ဆိုင်ကယ်စီးလျှင် အရည်အသွေးပြည့်မီသော ဆိုင်ကယ်စီးဦးထုပ်ကို အမြဲဆောင်းရန် အရေးကြီးပါသည်

**ဒေါက်တာသံလွင်ထွန်း၊ ကျန်းမာရေးဝန်ကြီးဌာန**

**“ ဆိုင်ကယ်စီးဦးထုပ်ဆောင်းရခြင်း၏ အဓိကအကြောင်းရင်းမှာ လုံခြုံရေးဖြစ်သည်။ လေ့လာမှုများအရ ဆိုင်ကယ်စီးဦးထုပ်ဆောင်းခြင်းသည် မတော်တဆမှုတစ်ခုတွင် ဦးခေါင်းဒဏ်ရာဖြစ်နိုင်ခြေကို သိသိသာသာ လျှော့ချပေးကြောင်း တွေ့ရှိရပါသည်။ ဆိုင်ကယ်စီးဦးထုပ်ဆောင်းခြင်းသည် မော်တော်ဆိုင်ကယ်စီးနင်းသူများ အသက်ဆုံးရှုံးစေသော ထိခိုက်ဒဏ်ရာများကို ကာကွယ်ရာတွင် အလွန်ထိရောက်မှုရှိပါသည်။ မြန်မာနိုင်ငံတွင် မော်တော်ဆိုင်ကယ်ဦးထုပ်သုံးစွဲမှုဆိုင်ရာ လေ့လာမှုအရ ၂၀၁၆ ခုနှစ်တွင် ခန့်မှန်းခြေဦးထုပ်ဆောင်းမှုမှာ ၅၁ ဒသမ ၆၆ ရာခိုင်နှုန်းဖြစ်သည်။ ယာဉ်တိုက်မှုတွင် ထိခိုက်မှုမှာ ပြင်းထန်သောဦးနှောက်ဒဏ်ရာများအထိ ဖြစ်စေနိုင်ပြီး ဆိုင်ကယ်စီးဦးထုပ်ဆောင်းခြင်းသည် အရေးကြီးသောကာကွယ်မှုကိုပေးနိုင်ပြီး ဦးခေါင်းဒဏ်ရာရခြင်းမှ အထိရောက်ဆုံးကာကွယ်နိုင်သည့် တစ်ခုတည်းသောနည်းလမ်းဖြစ် ”**

မော်တော်ဆိုင်ကယ်စီးခြင်းသည် စီးနင်းသူများအား အခြားယာဉ်အနည်းငယ်သာ ရရှိတွေ့ကြုံခံစားနိုင်စေမည့် စိတ်လှုပ်ရှားဖွယ်ရာနှင့် လွတ်လပ်သော သယ်ယူပို့ဆောင်ရေးစနစ်တစ်ခု ဖြစ်သည်။ သို့သော်လည်း ဆိုင်ကယ်စီးခြင်းနှင့်အတူ အသက်အန္တရာယ်နှင့် ကြုံတွေ့ရနိုင်ခြင်းကဲ့သို့သော သိသာထင်ရှားသည့် အန္တရာယ်များနှင့်လည်း တွေ့ကြုံရနိုင်ပါသည်။ မော်တော်ဆိုင်ကယ်စီးနေစဉ် မိမိကိုယ်ကို ကာကွယ်ရန် အထိရောက်ဆုံးနည်းလမ်းတစ်ခုမှာ ဆိုင်ကယ်စီးဦးထုပ်ဆောင်းခြင်းပင် ဖြစ်ပါသည်။

မော်တော်ဆိုင်ကယ် စီးနင်းသူများသည် အန္တရာယ်အရှိဆုံး စွမ်းအင်သုံး ယာဉ်လမ်းအသုံးပြုသူများဖြစ်သည်။ ဤဆောင်းပါးသည် မော်တော်ဆိုင်ကယ်စီးသူများအတွက် ဆိုင်ကယ်စီးဦးထုပ်ဆောင်းရန် မရှိမဖြစ်လိုအပ်သည့် အကြောင်းရင်းများ၊ ဘေးကင်းစေရေး၊ တရားဥပဒေ သတ်မှတ်ချက်များနှင့် တာဝန်သိစွာ စီးနင်းမှုမြှင့်တင်ရေးတို့ကို အလေးပေး ဖော်ပြထားပါသည်။

**ဦးထုပ်ဘာကြောင့်ဆောင်းရတာလဲ**

မော်တော်ဆိုင်ကယ် တိမ်းမှောက်ခြင်းသည် မာကျောသောအရာများနှင့် တိုက်ရိုက်ထိတွေ့ခြင်းကြောင့် သို့မဟုတ် အလွန်အမင်းအရှိန်ကြောင့် ဖြစ်စေ ဦးခေါင်းဒဏ်ရာရရှိနိုင်သည်။ ဆိုင်ကယ်စီးနင်းသူ၏ ဦးခေါင်းက လူသွားလမ်း သို့မဟုတ် မြေပြင်ကို ထိမိသည့်အခါ ဦးခေါင်းခွံအတွင်းမှ အရိုးများကို ထိမိပြီး သေစေနိုင်သည့်အတွက် မော်တော်ဆိုင်ကယ်စီးသည့်အခါ ဆိုင်ကယ်စီးဦးထုပ်ကို အမြဲဆောင်းရန် အလွန်အရေးကြီးပါသည်။

**ဦးထုပ်ဆောင်းရန် တရားဝင်တာဝန်ရှိပါသလား**

အဖြေက **“ဟုတ်ကဲ့”** ဖြစ်ပါသည်။ နိုင်ငံတိုင်းနီးပါးတွင် ဆိုင်ကယ်စီးနင်းသူများနှင့် ခရီးသည်များအား အကာအကွယ်ဦးထုပ်ဆောင်းရန် ဥပဒေများ ပြဋ္ဌာန်းထားပြီး နိုင်ငံတစ်နိုင်ငံနှင့် တစ်နိုင်ငံ ယာဉ်မောင်းများ၏ အသက်နှင့် ယာဉ်စွမ်း အားသတ်မှတ်ချက်အပေါ်မူတည်၍ တစ်နိုင်ငံနှင့် တစ်နိုင်ငံ မတူညီကြသော်လည်း ဆိုင်ကယ်စီးဦးထုပ်ဆောင်းရန် တာဝန်ရှိကြောင်း တွေ့ရှိရပါသည်။



ဆိုင်ကယ်စီးနေစဉ် ဆိုင်ကယ်စီးဦးထုပ် ဆောင်းထားသည့် ဝန်ထမ်းကို တွေ့ရစဉ်။

**ဘေးကင်းရေး ပထမ**

ဆိုင်ကယ်စီးဦးထုပ်ဆောင်းရခြင်း၏ အဓိကအကြောင်းရင်းမှာ လုံခြုံရေးဖြစ်သည်။ လေ့လာမှုများအရ ဆိုင်ကယ်စီးဦးထုပ်ဆောင်းခြင်းသည် မတော်တဆမှုတစ်ခုတွင် ဦးခေါင်းဒဏ်ရာဖြစ်နိုင်ခြေကို သိသိသာသာ လျှော့ချပေးကြောင်း တွေ့ရှိရပါသည်။ ဆိုင်ကယ်စီးဦးထုပ်ဆောင်းခြင်းသည် မော်တော်ဆိုင်ကယ်စီးနင်းသူများ အသက်ဆုံးရှုံးစေသော ထိခိုက်ဒဏ်ရာများကို ကာကွယ်ရာတွင် အလွန်ထိရောက်မှုရှိပါသည်။ မြန်မာနိုင်ငံတွင် မော်တော်ဆိုင်ကယ်ဦးထုပ် သုံးစွဲမှုဆိုင်ရာလေ့လာမှုအရ ၂၀၁၆ ခုနှစ်တွင် ခန့်မှန်းခြေ ဦးထုပ်ဆောင်းမှုမှာ ၅၁ ဒသမ ၆၆ ရာခိုင်နှုန်းဖြစ်သည်။ ယာဉ်တိုက်မှုတွင် ထိခိုက်မှုမှာ ပြင်းထန်သော ဦးနှောက်ဒဏ်ရာများအထိ ဖြစ်စေနိုင်ပြီး ဆိုင်ကယ်စီးဦးထုပ်ဆောင်းခြင်းသည် အရေးကြီးသော ကာကွယ်မှုကိုပေးနိုင်ပြီး ဦးခေါင်းဒဏ်ရာရခြင်းမှ အထိရောက်ဆုံး ကာကွယ်နိုင်သည့် တစ်ခုတည်းသောနည်းလမ်း ဖြစ်ပါသည်။

**ဥပဒေကဏ္ဍ**

ဒေသများစွာတွင် ဆိုင်ကယ်စီးဦးထုပ်ဆောင်းခြင်းသည် ဘေးကင်းစေရေး အတိုင်းအတာတစ်ခုမျှသာမက ဥပဒေပြဋ္ဌာန်းချက်လည်း ဖြစ်ပါသည်။ နိုင်ငံတစ်နိုင်ငံနှင့်တစ်နိုင်ငံ ဥပဒေများသည် ကွဲပြားသော်လည်း အများစုတွင် အဆိုပါဥပဒေများသည် မော်တော်ဆိုင်ကယ် မတော်တဆမှုများနှင့် ဆက်စပ်သော ကျန်းမာရေးစောင့်ရှောက်မှုစနစ်များအတွက် စီးပွားရေးဆိုင်ရာဝန်ထုပ်ဝန်ပိုးကို လျှော့ချရန် ပြဋ္ဌာန်းထားပါသည်။

ဤဥပဒေများကို လိုက်နာခြင်းဖြင့် ဆိုင်ကယ်စီးနင်းသူများသည် မိမိတို့ကိုယ်ကို ကာကွယ်ရုံသာမက လမ်းအန္တရာယ်ကင်းရှင်းရေးအတွက် လူမှုအဖွဲ့အစည်းများ၏ ကျယ်ပြန့်သောကြိုးပမ်းအားထုတ်မှုများကိုလည်း အထောက်အကူဖြစ်စေပါသည်။ အဆိုပါဥပဒေများကို လျစ်လျူရှုပါက ဒဏ်ငွေနှင့် တရားဥပဒေဆိုင်ရာ အကျိုးဆက်များ ဖြစ်ပေါ်စေပြီး စီးနင်းသူများအနေဖြင့် ဥပဒေစည်းမျဉ်းများကို နားလည်လိုက်နာရန် မရှိမဖြစ်လိုအပ်ပါသည်။

ယာဉ်မတော်တဆ ထိခိုက်မှုအန္တရာယ်ကြောင့် ပြည်သူတို့၏ အသက်နှင့် လူမှုစီးပွားဘဝဆုံးရှုံးမှုများ၊ ဒဏ်ရာရမှုများ လျော့နည်းကျဆင်းစေရေးအတွက် အမျိုးသားယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးကောင်စီ (NRSC)၏ အချိန်တိုအတွင်း ထိရောက်မြန်ဆန်စွာ အကောင်အထည်ဖော်ရေး Quick Win လုပ်ငန်းအစီအမံ (၅)ရပ်နှင့်အညီ အောက်ပါအတိုင်း ဆောင်ရွက်ကြပါရန် အသိပေးနှိုးဆော်ထားပါသည် –

(က) မော်တော်ယာဉ်မောင်းနှင်အသုံးပြုရာတွင် မော်တော်ယာဉ်မောင်းနှင်သူနှင့် လိုက်ပါစီးနင်းသူများ အသက်ကယ်ထိုင်ခုံခါးပတ် ဝတ်ဆင်အသုံးပြုရန်၊

(ခ) မော်တော်ဆိုင်ကယ် မောင်းနှင်စီးနင်းသူများ၊ နောက်မှလိုက်ပါစီးနင်းသူများအနေဖြင့် အရည်အသွေးပြည့်မီသော ဆိုင်ကယ်စီးဦးထုပ်များ ဝတ်ဆင်အသုံးပြုရန်နှင့် မေးသိုင်းကြိုးမြဲမြံစွာ တပ်ဆင်အသုံးပြုရန်၊

(ဂ) အရက်သေစာ မူးယစ်သောက်စား၍ မော်တော်ယာဉ်ကို မောင်းနှင်ခြင်းမပြုရန်၊

(ဃ) မော်တော်ယာဉ် မောင်းနှင်နေစဉ် လက်ကိုင်ဖုန်း အသုံးမပြုရန်၊

(င) မော်တော်ယာဉ် မောင်းနှင်ရာတွင် သတ်မှတ်ထားသည့် အမြန်နှုန်းထက်ပို၍ မောင်းနှင်ခြင်းမပြုရန်။

**တာဝန်သိစီးနင်းခြင်းအမူအကျင့်ကို မြှင့်တင်ခြင်း**

ဆိုင်ကယ်စီးဦးထုပ်ဆောင်းခြင်းသည် တာဝန်သိစွာ စီးနင်းခြင်း ယဉ်ကျေးမှုကို အားပေးပါသည်။ ဆိုင်ကယ်စီးနင်းသူများသည် အကာအကွယ်ပစ္စည်းများကို အသုံးပြုခြင်းဖြင့် ၎င်းတို့၏ဘေးကင်းရေးကို ဦးစားပေးသောအခါ အခြားသူများအတွက် အပြုသဘောဆောင်သော စံနမူနာတစ်ခုဖြစ်သည်။ ဤအပြုအမူသည် ဘေးကင်းသော အလေ့အကျင့်များကို ကျင့်သုံးရန် ဆိုင်ကယ်စီးနင်းသူအသစ်များအတွက် စံနမူနာဖြစ်ပါသည်။

ထို့အပြင် ဆိုင်ကယ်စီးဦးထုပ်ဆောင်းခြင်းသည် မော်တော်ဆိုင်ကယ်စီးခြင်းနှင့် ဆက်စပ်နေသော အန္တရာယ်များကို သတိပေးချက်အဖြစ် ဆောင်ရွက်ပေးနိုင်ပြီး လမ်းပေါ်တွင် စီးနင်းသူများ ပိုမိုသတိရှိရန် လှုံ့ဆော်ပေးပါသည်။ ဤအသိတရား မြင့်မားလာခြင်းသည် အာရုံထွေပြားခြင်းများကို ရှောင်ကြဉ်ခြင်း၊ လမ်းစည်းကမ်းလိုက်နာခြင်းနှင့် သင့်လျော်သော အရှိန်ဖြင့် စီးနင်းခြင်းကဲ့သို့သော ပိုမိုကောင်းမွန်သည့် ဆုံးဖြတ်ချက်ချခြင်းကို ဖြစ်ပေါ်စေနိုင်ပါသည်။

နိဂုံးချုပ်အနေဖြင့် မော်တော်ဆိုင်ကယ်စီးရင်း ဆိုင်ကယ်စီးဦးထုပ်အမြဲဆောင်းရန် အရေးကြီးသော အလေ့အကျင့်တစ်ခုဖြစ်ပြီး ၎င်းသည် ဘေးကင်းလုံခြုံမှုကို မြှင့်တင်ပေးကာ ဥပဒေကို လိုက်နာသော တာဝန်ယူမှုရှိသည့် စီးနင်းခြင်းယဉ်ကျေးမှုကို မြှင့်တင်ပေးပါသည်။ မော်တော်ဆိုင်ကယ်စီးသူများသည် လွတ်လပ်မှုကို နှစ်သက်သည်နှင့်အမျှ မိမိတို့ကိုယ်ကို ကာကွယ်ရန် အရေးကြီးကြောင်းကိုလည်း သတိထား ဆောင်ရွက်ရမည်ဖြစ်ပါသည်။

အဆုံးစွန်သောအားဖြင့် ဆိုင်ကယ်ဦးထုပ်သည် ကံဆိုးမိုးမှောင်ကျသည့်ဖြစ်ရပ်တွင် အသက်ကို ကယ်တင်နိုင်ပြီး ဒဏ်ရာပြင်းထန်မှုကို လျှော့ချနိုင်သည့် အရေးကြီးသော လုံခြုံရေးကိရိယာတစ်ခုဖြစ်ပါသည်။ ထို့ကြောင့် မော်တော်ဆိုင်ကယ်စီးလျှင် အရည်အသွေးပြည့်မီသော ဆိုင်ကယ်စီးဦးထုပ် ဆောင်းကြရန် အားလုံးကို တိုက်တွန်းပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

---

**❋ MNL မှ**

ရှမ်းယူနိုက်တက်အသင်းအတွက် အနိုင်ဂိုးကို ၈၇ မိနစ်တွင် ပယ်နယ်တီမှတစ်ဆင့် ကောင်းထက်က သွင်းယူခဲ့သည်။ ယခုပွဲအတွက် အကောင်းဆုံးဆုကို ရှမ်းယူနိုက်တက်အသင်းမှ ဟန်ထွန်းဇော်က ရရှိသည်။

ပဒုမ္မာကွင်း၌ ကျင်းပသည့်ပွဲတွင် သစ္စာအားမာန်အသင်းက ရခိုင်ယူနိုက်တက်အသင်းကို နှစ်ဂိုး–ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။ သစ္စာအားမာန်အသင်းသည် ယခုနိုင်ပွဲကြောင့် ဇယားထိပ်ပိုင်းမှ အသင်းများကို ဆက်လက်ဖိအားပေးနိုင်ခဲ့သည်။ သစ္စာအားမာန်အသင်းအတွက် အနိုင်ဂိုးများကို ၃၅ မိနစ်တွင် ရခိုင်အသင်းမှ ဖိုးသကြိန် ကိုယ့်ဂိုးကိုယ် သွင်းရာမှ အဖွင့်ဂိုးရခဲ့ပြီး ဒုတိယဂိုးကိုမူ ၈၁ မိနစ်တွင် ခန့်ဘုန်းနိုင်က သွင်းယူခဲ့သည်။ ယခုပွဲအတွက် အကောင်းဆုံးဆုကို သစ္စာအားမာန်အသင်း နောက်ခံလူ ဟိန်းမင်းဦးက ရရှိသည်။

ပွဲစဉ် (၂၀) ဒုတိယနေ့ကို အောက်တိုဘာ ၂၃ ရက် (ယနေ့)တွင် ဆက်လက်ကျင်းပမည်ဖြစ်ပြီး စလင်းကွင်း၌ ရတနာပုံအသင်းနှင့် မြဝတီအသင်း၊ ပဒုမ္မာကွင်း၌ Dagon Port အသင်းနှင့် အား/ကာသိပ္ပံအသင်း၊ တက္ကသိုလ်ကွင်း၌ ဒဂုံစတားယူနိုက်တက်အသင်းနှင့် ဟံသာဝတီယူနိုက်တက်အသင်းတို့ ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။

သတင်း–ကိုညီလေး၊ ဓာတ်ပုံ–MNL

# ၂၀၂၄ ခုနှစ် အောက်တိုဘာလထုတ် သုတပဒေသာနှင့် လူငယ်ရေးရာစာစောင် ထွက်ရှိ

**နေပြည်တော် အောက်တိုဘာ ၂၂**

၁၉၇၃ ခုနှစ် ဇူလိုင်လမှ စတင်ထုတ်ဝေခဲ့ပြီး နှစ်ပေါင်း ၅၀ ကျော် စာချစ်သူများ လက်ခံအားပေးလာခဲ့သော သုတပဒေသာစာစောင်ကို ၂၀၂၁ ခုနှစ် ဒီဇင်ဘာလမှစ၍ သုတပဒေသာနှင့် လူငယ်ရေးရာစာစောင်ဟု အမည်ပြောင်းလဲကာ မျက်နှာဖုံးဒီဇိုင်း၊ အကြောင်းအရာနှင့် စာအုပ်အပြင်အဆင်တို့ အပြောင်းအလဲများပြုလုပ်ပြီး ဆယ်ကျော်သက်လူငယ်များကို ဦးတည်ပရိသတ်အဖြစ်ထားကာ လစဉ်ထုတ်ဝေလျက်ရှိသည်။ နိုင်ငံတကာထုတ် စာအုပ်စာစောင်များမှ ကောင်းနိုးရာရာ ခေတ်မီအကြောင်းရပ်များနှင့် ယခုလအတွက် ဖော်ပြသည့် "အသိသတိနှင့် ကာကွယ်ရမည့် Mpox(မျောက်ကျောက်) ရောဂါ" မျက်နှာဖုံးဆောင်းပါးကြီးများ ပါဝင်သောသုတပဒေသာနှင့်လူငယ်ရေးရာစာစောင် (အောက်တိုဘာလ) ကို ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန စာပေဗိမာန်က ဖြန့်ချိလိုက်ပြီဖြစ်သည်။

၂၀၂၄ ခုနှစ် အောက်တိုဘာလထုတ် သုတပဒေသာနှင့် လူငယ်ရေးရာစာစောင်တွင် ဒေါက်တာမြင့်သန်း(ညောင်လေးပင်)၊ဒေါက်တာမြင့်သန်း (အမျိုးသားစာပေဆုရ) တို့၏ "အသိသတိနှင့် ကာကွယ်ရမည့် Mpox (မျောက်ကျောက်) ရောဂါ" မျက်နှာဖုံးဆောင်းပါးများ၊ နေညိုယဉ်၊ ကောင်းသန့်၊ မောင်ဒီပ (ပညာရေး)၊ ညီညီဖေ၊ ညီမော်သိမ်း၊ ကိုဇော်ငွေး (ယဉ်ကျေးမှု)၊ နေသူရိန်တို့၏ လူငယ်ရေးရာ ဆောင်းပါးများ၊ မောင်မောင်မြင့်သိန်း(စက်မှုတက္ကသိုလ်)၊ ထီလာစိုးမြင့်ထယ်၊ အေးထွန်းမင်းတို့၏ နိုင်ငံတကာဆိုင်ရာဆောင်းပါးများ၊ ဒေါက်တာခင်မောင်ညို၊ မြင့်မောင် (PhII- Q) တို့၏ စီးပွားရေးဆိုင်ရာဆောင်းပါးများ၊ လဲ့လဲ့ဝင်း (သတ္တဗေဒ)၏ သဘာဝပတ်ဝန်းကျင်ရှုထောင့်ဆိုင်ရာဆောင်းပါး၊ အန်ကယ်စိုး၏ ကလေးစစ်သား ပပျောက်ရေးဆိုင်ရာဆောင်းပါး၊ ထက်ဝေအောင်(စစ်ကိုင်း)၏ အမုန်းစကားဆိုင်ရာဆောင်းပါး၊ စံမြတ်ဘုန်း (စစ်ကိုင်း)၏ မူးယစ်ဆေးဝါးဆိုင်ရာဆောင်းပါး၊ ဒေါက်တာကောင်းစံ၏ လူကုန်ကူးမှုဆိုင်ရာဆောင်းပါး၊ ဒေါက်တာ မြင့်သန်းထွန်း (ပြည်သူ့ကျန်းမာရေး)၊ ကိုကိုအောင်(အလုပ်သမား)တို့၏ ကျန်းမာရေးဆိုင်ရာဆောင်းပါးများ၊ဦးဘသန်း (မဟာဝိဇ္ဇာ)၊ စိုးစိုး(ပန်းတောင်း)၊ ခင်မောင်အေး၊ ရဲထက်ဇော်၊ မြသိန်း၊ ဆောင်းဝင်းလတ်၊ မော်(သန်လျင်)တို့၏ ကဗျာ၊ ဟာသ၊ ဖြစ်ရပ်မှန်နှင့် အထွေထွေကဏ္ဍများကို ရောင်စုံ၊ ဖြူ/မည်း သရုပ်ဖော်ပုံ ဝေဝေဆာဆာဖြင့် စီစဉ်တင်ဆက်ထားသည်။

သုတပဒေသာနှင့်လူငယ်ရေးရာစာစောင်ကို တစ်အုပ်လျှင် ကျပ်၂၅၀၀ နှုန်းဖြင့် စာပေဗိမာန် စာအုပ်အရောင်းဆိုင်၊ အမှတ် (တ-၅၅)၊ သပြေကုန်းဈေး၊ နေပြည်တော် စာအုပ်ဆိုင်၊ ဖုန်း ၀၉- ၄၄၉၅၄၀၆၆၇၊ ဖုန်း ၀၆၇-၃၄၁၄၈၁၁၊ စာပေဗိမာန်စာအုပ်အရောင်းဆိုင်၊ အမှတ် (၅၂၉-၅၃၁)၊ ကုန်သည်လမ်း၊ ရန်ကုန်မြို့၊ စာပေဗိမာန် စာအုပ်အရောင်းဆိုင်၊ ၈၆ လမ်း၊ ၂၁ လမ်းနှင့် ၂၂ လမ်းကြား၊ မန္တလေး၊ ဖုန်း ၀၂-၄၀၃၀၁၈၆၊ ရန်ကုန်မြို့ရှိ စာအုပ်ဆိုင်ကြီးများတွင် ဝယ်ယူရရှိနိုင်ပြီး လက်ကားမှာယူလိုပါက စာပေဗိမာန်စာအုပ်အရောင်းဆိုင် အမှတ် (၅၂၉-၅၃၁)၊ ကုန်သည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း ၀၁-၈၂၄၉၀၃၁၊ ၀၁-၈၃၈၁၄၄၈ သို့ ဆက်သွယ်မှာယူနိုင်ကြောင်း သိရသည်။

**သတင်းစဉ်**




# ပေါင်းတည်မြို့နယ်၌ စာဖတ်ရှိန်မြှင့်တင်ရေး ဟောပြောပွဲ၊ စာဖတ်စွမ်းရည်နှင့် ပုံပြောပြိုင်ပွဲ ကျင်းပ

**ပေါင်းတည် အောက်တိုဘာ ၂၂**

ပဲခူးတိုင်းဒေသကြီး ပေါင်းတည်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာန၌ အခြေခံပညာဦးစီးဌာနနှင့်ပူးပေါင်း၍ စာဖတ်ရှိန်မြှင့်တင်ရေးဟောပြောပွဲ၊ စာဖတ်စွမ်းရည်နှင့် ပုံပြောပြိုင်ပွဲများကို ယနေ့နံနက် ၁၀ နာရီက ကျင်းပသည်။

ဦးစွာ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်အေးဆုစံက စာအုပ်စာပေများ ဖတ်ရှုသည့် အလေ့အထများ ပေါ်ထွန်းလာစေရေးအတွက် စာပေကျေးဇူးအကြောင်းကို ဟောပြောသည်။ ဆက်လက်၍ ၁၁ လမ်း၊ အခြေခံပညာမူလတန်းကျောင်းမှ Grade -4 ကျောင်းသား ကျောင်းသူ ၂၀ က စာဖတ်စွမ်းရည်နှင့် ပုံပြောပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ကြသည်။

ယင်းနောက် ဆုရရှိသူများအား တာဝန်ရှိသူများက ဆုချီးမြှင့်ပေးကြပြီး တက်ရောက်လာကြသည့် ကျောင်းသား ကျောင်းသူများအား ဗလာစာအုပ်နှင့် ဘောပင်လက်ဆောင်များ ပေးအပ်ခဲ့ကြကြောင်း သိရသည်။

**ရွှေသား(ပြန်/ဆက်)**

# သရက်ချောင်းမြို့နယ်၌ စာဖတ်ရှိန်မြှင့်တင်ရေး အသိပညာပေးဟောပြောပွဲ၊ ပြပွဲများနှင့် ပြိုင်ပွဲများကျင်းပ

**သရက်ချောင်း အောက်တိုဘာ ၂၂**

တနင်္သာရီတိုင်း ဒေသကြီး သရက်ချောင်းမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနခန်းမ၌ ယနေ့နံနက် ၁၀ နာရီက စာဖတ်ရှိန်မြှင့်တင်ရေး အသိပညာပေးဟောပြောပွဲ၊ ပြပွဲများနှင့် ပြိုင်ပွဲများ ကျင်းပသည်။



**ရှင်းလင်းပြောကြား**

ဦးစွာ သရက်ချောင်းမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်နန်းခလိုက်ရှုက ကျောင်းသား ကျောင်းသူများအား စာဖတ်ရှိန်မြှင့်တင်ရေး အသိပညာပေး ဟောပြောပွဲ၊ ပြပွဲနှင့် ပြိုင်ပွဲများ ကျင်းပရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားပြီး ကျောင်းသား ကျောင်းသူများအနေဖြင့် နောင်တစ်ချိန်တွင် နိုင်ငံနှင့် လူမျိုးအကျိုးအတွက် သယ်ပိုးထမ်းရွက်ကြရမည်ဖြစ်သည့်အတွက် ဗလငါးတန်နှင့် ပြည့်စုံအောင်၊ နိုင်ငံနှင့် လူမျိုးကိုချစ်မြတ်နိုးတတ်အောင်၊ တန်ဖိုးထားတတ်အောင် အသိပညာ၊ အတတ်ပညာများကို လေ့လာဆည်းပူးကြစေလိုကြောင်း၊ စာအုပ်၊ စာပေများ ဖတ်ရှုခြင်းကြောင့် ရရှိလာမည့်အကျိုးကျေးဇူးများအကြောင်း၊ မိမိတို့ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ပြည်သူ့စာကြည့်တိုက်များတွင် အသိပညာဗဟုသုတရရှိစေရန် စာအုပ်စာပေများနှင့် သုတ၊ ရသ၊ စာအုပ်စာစောင်များကို အခမဲ့လာရောက်ဖတ်ရှုပြီး ငှားရမ်းလိုပါက စာကြည့်တိုက်အသင်းဝင်၍ အခမဲ့ငှားရမ်းနိုင်ကြောင်း ပြောကြားသည်။

ဟောပြောပွဲအပြီးတွင် လက်ဆင့်ကမ်း ဘောလုံးကောက်ပြိုင်ပွဲ၊ ဂုန်နီအိတ်စွပ်ပြိုင်ပွဲနှင့် ဉာဏ်စမ်းပြိုင်ပွဲများကို ကျင်းပရာ ကျောင်းသား ကျောင်းသူများက စည်းကမ်းများနှင့်အညီ စနစ်တကျဝင်ရောက်ယှဉ်ပြိုင်ကြသည်။ ထို့နောက် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဝန်ထမ်းများက မူးယစ်ဆေးဝါးအန္တရာယ်တားဆီးကာကွယ်ရေးဆိုင်ရာနှင့် ကလေးအလုပ်သမားဆိုင်ရာ နံရံကပ်စာစောင်များကို ခင်းကျင်းပြသထားရာ ကျောင်းသား ကျောင်းသူများက လေ့လာဖတ်ရှုခဲ့ကြောင်း သိရသည်။

**ပြည့်ဖြိုးပိုင်(ပြန်/ဆက်)**




# လူထုအခြေပြုဗဟိုဌာနခန်းမ၌ "လူငယ်ရေးရာ" အသိပညာပေး ဆွေးနွေး

**မိုင်းယန်း အောက်တိုဘာ ၂၂**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းယန်းမြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက အနာဂတ်လူငယ်များ စာရိတ္တကောင်းမွန်သောလူတော် လူကောင်းများ ဖြစ်လာစေရန် ရည်ရွယ်၍ အောက်တိုဘာ ၂၂ ရက် နံနက် ၁၀ နာရီက "လူငယ်ရေးရာ" အသိပညာပေးဆွေးနွေးပွဲကို လူထုအခြေပြုဗဟိုဌာနခန်းမ၌ ကျင်းပသည်။

**စာရိတ္တကောင်းများကို တန်ဖိုးထား**

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ရုပ်သံကျွမ်းကျင်(၃) ဒေါ်နန်းပင်းခမ်းက "လူငယ်နှင့် စာရိတ္တ"ခေါင်းစဉ်ဖြင့် လူငယ်များ စာရိတ္တအကောင်းအဆိုးကို နားလည်သဘောပေါက်ပြီး မိမိဘဝနှင့် ပတ်ဝန်းကျင်ကောင်းမွန်ရေး အရေးကြီးပုံများ၊ အကျင့်စာရိတ္တပျက်၍ ကိုယ်ကျင့်တရားမကောင်းသူများ မဖြစ်ရလေအောင် ကိုယ်ကျင့်တရားဆိုသည့် စာရိတ္တကောင်းများကို တန်ဖိုးထားမြတ်နိုးသင့်သည့် အကြောင်းအရာများ၊ လုပ်သားရုပ်သံ ဦးကျော်ဖြိုးအောင်က ရိုးသားမှု၊ ဖြောင့်မတ်မှု၊ ကြိုးစားအားထုတ်မှု၊ ကိုယ်အမူအရာ၊ နှုတ်အမူအရာ ချိုသာသိမ်မွေ့စွာ ပြုမူနေထိုင်သင့်သည့် အကြောင်းအရာများနှင့် စိတ်ထားဖြူစင်မြင့်မြတ်ပြီး ယနေ့လူငယ်၊ နောင်ဝယ် လူကြီးဆိုသည့်အတိုင်း အနာဂတ်တွင် လူငယ်တိုင်း စာရိတ္တမဏ္ဍိုင် ကြံ့ခိုင်အောင် ကြိုးစားကြစေရန် အသိပညာပေးဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**ထွန်းထွန်းထူး**

# ကျောက်ဆည်မြို့နယ်၌ မြို့နယ်အဆင့် အင်္ဂလိပ်စာနှင့် သင်္ချာဘာသာရပ် စွမ်းရည်ပြိုင်ပွဲများ ကျင်းပ



**ကျောက်ဆည် အောက်တိုဘာ ၂၂**

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့နယ် အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း၌ အောက်တိုဘာ ၂၂ ရက် နံနက် ၉ နာရီက ကျောင်းသား ကျောင်းသူများ အင်္ဂလိပ်စာဘာသာစကားဝေါဟာရကြွယ်ဝရေးနှင့် ပြဿနာများ ဖြေရှင်းခြင်းနည်းလမ်းများကို ရှာဖွေဖန်တီးနိုင်ရန်အတွက် မြို့နယ်အဆင့် အင်္ဂလိပ်စာနှင့် သင်္ချာဘာသာရပ် စွမ်းရည်ပြိုင်ပွဲများကို ကျင်းပသည်။

ဘာသာရပ်စွမ်းရည်ပြိုင်ပွဲများ ပြုလုပ်ရာ အင်္ဂလိပ်စာဘာသာရပ်တွင် Grade-5 မှ ကျောင်းသား ကျောင်းသူ ၅၉ ဦး၊ Grade-6 မှ ကျောင်းသား ကျောင်းသူ ၄၀၊ Grade-7 မှ ကျောင်းသား ကျောင်းသူ ၄၀၊ Grade-8 မှ ကျောင်းသား ကျောင်းသူ ၃၂ ဦး၊ Grade-9 မှ ကျောင်းသား ကျောင်းသူ ၃၉ ဦး၊ သင်္ချာဘာသာရပ်တွင်Grade-5 မှ ကျောင်းသား ကျောင်းသူ ၆၃ ဦး၊ Grade-6 မှ ကျောင်းသား ကျောင်းသူ ၄၀၊ Grade-7 မှ ကျောင်းသား ကျောင်းသူ ၃၉ ဦး၊ Grade-8 မှ ကျောင်းသား ကျောင်းသူ ၃၁ ဦး၊ Grade-9 မှ ကျောင်းသား ကျောင်းသူ ၃၉ ဦး ဖြေဆိုခဲ့ကြောင်းနှင့် အတန်းစဉ်ဘာသာရပ်များအလိုက် ထူးချွန်သူများအား ဆုများချီးမြှင့်ပေးမည်ဖြစ်ကြောင်း သိရသည်။

**သက်မောင်(ကျောက်ဆည်)**

ညအချိန်အိပ်နေချိန်တွင် လျှပ်စစ်မီးများ ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို နေ့စဉ် ချွေတာသင့်ပါသည်

# စိတ်ကို ဆေးကုနည်း

ပီမိုးနင်း

**(၉-၁၀-၂၀၂၄ ရက်နေ့မှအဆက်)**

ငင်းသူရသတ္တိနည်းသူတို့သည် အခွင့်တန်ခိုးကို ရသည့်အခါ အတိအလင်း အတိုင်းအရှည်မရှိအောင် ဆိုးသွမ်းနိုင်ကြလေသည်။

အလွန်တရာ ဆိုးသွမ်းရက်စက်သော နီရိုသည် ရောမဘုရင်၏အဖြစ်သို့ရောက်စဉ် တိရစ္ဆာန်အသက်ကိုမှ မသတ်ဝံ့ချေ။ ဘုရင်ဖြစ်၍လာသောအခါ၌မူကား မိမိစားဖို့ မွေး၍ထားသော ငါးကန်ကြီးထဲ၌ အလွန်လှပသော မိန်းမတွေ၊ ကျေးတွေ၊ ကျွန်တွေကို အရှင်လတ်လတ်ပစ်ချကာ ငါးစာကျွေး၏။ ပွဲလမ်းသဘင်ကျင်းပသည့်အခါ အံဖီသီယေတာကစားရုံကြီး၌ လူစုလူဝေးများကို ခြင်္သေ့များအား ပစ်ချကာ အစာကျွေး၏။ မိမိ၏ပျော်ပွဲ၌ လူတွေကို အဝတ်ပတ်ကာ ဆီလောင်း၍ ရောမမြို့လမ်းများမှာ ဓာတ်မီးတိုင်ကြီးများ သဖွယ် မီးရှို့၍ လူမီးတိုင်ကြီးတွေကို ထွန်းလေသည်။ နောက်ဆုံး၌ ရောမမြို့ကြီးကို မီးရှို့ပြီး တိုက်ထိပ်ပေါ်၌ စောင်းတီး၍ မီးကိုကြည့်လေသည်။

ကမ္ဘာလောကကြီးတစ်ခုလုံးနှင့် သင့်တင့်စွာ နေတတ်သောသူသည် အသက်ရှည်၏။ ကမ္ဘာပေါ်၌ရှိသော သူတို့ကို ဆွေးမျိုးညာတိသဖွယ် သဘောထားသူမှာ မကောင်းသောစိတ်တို့၏ ညှဉ်းဆဲခြင်းကို မခံရသောကြောင့် စိတ်၏ထောင်းထုခြင်းကို ကိုယ်ခန္ဓာ၌ မခံရချေ။ သို့ဖြစ်၍ ညဉ့်အိပ်ရာဝင်တော့မည်ရှိသည့်အခါ မိမိနှင့် မသင့်မတင့်ဖူးသူ၊ မိမိအပေါ်၌ မကောင်းအလွဲထင်သောသူ၊ မိမိကို မုန်းသောသူတွေကို အကုန်စိတ်ထဲ၌ စာရင်းကောက်ရမည်။ သို့စာရင်းကောက်သည့်အခါ ၎င်းတို့၏ မုန်းစရာကောင်းသောမျက်နှာများသည် စိတ်ထဲတွင် ပေါ်လာလိမ့်မည်။ ပေါ်၍လာသောအခါ မြင်လျှင်မြင်ချင်း အမုန်းစိတ်သည် ကိုက်ခဲခြင်းပြုရန် ခွေးဆိုးပမာ သွားဖြဲပြီး ဟိန်းလျက် ထွက်ပေါ်၍လာလိမ့်မည်။ သို့ထွက်ပေါ်လာသောအခါ ၎င်းခွေး၏ နှုတ်သီးကို ဂိုန်ခနဲမြည်အောင် ဆီး၍ချုပြီး မောင်းနှင်ပစ်ရမည်။ သို့မောင်းနှင်၍ ပစ်ပြီးနောက် ထိုမုန်းစရာကောင်းသော မျက်နှာတို့ကို မေတ္တာစိတ်နှင့်ရှုကာ ခွင့်လွှတ်ရမည်။ သို့ခွင့်လွှတ်လိုက်သောအခါ အသင်၏စိတ်သည် ကြည်လင်သန့်ရှင်း အေးချမ်းသာကြည်၍ သွားလိမ့်မည်။

ထိုအခါ စိတ်ကို ရေသုံးသပ်သကဲ့သို့ ဖြစ်ပြီးလျှင် အိပ်ရခြင်း၌ ကိုယ်ကို ဆေးကြောသုတ်သင်သည်ထက် ချမ်းသာခြင်းဖြစ်ကာ နံနက်မိုးသောက်သည့်အခါ၌ ပေ့ါပါးစွာ နိုး၍လာလိမ့်မည်။ ထိုကဲ့သို့ ပြုနေကြသောအခါ အသင်၏စိတ်သည် တစ်နေ့တခြား ပိုမိုမြင့်မြတ်ပြီး အသွေးကို စင်ကြယ်စေ၍ ရုပ်ကို ကြည်လင်သန့်စွမ်းခြင်း ဖြစ်စေလျက်၊ အသက်ကို ရှည်စေလိမ့်မည်ဟု ယုံကြည်လေလော့။ မတော်တဆ ပုထုဇဉ်တို့၏ သဘာဝအလျောက်နေ့အချိန်၌ တစ်စုံတစ်ရာကို ဆိုးသွမ်းကြမ်းကြုတ်စွာ ပြုမူမိသည်ဖြစ်စေ၊ မုန်းထားငြိုငြင်၊ မရှုဆိတ်သောစိတ်ကို ထားမိသည်ဖြစ်စေ၊ အိပ်ရာဝင်ရာ၌ စိတ်တည်းဟူသော သင်ပုန်းကို ချေဖျက်ဆေးကြော၊ ချောမောသန့်ရှင်းခြင်း ဖြစ်စေရာ၏။ "အသင်၏ အမျက်ဒေါသအပေါ်၌ နေကို မဝင်စေနှင့်"ဟု ခရစ်တော်၏ တမန်တော်ကြီး စိန်ပေါ ပြောခဲ့ဖူးလေသည်။

အကယ်၍ အသင်၏စိတ်၌ မသန့်ရှင်းသော ထိုစိတ်တို့ကို ဆေးကြောသုတ်သင်ရန် ခက်ခဲလျှင် ကောင်းသော၊ မြတ်သော၊ သိမ်မွေ့သောစာအုပ်တစ်အုပ်ကို ဖတ်ရမည်။ ဤကဲ့သို့ စိတ်ကို မလေ့ကျင့်မပြုပြင်ချေက မကောင်းသောစိတ်တို့သည် သင်ပုန်းကို သံချောင်းနှင့်ခြစ်သလို မပျောက်နိုင်သော အကြောင်းများ စိတ်၌ ထင်၍နေတတ်လေသည်။ ထိုကဲ့သို့ ပြုပြင်လေ့ရှိသည့်အခါ မကောင်းသောစိတ်ယုတ်မာတရားတို့ ပေါ်လာသည့်အခါ ငါသည် အလွန်အရာ သိမ်ဖျင်းသေးနုပ်လှပေသည်တကားဟု တွေးမိပြီး အလိုလို ရှက်တတ်သောစိတ်ပေါ်၍လာလိမ့်မည်။

အများအားဖြင့် ကဲ့ရဲ့တတ်သောစိတ်သည် မကောင်းသော စိတ်အပေါင်းတို့၏မျိုးစေ့ဖြစ်၏။ ကဲ့ရဲ့ခြင်းသည် သူတစ်ပါး၏ အပြစ်ကိုကြည့်၍ စိတ်ပျော်ခြင်း တစ်မျိုး၊ သူ ငါ့ထက်ယုတ်သည်ဟု တွေးပြီး နှစ်မြို့ကြည်နူးခြင်းတစ်မျိုး၊ သူတစ်ပါးယုတ်ညံ့ဖျင်းသိမ်ခြင်း၌ ဝမ်းသာခြင်းတစ်မျိုး ဖြစ်လေရာ တစ်စုံတစ်ယောက် ပျက်စီးသည်ကို ကြားရသည့်အခါ "ဩော်..ဟုတ်လား၊ ဖြစ်မှ ဖြစ်ရလေတော်၊ ဒါမျိုးကြားရတာ စိတ်မကောင်းပါဘူး။ ပျက်စီးမှာပေ့ါ၊ ဘယ်လိုလုပ်တာလဲ။ သူတို့က ကောင်းမှ မကောင်းဘဲကိုး"ဟူသော စကားမျိုးကို ပြောသည့်အခါ ဝမ်းမြောက်သောစိတ်ကလေးမပါလာရအောင် အထူးသတိပြုသင့်ကြလေသည်။

မိမိ၏စိတ်ကို အမြဲပြုပြင်သောသူတို့မှာ ကြာကြာကြီး အရွယ်တင်လျက် ပါးရေလိပ်ခြင်းကို စောစောမရောက်အောင် ကွယ်ကာနိုင်လေသည်။ အကြောင်းမူကား ကောင်းသောစိတ်သည် ကောင်းသောအသွင်ကို ဖြစ်စေနိုင်လေသည်။

မိမိ၏စိတ်ကို မြင့်မြတ်သောအကြံအစည်တို့နှင့် ပြည့်ဝစေလျက် အလွန်တရာ မြတ်သောစိတ်ရှိသူတို့၏ စိတ်နေစိတ်ထားကို မိမိတို့၏ စိတ်ထဲ၌ နမူနာကဲ့သို့ထားပြီး ကောင်းမြတ်သောအဖြစ်မျိုးသို့ရောက်အောင် အမြဲကြိုးစားကြမည်ဆိုလျှင် မြင့်မြတ်သောအဖြစ်သို့ ရောက်နိုင်လေသည်။ လူတို့၏ စိတ်နေသဘောထားသည် ပြောင်းလဲပြုပြင်၍ မရသောစိတ် မဟုတ်ချေ။ ၎င်းကဲ့သို့ စိတ်ကိုပြုပြင်ခြင်း၌ အလေ့အကျင့်ရသောအခါ ချမ်းမြေ့၍ လာလိမ့်မည်။

ရင်ကို ထုကာ ထုကာ မဖြေနိုင်၊ မလိမ်းနိုင်ဖြစ်ပြီး ညဉ့်နက်အောင် ဆေးပေ့ါလိပ်ကို မဲ၍ဖွာလျက် စုန်းတောက်၍နေသူတို့သည် မကောင်းညစ်ကြေးသောစိတ်တို့၌ တောက်စားကျက်စား၍နေသူများနှင့် တူကြလေသည်။ ထိုလူမျိုးသည် စိတ်ထောင်း၍ ကိုယ်ကြေပြီး စိတ်သာဆိုးသည်မဟုတ်၊ လူရုပ်ပါ ညှိုးပြီး အဆိုးရုပ်ကြွ၍ လာတတ်လေသည်။

"ဆရာ၊ ကျွန်တော် ညကျရင် ရုံးကအလုပ်တွေကို မတွေးဘဲမနေနိုင်ဘူး။ အိပ်ရာထဲမှာတွေးရင်း ညဉ့်နက်၍ အိပ်ပျော်သွားသည့်အခါ နံနက်မိုးလင်းရင် အအိပ်ပျက်သလိုပဲ ဖြစ်နေပါတယ်။ ဘယ်လိုလုပ်ရမလဲ"ဟု လွန်ခဲ့သော ခုနစ်နှစ်လောက်က ရန်ကုန်မြို့ စက္ကရီတေရီရဲ့ ရုံးကြီးမှာလုပ်သော မိတ်ဆွေတစ်ယောက်က မေးဖူးလေသည်။ ၎င်းသည် တကယ် အအိပ်ပျက်သူဖြစ်၏။ အဘယ့်ကြောင့်ဆိုလျှင် အိပ်ပျော်၍သွားသောအခါ စိတ်သည် အားလပ်ခွင့်မရ၊ ဆက်၍တွေးကြံလျက် အလုပ်ကို ဆက်၍လုပ်နေသောစိတ်ဖြစ်လေသည်။

လွန်ခဲ့သော ၁၅ နှစ်လောက်အခါက ရိုင်ဒါဟတ်ဂါရေးသော မောင်တီဇူးမာ့စ် ဒေါ်တားခေါ် ဝတ္ထုကြီးတစ်ခုကို ညဉ့်အိပ်ရာဝင်သည့်အခါ ဖတ်မိဖူးလေသည်။ သို့ ဖတ်ပြီး စာအုပ်ကိုချ၍အိပ်သောအခါ တစ်ညလုံး လူရိုင်းတွေနှင့် ပြေးလားလွှားလား လုပ်၍နေရလေသည်။ သတ်၍ပုတ်ခြင်းကိုခံရသော လူရိုင်းတို့၏ အော်သံ၊ ဟစ်သံ၊ ကယ်ပါ၊ ယူပါဟူသော အသံတို့ကို တစ်ညလုံးကြား၍နေရ၏။ ထိုကဲ့သို့ သုံးည လေးည ဆက်၍ဖတ်ရာ တစ်ညမှ ကောင်းကောင်းမအိပ်ရသဖြင့် ယခုထက်တိုင် ဤဝတ္ထုကို အဆုံးသို့ရောက်အောင် မဖတ်ရဘဲ စွန့်ပစ်ရလေသည်။

(ဆက်လက်ဖော်ပြပါမည်)

# မောပန်းနွမ်းနယ်မှုနှင့် သောကကင်းဝေးမှု နည်းလေးခု

ခင်မောင်ညို (ဘောဂဗေဒ)

## နည်းလမ်းအမှတ်(၂)

**အရေးကြီးတာတွေ ဦးစားပေးပြီး အရင်လုပ်ပါ။**

**ပြီးမှ အရေးမကြီးတာတွေကို လုပ်ပါ။**

အမေရိကန်နိုင်ငံတွင် နာမည်ကျော် စီတီးစ်ဆားဗစ်ကုမ္ပဏီကို တည်ထောင်သူ ဟင်နရီအယ်လ် ဒိုဟာတီက သူ လခဘယ်လောက်ကောင်းကောင်းပေးပေး သူလိုချင်သော အရည်အချင်း နှစ်ခုရှိသည့် အလုပ်သမားကောင်းကောင်းကို ရှာမရဟု ဆိုပါသည်။ ဘာအရည်အချင်းတွေမို့ပါလိမ့်။

အဖိုးမဖြတ်နိုင်သော ထိုအရည်အချင်း နှစ်ခုမှာ (၁) **တွေးတောဆင်ခြင်နိုင်စွမ်းနှင့်၊ (၂) အရေးကြီးလျှင် ကြီးသလို ခွဲခြမ်းဝေဖန်၍ အစီအစဉ်ချ ဆောင်ရွက်နိုင်စွမ်း**တို့ဖြစ်သည်။

အောက်ခြေက စခဲ့ရပြီး ၁၂ နှစ်အတွင်း ပက်ပ်ဆိုးဒင့်ကုမ္ပဏီ၏ ဥက္ကဋ္ဌဖြစ်လာခဲ့သူ ချားလ်စ်လပ်ကမင်းကတော့ တစ်နှစ်လျှင် ဒေါ်လာတစ်သိန်းလောက် (လွန်ခဲ့သည့် အနှစ် ငါးဆယ်ခန့်က ဝင်ငွေ) ရသည်မှာ ဒိုဟာတီက ရှာဖွေတွေ့ရှိရန် ခက်ခဲလှပါသည်ဆိုသော အရည်အချင်းနှစ်ရပ်ကို ပိုင်ဆိုင်ရယူနိုင်ခဲ့၍ဖြစ်ကြောင်း ပြောပြသည်။ သူက "ကျွန်တော် မှတ်မိသလောက်ဆိုရင် ကျွန်တော်ဟာ မနက်ငါးနာရီမှာ ထလေ့ရှိတယ်။ ဘာလို့လဲဆိုတော့ အဲဒီအချိန်ဟာ တွေးလို့အကောင်းဆုံးအချိန်ပဲ။ တွေးလို့အကောင်းဆုံးအချိန်မှာ အိပ်ရာကထ။ တစ်နေ့တာအတွက် စီစဉ်စရာရှိတာတွေ အစီအစဉ်ဆွဲ။ အရေးကြီးတာ အရင်လုပ်ပြီး အရေးမကြီးတာ နောက်မှလုပ်ဖို့ စီစဉ်တယ်"

အမေရိကန်နိုင်ငံတွင် အအောင်မြင်ဆုံး အာမခံအရောင်းသမားတစ်ဦးဖြစ်သူ ဖရန့်ဘက်ဂါက နံနက် ငါးနာရီထိုးသည်အထိ စောင့်မနေ။ ညဦးပိုင်းကတည်းကပင် ကြိုတင်အစီအစဉ်ဆွဲထားသည်။ ရည်မှန်းချက်တွေ ချထားသည်။ တစ်နေ့ကို အာမခံ ဘယ်လောက်ရောင်းရမည်ဟု ရည်မှန်းချက်သတ်မှတ်ထားသည်။ ထိုနေ့မှာ မှန်းသည့်အတိုင်း မရောင်းရလျှင် နောက်တစ်နေ့ရောင်းဖို့ သတ်မှတ်သည့်စာရင်းထဲမှာ ထပ်ပေါင်းလိုက်သည်။ နောက်နေ့၌ မှန်းသလိုမဖြစ်လျှင် နောက်တစ်နေ့စာရင်းထဲ ထပ်ထည့်လိုက်သည်။

သို့သော် ကျွန်တော့်ကိုယ်တွေ့ကို ပြောရလျှင် မည်သူမျှ အရေးကြီးတာတွေကိုချည်း အမြဲတမ်းဦးစားပေးပြီး လုပ်မနေနိုင်ကြ။ အစီအစဉ်မရှိ၊ တောင်လုပ်မြောက်လုပ်လုပ်နေသည်နှင့်စာလျှင် အစီအစဉ်ချပြီး လုပ်ခြင်းက ပိုကောင်းသည်။

အကယ်၍ ကမ္ဘာကျော်ပြဇာတ်ဆရာကြီး ဂျော့ချ်ဘားနဒ်ရှောသာ အရေးကြီးတာတွေကို ပထမဦးစားပေးပြီး တင်းတင်းကျပ်ကျပ် မလုပ်ခဲ့လျှင် စာရေးဆရာအဖြစ် အောင်မြင်မည်မဟုတ်ဘဲ သူ့ဘဝတစ်လျှောက်လုံး ဘဏ်မှာသာ ငွေကိုင်စာရေး ဖြစ်နေပေမည်။ သူ၏ စီမံကိန်းမှာ တစ်နေ့လျှင် ငါးမျက်နှာနှုန်းဖြင့် ကိုးနှစ်တိုင်တိုင် ကြိုးစားပမ်းစား စာရေးရန်ဖြစ်သည်။ ထို ကိုးနှစ်အတွင်း စာမူခ ဒေါ်လာ ၃၀ သာ ရခဲ့သည်။ တစ်ရက်လျှင် တစ်ပဲနီနှုန်းသာရှိသည်။ ကျွန်းတစ်ကျွန်းပေါ်မှာ တစ်ယောက်တည်းနေသော ရော်ဘင်ဆန်ကရူးဆိုးပင်လျှင် ဦးစားပေးအစီအစဉ်ဆွဲ၍ အလုပ်လုပ်ခဲ့ပုံရသည်။ ဘယ်အချိန် ဘယ်နာရီမှာ ဘာလုပ်မည်ကို အစီအစဉ်ချထားပြီး အလုပ်လုပ်မည်ထင်သည်။

## နည်းလမ်းအမှတ် (၃)

**ပြဿနာရှိလျှင် ချက်ချင်းရှင်း။**

**အချက်အလက်စုံလျှင် ချက်ချင်းဆုံးဖြတ်။**

**ရွှေ့ဆိုင်းမထားနှင့်။**

ကျွန်တော်၏ သင်တန်းသားဟောင်း ကွယ်လွန်သူ အိပ်ပီဟိုဝဲလ်က အမေရိကန် သံမဏိကုမ္ပဏီ၏ ဒါရိုက်တာအဖွဲ့ဝင်အဖြစ် ဆောင်ရွက်စဉ် ဘုတ်အဖွဲ့အစည်းအဝေးများမှာ အစမရှိ၊ အဆုံးမရှိ အလွန်သံသရာရှည်သော အစည်းအဝေးများဖြစ်ကြောင်း ပြောပြဖူးသည်။ ပြဿနာပေါင်း သောင်းခြောက်ထောင်ကို ဆွေးနွေးပြီး ဆုံးဖြတ်ချက်အနည်းငယ်သာ ချမှတ်နိုင်သည်။ အဆုံး၌ ဘုတ်အဖွဲ့ဝင်များအားလုံးက အိမ်အပြန်တွင် လေ့လာရန် အစီရင်ခံစာများကို တစ်ထုပ်တစ်ပိုးကြီး သယ်သွားရသည်။

နောက်ဆုံး၌ မစ္စတာဟိုဝဲလ်က ဘုတ်အဖွဲ့ဝင်များကို မေတ္တာရပ်ခံသည်။ အစည်းအဝေးတစ်ခုတွင် ပြဿနာတစ်ခုကိုသာ စဉ်းစားပြီး ဆုံးဖြတ်ချက် ချမှတ်ကြရန် စည်းရုံးနိုင်ခဲ့သည်။ ဆုံးဖြတ်ချက် ချမှတ်သည်ဆိုသည်မှာ အချက်အလက်များ တောင်းခံရန်၊ တစ်စုံတစ်ခုကို ဆောင်ရွက်ရန်၊ သို့မဟုတ် ဆောင်ရွက်ခြင်းမပြုရန် စသည်ဖြင့် တစ်ခုခု ဖြစ်နိုင်သည်။ သို့သော် ပြဿနာတစ်ခုနှင့်ပတ်သက်၍ ဆုံးဖြတ်ချက်ချပြီးမှ နောက်ပြဿနာတစ်ခုကို ကူးကြသည်။ ဘာမျှနှောင့်နှေးကြန့်ကြာနေခြင်းမရှိ။ အိမ်အပြန်၌ အစီရင်ခံစာတွေ တစ်ထမ်းကြီး သယ်သွားစရာလည်း မလိုတော့။ မပြတ်သေးသည့်ပြဿနာတွေအတွက် နောက်ဆံတင်းစရာလည်းမရှိ။

ထိုနည်းလမ်းကို အမေရိကန် သံမဏိကုမ္ပဏီသာ မဟုတ်။ သင်နှင့်ကျွန်တော်တို့လည်း သုံးသင့်ကြသည်။

## နည်းလမ်းအမှတ်(၄)

**စုစည်းပါ။**

**တာဝန်လွှဲပါ။**

**ကြီးကြပ်ပါ။**

လုပ်ငန်းရှင်ပေါင်းများစွာတို့ ငယ်ငယ်ရွယ်ရွယ်နှင့် အချိန်မတိုင်မီ သေဆုံးကြရခြင်းမှာ အခြားသူကို လွှဲအပ်ခြင်းမပြုဘဲ အစစအရာရာ ကိုယ်တိုင်လုပ်နေခြင်းကြောင့်ဖြစ်သည်။ အသေးစိတ်ကိစ္စတွေနှင့် မြားမြောင်ရှုပ်ထွေးနေတတ်ကြ၍ဖြစ်သည်။ ဘယ်ကိစ္စမဆို အလျင်စလိုပြီးလိုခြင်း၊ စိုးရိမ်ခြင်း၊ သောကများခြင်း၊ ဖိစီးခြင်းတို့နှင့် ကြုံတွေ့ရသည်။

အခြားသူကို တာဝန်လွှဲတတ်ဖို့မှာ တကယ်တော့ မလွယ်လှပါ။ မလွှဲသင့်သည့်သူကို မတန်မရာ လုပ်ပိုင်ခွင့်တွေပေးလိုက်လျှင် ပျက်စီးတတ်ကြောင်း ကျွန်တော်ကိုယ်တွေ့ကြုံဖူးသည်။ လုပ်ပိုင်ခွင့် လွှဲပေးဖို့ခက်သည်မှာ မှန်သော်လည်း သောကမများ၊ ဖိစီးမှုသက်သာကာ မောပန်းနွမ်းနယ်မှုလျော့နည်းစေလိုလျှင် လွှဲကိုလွှဲမှဖြစ်မည်။

ရောမလုပ်ငန်းကြီးတွေ ဖြစ်လာအောင်သာ တည်ထောင်တတ်သော်လည်း စုစည်းမှု၊ တာဝန်လွှဲမှု၊ ကြီးကြပ်မှုမရှိလျှင် သောကတွေကြောင့် အသက် ၅၀၊ ၆၀ ခန့်မှာပင် နှလုံးရောဂါ ရနိုင်သည်။ မယုံလျှင် သတင်းစာထဲက နာရေးကြော်ငြာတွေကို ကြည့်ပါ။

○ မုန်တိုင်းငယ်မှ

ဘင်္ဂလားပင်လယ်အော် အနောက်မြောက်ပိုင်းတွင် အားကောင်းသော ဆိုင်ကလုန်းမုန်တိုင်းအဖြစ်သို့ လည်းကောင်း ပိုမိုအားကောင်းလာနိုင်သည်ဟု ခန့်မှန်းရသည်။ ထိုမှတစ်ဆင့် အနောက်မြောက်ဘက်သို့ ရွေ့လျားနိုင်ပြီး အောက်တိုဘာ ၂၅ ရက် နံနက်အစောပိုင်းတွင် အိန္ဒိယနိုင်ငံ ဩရိဿပြည်နယ်မြောက်ပိုင်းနှင့် အနောက်ဘင်္ဂလားပြည်နယ်ကမ်းခြေတို့ကို ပူရီမြို့နှင့် ဆာဂါကျွန်းတို့အကြားမှ ဖြတ်ကျော်နိုင်သည်ဟု ခန့်မှန်းရသည်။


အဆိုပါ မုန်တိုင်းငယ်၏အရှိန်ကြောင့် ယနေ့ညမှ အောက်တိုဘာ ၂၄ ရက်အတွင်း နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး အချို့ဒေသများတွင် ဒေသအလိုက်မိုးကြီးခြင်း၊ နေရာကွက်၍ မိုးကြီးခြင်းများနှင့်အတူ လေပြင်းတိုက်ခတ်ခြင်းများ ဖြစ်ပေါ်နိုင်သည်။

မြန်မာ့ကမ်းရိုးတန်း တစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် မကြာခဏ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးရာမှ လှိုင်းအလွန်ကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၅၀ မှ ၅၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ၁၁ ပေမှ ၁၅ ပေခန့် ရှိနိုင်သည်။

သို့ဖြစ်ပါ၍ မိုးသည်းထန်စွာရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်း၊ မိုးသီးကြွေခြင်း၊ လျှပ်တစ်ပြက်ရေကြီးခြင်းနှင့် မြေပြိုခြင်းစသည့် သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် အဆိုပါဒေသများရှိ ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်၊ မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီး၊ ရေလျှံမှုများကို ကြိုတင်သတိပြု ရှောင်ရှားနိုင်ပါရန်နှင့် ပြည်တွင်းရေကြောင်းသွားလာရေးနှင့် လေကြောင်းပျံသန်းရေးအနေဖြင့်လည်း ကြိုတင်သတိပြုနိုင်ပါရန် သတိပေးနှိုးဆော်အပ်ပါသည်။

**မိုး/ဇလ**

၂၂-၁၀-၂၀၂၄ ရက်နေ့ မြန်မာစံတော်ချိန် (၁၇:၃၀)နာရီအချိန် တိုင်းထွာချက်အရ မုန်တိုင်းငယ်လမ်းကြောင်းပြမြေပုံ






## ပဲခူးတိုင်းဒေသကြီးကိုယ်စားပြု ဘိလိယက်နှင့် စနူကာပြိုင်ပွဲဝင် အားကစားသမားများ ပြည်မြို့၌ စခန်းသွင်းလေ့ကျင့်

ပြည် အောက်တိုဘာ ၂၂

ပဉ္စမအကြိမ်မြောက် အမျိုးသားအားကစားပွဲတော်တွင် ပါဝင်ယှဉ်ပြိုင်ကြမည့် ပဲခူးတိုင်းဒေသကြီးကိုယ်စားပြု ဘိလိယက်နှင့်စနူကာပြိုင်ပွဲဝင်အားကစားသမားများအဖွဲ့ ပြည်မြို့၌ စခန်းသွင်းလေ့ကျင့်နေမှုကို ယနေ့နံနက်ပိုင်းက ပြည်ခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးသိန်းအောင်၊ ပြည်မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်ဇင်ဦးနှင့် မြို့နယ်အားကစားနှင့် ကာယပညာဦးစီးဌာနမှ တာဝန်ရှိသူများ လာရောက်ကြည့်ရှု အားပေးစကားပြောကြားပြီး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ပဉ္စမအကြိမ်မြောက် အမျိုးသားအားကစားပွဲတော်တွင် ပဲခူးတိုင်းဒေသကြီးမှ တိုင်းဒေသကြီးကိုယ်စားပြု ဘိလိယက်နှင့်စနူကာပြိုင်ပွဲဝင် အားကစားသမား စုစုပေါင်း ၁၃ ဦး ဝင်ရောက်ယှဉ်ပြိုင်ကြမည်ဖြစ်ပြီး အဆိုပါပြိုင်ပွဲဝင်အားကစားသမားများသည် နည်းပြဆရာများ၏ အနီးကပ်ကြီးကြပ်မှုဖြင့် ပြည်မြို့ ရွှေတစ်ချောင်းလမ်းရှိ Ok Snooker Club၌ အောက်တိုဘာ ၁၁ ရက်မှ စတင်စခန်းသွင်း လေ့ကျင့်လျက်ရှိကာ ပြည်ခရိုင်နှင့် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့နှင့် ခရိုင်နှင့် မြို့နယ်အားကစားနှင့် ကာယပညာဦးစီးဌာနတို့မှ ပြိုင်ပွဲဝင်အားကစားသမားများ၏ ကျန်းမာရေးဆိုင်ရာနှင့် နေထိုင်စားသောက်မှု အဆင်ပြေစေရေး ဖြည့်ဆည်းဆောင်ရွက်ပေးကြောင်း သိရသည်။ **ကိုဆက်(ပြန်/ဆက်)**

## မြန်မာအသင်းယှဉ်ပြိုင်မည့် အာရှဖလား ယူ-၁၇ ခြေစစ်ပွဲအကြို ပွဲကြိုသတင်းစာရှင်းလင်းပွဲ ကျင်းပ

**ရန်ကုန် အောက်တိုဘာ ၂၂**

ဗီယက်နမ်နိုင်ငံ၌ ကျင်းပမည့် ၂၀၂၅ အာရှဖလား ယူ-၁၇ ခြေစစ်ပွဲအုပ်စု(I)အတွက် ပွဲကြိုသတင်းစာရှင်းလင်းပွဲကို အောက်တိုဘာ ၂၂ ရက်ကကျင်းပရာ မြန်မာအသင်းနည်းပြချုပ် ဦးအောင်ဇော်မျိုးအပါအဝင် ယီမင်၊ ဗီယက်နမ်နှင့် ကာဂျစ္စတန်အသင်းတို့မှ နည်းပြချုပ်များ တက်ရောက်သည်။

မြန်မာ ယူ-၁၇ အသင်းနည်းပြချုပ် ဦးအောင်ဇော်မျိုးက "ခြေစစ်ပွဲမတိုင်မီမှာ ကာတာ ယူ-၁၇ အသင်းနဲ့ ဒိုဟာမြို့မှာ ခြေစမ်းပွဲနှစ်ပွဲကစားခဲ့ပြီး တစ်ပွဲနိုင်၊ တစ်ပွဲရှုံးခဲ့ပါတယ်။ အာဆီယံပြိုင်ပွဲပြီးနောက်မှာ အသင်းကို နည်းစနစ်ပိုင်းကအစ အပြောင်းအလဲတွေ ပြုလုပ်ပြင်ဆင်ထားပါတယ်။ ကျွန်တော်တို့အသင်းမှာ အထက်တန်းကျောင်းသားတွေလည်း ပါဝင်ပါတယ်။ အုပ်စုတွင်းက ပြိုင်ဘက်အသင်းတွေကို လေးစားပါတယ်။ ရလဒ်ကောင်းဖို့အတွက် အကောင်းဆုံး ကြိုးစားသွားမှာပါ"ဟု ပြောကြားသည်။

ခြေစစ်ပွဲ အုပ်စု(I)တွင် ယီမင်၊ ဗီယက်နမ်၊ ကာဂျစ္စတန်နှင့် မြန်မာအသင်းတို့ ပါဝင်နေသည်။ အုပ်စု(I) ပထမနေ့အဖြစ် အောက်တိုဘာ ၂၃ ရက် မြန်မာစံတော်ချိန် ညနေ ၃ နာရီခွဲတွင် မြန်မာအသင်းနှင့် ယီမင်အသင်း၊ မြန်မာစံတော်ချိန် ညနေ ၆ နာရီခွဲတွင် အိမ်ရှင်ဗီယက်နမ်နှင့် ကာဂျစ္စတန်အသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

**သတင်း-ကိုညီလေး၊ ဓာတ်ပုံ-MFF**




## မြန်မာ-ဟောင်ကောင် အမျိုးသမီးခြေစမ်းပွဲ ယနေ့ကျင်းပမည်

**ရန်ကုန် အောက်တိုဘာ ၂၂**

မြန်မာ့လက်ရွေးစင် အမျိုးသမီးအသင်းနှင့် ဟောင်ကောင်လက်ရွေးစင် အမျိုးသမီးအသင်းတို့၏ ပထမခြေစမ်းပွဲကို အောက်တိုဘာ ၂၃ ရက် ညနေ ၄ နာရီတွင် ရန်ကုန်မြို့ရှိ သုဝဏ္ဏကွင်း၌ ကျင်းပမည်ဖြစ်သည်။

မြန်မာ့လက်ရွေးစင် အမျိုးသမီးအသင်းသည် ယခုနှစ်အတွင်း နိုင်ငံတကာပြိုင်ပွဲယှဉ်ပြိုင်ရန်မရှိသော်လည်း နိုင်ငံတကာခြေစမ်းပွဲများ ကစားနေခြင်းဖြစ်ပြီး ဇူလိုင်လတွင် အိန္ဒိယလက်ရွေးစင်အသင်းနှင့် ခြေစမ်းပွဲနှစ်ပွဲကစားပြီးနောက် ယခုလတွင် ခြေစမ်းပွဲ ထပ်မံကစားခြင်းဖြစ်သည်။ မြန်မာအသင်းနှင့် ဟောင်ကောင်အသင်းသည် ခြေစမ်းပွဲနှစ်ပွဲကစားမည်ဖြစ်ပြီး ပြီးခဲ့သည့်နှစ်က ကျင်းပသည့် (၁၉)ကြိမ်မြောက် အာရှအားကစားပြိုင်ပွဲ အုပ်စုအဆင့်တွင် တွေ့ဆုံပြီးနောက် ယခုခြေစမ်းပွဲတွင် တွေ့ဆုံခြင်းဖြစ်သည်။ အာရှအားကစားပြိုင်ပွဲ အုပ်စုပွဲတွေ့ဆုံရာတွင် မြန်မာအသင်းက တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။

ယင်းခြေစမ်းပွဲအတွက် ပွဲကြိုသတင်းစာရှင်းလင်းပွဲကို အောက်တိုဘာ ၂၂ ရက်က ကျင်းပရာ နှစ်ဖက်အသင်းနည်းပြချုပ်များနှင့် အားကစားသမားများ တက်ရောက်သည်။ မြန်မာအသင်းနည်းပြချုပ် ယုကီတက်ဆုရိုက "ဟောင်ကောင်နဲ့ တွေ့ဆုံဖူးပေမယ့် ရလဒ်ကောင်း ထပ်ယူနိုင်ဖို့ သေချာပြင်ဆင်ထားပါတယ်။ ကျွန်တော်တို့အသင်းဟာ ဒီနှစ်အတွင်း နိုင်ငံတကာပြိုင်ပွဲတွေမရှိပေမယ့် ခြေစမ်းပွဲတွေမှာ အနိုင်ရဖို့ ကြိုးစားသွားမှာဖြစ်ပါတယ်"ဟု ပြောကြားသည်။ ဟောင်ကောင်အသင်းနည်းပြချုပ် ရီကာဒိုရမ်ဘိုက "မြန်မာအသင်းဟာ ခြေစွမ်းကောင်းမွန်တဲ့အသင်းဖြစ်တာကြောင့် ကျွန်တော်တို့အတွက် အကျိုးရှိစေမယ့် ခြေစမ်းပွဲဖြစ်ပါတယ်။ ကျွန်တော်တို့အသင်းမှာလည်း ပြည်ပထွက်ကစားနေတဲ့ ကစားသမားအချို့ပါဝင်လာပါတယ်။ အသင်းကို တည်ဆောက်ရာမှာ အတွေ့အကြုံရှိသူရော လူငယ်ကစားသမားတွေကိုပါ ထည့်သွင်းရွေးချယ်ထားပါတယ်"ဟု ပြောကြားခဲ့သည်။

**ကိုညီလေး**

## လီဗာပူးအသင်းခေါင်းဆောင် ဗန်ဒိုက် စာချုပ်သစ်ချုပ်ဆိုရန် ဆွေးနွေးလျက်ရှိ

လီဗာပူးအသင်းခေါင်းဆောင် ဗန်ဒိုက်ဟာ စာချုပ်သစ်တစ်ရပ်ထပ်တိုးချုပ်ဆိုရန် ဆွေးနွေးမှုတွေပြုလုပ်လျက်ရှိတယ်လို့ သိရပါတယ်။

အသက် ၃၃ နှစ်ရှိ နယ်သာလန် ဗဟိုနောက်တန်းကစားသမား ဗန်ဒိုက်ဟာ ၂၀၁၈ ခုနှစ် ဇန်နဝါရီလကတည်းက လီဗာပူးအသင်းမှာ ရှိနေခဲ့သူဖြစ်ပြီး ဗန်ဒိုက်ရဲ့ လက်ရှိစာချုပ်သက်တမ်းကလည်း ယခုဘောလုံးရာသီကုန်မှာ ကုန်ဆုံးတော့မှာဖြစ်ပါတယ်။

အင်္ဂလန်ကြယ်ပွင့် အလက်ဇန္ဒားအာနိုးနဲ့ အီဂျစ်တိုက်စစ်မှူး မိုဟာမက်ဆာလာတို့ဟာလည်း လာမယ့်နွေရာသီအပြောင်းအရွှေ့ကာလအတွင်းမှာ စာချုပ်သက်တမ်းကုန်ဆုံးမှာဖြစ်ပေမယ့် ဒီကစားသမားနှစ်ဦးရဲ့ စာချုပ်သစ်ချုပ်ဆိုရေးကိစ္စနဲ့ပတ်သက်ပြီး လက်ရှိအချိန်အထိ သတင်းမထွက်ပေါ်သေးတာ ဖြစ်ပါတယ်။

လီဗာပူးအသင်းဟာ ဗန်ဒိုက်ကို ဆောက်သမ်တန်အသင်းကနေ ပြောင်းရွှေ့ကြေး ပေါင် ၇၅ သန်းနဲ့ခေါ်ယူခဲ့တာဖြစ်ပြီး လီဗာပူးအသင်းအတွက် ပရီမီယာလိဂ်ဖလား၊ ချန်ပီယံလိဂ်ဖလား၊ အက်ဖ်အေဖလား၊ ကာရာဘောင်ဖလားနဲ့ ဖီဖာကမ္ဘာ့ကလပ်အသင်းများ ဖလားတို့ကို ရယူပေးနိုင်ခဲ့သူဖြစ်ပါတယ်။

ဗန်ဒိုက်ဟာ လက်ရှိနည်းပြ စလော့လက်ထက်မှာလည်း လီဗာပူးအသင်းကို ယခုပရီမီယာလိဂ်ဘောလုံးရာသီအဖွင့်ပွဲစဉ်ရှစ်ပွဲမှာ ခုနစ်ပွဲအထိ နိုင်ပွဲရရှိမှုနဲ့အတူ ပရီမီယာလိဂ်အမှတ်ပေးဇယား ထိပ်ဆုံးကိုရောက်ရှိအောင် စွမ်းဆောင်ပေးနိုင်ခဲ့တာဖြစ်ပါတယ်။ **ငွေကြယ်**



ကြေးမုံသတင်းစာ စာဖတ်ပရိသတ်များ စာပေရသစုံ ခံစားဖတ်ရှုနိုင်ရန်အတွက် အခန်းဆက်ဝတ္ထုရှည်ကဏ္ဍကို ဖော်ပြပေးလျက်ရှိရာ စာရေးဆရာ နွမ်ဂျာသိုင်း၏ "တစ်ခါတုန်းက တက္ကသိုလ်မှာ" အခန်းဆက်ဝတ္ထုရှည်ကို အပတ်စဉ် တနင်္လာနေ့၊ ဗုဒ္ဓဟူးနေ့နှင့် သောကြာနေ့တို့တွင် ဖော်ပြပေးသွားမည်ဖြစ်ပါသည်။




(၂၁-၁၀-၂၀၂၄ ရက်နေ့မှအဆက်)

အောင်လင်းက နဂိုခေါသောသွားကို ပိုအရုပ်ဆိုးသွားအောင်ရှုံ့မဲ့လိုက်ပြီး -

"ဟာကွာ . . . မက်စ်က အောင်မြင့်တို့ အတင်းခေါ်တာနဲ့ ပါသွားတာ၊ ငါကံဆိုးပါတယ်။ ဖဲဝေပြီးလို့ မှောက်ဖဲကြည့်လိုက်ရင် တစ်ပဲ၊ လှန်ဖဲလည်း တစ်ပဲ။ ဒါလေးအားကိုးပြီး လိုက်ငြိအောင်လုပ်၊ တက်ပါပြီ ချီးပုံးတို့၊ ကိုးတို့၊ ကင်းတို့ ဆွဲရော"

သူ ဖဲဝေါဟာရကို ကောင်းကောင်း နားမလည်သော်လည်း သူ့စကားအသွားအလာကြည့်၍ တစ်ခုမှ အဆင်ပြေပုံမပေါ်ဆိုသည်ကို သိလိုက်သည်။

ရယ်ရမောရလွန်းသဖြင့် ခင်လေးဆီမှအပြန်ပါလာသော သောကလေးသည် တခြားကမ္ဘာသို့ ရောက်သွား၏။

တစ်ဖက်ခန်းမှ အော်သံပေါ်လာသည်။

"ဟေ့ကောင်၊ ဘေးကလူတွေ အားနာပါဦးဟ"

စန်းလွင်က အားလုံးကြားလောက်အောင် အသံပြဲကြီးဖြင့်-

အေးဟေ့ . . . အားလုံးပဲ တောင်းပန်ပါတယ်။ ငါတို့တွေက ဘေးက (...)တွေကို (..)ထင်သလို ဖြစ်သွားတယ်။ ဘေးက (...)တွေကို အားနာပါတယ်။ မကျေနပ်ရင် (...)နေကြ"

ဝါးခနဲရယ်သံ ပေါ်ထွက်လာ၏။

သို့သော်ရိုးသားဖြူစင်၍ပျော်စရာကောင်းလှ၏။ မည်သူမျှ မယုတ်မာ မညစ်ပတ်၊ ခွင့်လွှတ်စရာလေးများသာ ဖြစ်ပါသည်။

လူကြီးများ ဖြစ်လာသောအခါ ကျွန်တော်တို့ ထိုကဲ့သို့ မပြောကြသလို ထိုကဲ့သို့လည်း သန့်နိုင်တော့မည်မဟုတ်။

* * * * *

(၆)

အတန်းချိန် ပြီးလုပြီဖြစ်သဖြင့် နိဂုံးချုပ် မှတ်မိစရာလေးများ မမေ့ရန် ကျွန်တော် ပြန်တိုင်ပေးလိုက်သည်။

"ကဲ . . . အားလုံး ပြန်ဆိုမယ်၊ တစ်ခုကိန်းနဲ့ ဗပ်ဝမ်းတွဲ ဘာလေးထည့်မလဲ"

အင်္ဂလိပ်စာမှ ဧကဝစ်ကိန်း (ခေါ်) တစ်ခုကိန်းနှင့် ပစ္စုပ္ပန်ကြိယာ (ခေါ်) ယခုခေတ် အင်္ဂလိပ်စာသုံးကြိယာ၊ တစ် သို့မဟုတ် ဗပ်ဝမ်းအတွဲကို သံချပ်လေးစပ်၍ တိုင်ပေးလိုက်သည်။ ကလေးများထံမှ သံပြိုင်ထွက်ပေါ်လာ၏။

"အက်စ်၊ အီးအက်စ်၊ အိုင်အီးအက်စ်"

"ပြန်ဆိုမယ်၊ တစ်ခုကိန်းနဲ့ ဗပ်ဝမ်းတွဲ၊ ဘာလေးထည့်မလဲ"

"အက်စ်၊ အီးအက်စ်၊ အိုင်အီးအက်စ်"

"ဟုတ်ပြီ၊ အများကိန်းနဲ့ ဗပ်ဝမ်းတွဲ ဘာလေးထည့်မလဲ"

"ဒီအတိုင်းပဲ၊ ဒီအတိုင်းပဲ"

ကြိယာသုံးနှုန်းမှုနှင့်ဆိုင်သော အခြေခံ သီအိုရီလေးများမှာ ကလေးများပါးစပ်တွင် သံချပ်ကလေးများ ဖြစ်သွား၏။

သည်သံချပ် မှတ်နည်းများကို လေး၊ ငါးခေါက်တိုင်ဖောက်ရွတ်ဆိုပြီးသောအခါ အတန်းဖြုတ်လိုက်၏။

ကျောင်းအုပ်လုပ်သူ ဆရာဦးမြင့်မောင်က စာသင်ခုံမြင့်ပေါ်မှ ဆင်းလာသော ကျွန်တော့်ကို ပြုံးကြည့်ရင်း -

"ကောင်းတယ်ဗျာ၊ ဆရာ့ စာသင်နည်းလေးတွေက ကလေးတွေ မှတ်မိလည်းလွယ်တယ်။ အင်္ဂလိပ်စာ သဘောတရားလေးတွေလည်းပါတယ်"

"သိပ်တိတိကျကျကြီးတော့ မဟုတ်ဘူးပေါ့ ဆရာရယ်။ သူတို့အတန်းနဲ့တော့ သုံးလို့ဖြစ်ပါတယ်"

ပွဲဦးထွက် အဆင်ပြေမှုကိုရလိုက်သဖြင့် စောစောပိုင်းက ဖြစ်ပေါ်နေသော ဖြစ်မှဖြစ်ပါ့မလား ဆိုသည့်စိတ်ကလေးသည် အေးအေးချမ်းချမ်း ဖြစ်သွား၏။

"တော်သေးတာပေါ့ဗျာ၊ ကျွန်တော့်မှာ စာမေးပွဲနီးမှ ကလေးတွေတော့ ဒုက္ခရောက်တော့မှာပဲ အောက်မေ့နေတယ်။ ဆရာနဲ့က ပိုတောင်အဆင်ပြေနိုင်ပါသေးတယ်။ ဆရာ အစက စာသင်ဖူးသေးလား"

ကျွန်တော်က ဦးမြင့်မောင်နှင့်အတူ ရုံးခန်းစားပွဲတွင် ဝင်ထိုင်လိုက်ရင်း -

"ကျွန်တော် ဒါ ပထမဆုံး အတွေ့အကြုံပဲဆရာ။ ဒါပေမဲ့ ကျူရှင်စပြရမယ်ဆိုကတည်းက ကျွန်တော်ကလည်း ဂီတသမား၊ ဒိုးတီးနေသူဆိုတော့ စမ်းပြီး လုပ်လိုက်တာပဲ"

"ဟာ . . . ကောင်းတယ်၊ ကောင်းတယ်၊ ဆက်လုပ်ဗျာ။ ဪ . . . လက်ဖက်ရည်သောက်ဦး"

ကျွန်တော့်ဘက် ရွှေ့ပေးလိုက်သော လက်ဖက်ရည်ပန်းကန်ကို လှမ်းယူရင်း -

"ကျေးဇူးပဲ ဆရာ"

ဆရာဦးမြင့်မောင်က ခေါင်းတညိတ်ညိတ်နှင့် စဉ်းစားနေရာမှ-

"ဆရာနဲ့ ကျွန်တော် အလုပ်စကားပြောရအောင်ဗျာ"

အခေါ်ခံလေ့ခံထ မရှိသဖြင့် ကျွန်တော့်ကို ဆရာဟု ညွှန်းနေခြင်းကို တစ်မျိုးဖြစ်သော်လည်း သည်လိုပဲ တစ်ယောက်နှင့်တစ်ယောက် ခေါ်ပြောဆက်ဆံရမှာဖြစ်သဖြင့် ငြိမ်နေလိုက်သည်။ တစ်ဆက်တည်းပင် ကျွန်တော်က ခေါင်းညိတ်၍ -

"ဟုတ်ကဲ့၊ ပြောပါ ဆရာ"

"ကျွန်တော့်ဆီမှာ ငါး၊ ခြောက်၊ ခုနစ်၊ ရှစ် အတန်းလေးတန်း၊ တစ်ပတ်မှာ တစ်တန်းစီ အင်္ဂလိပ်စာ သုံးချိန်ဆိုတော့ တစ်ဆယ့်နှစ်ချိန်ပေါ့ဗျာ။ ဆရာသင်ရမယ်"

"ဟုတ်ကဲ့"

"ဆရာ ဘယ်လောက်ယူမလဲ"

"အင် .."

ကျွန်တော် ချက်ချင်း ဘာပြန်ဖြေရမှန်းမသိ။ ယခုမှ မိတ်ဆက်ရသော ကျူရှင်လောကတွင် ငွေစကားကြေးစကား ကျွန်တော်မဆိုတတ်။ ထို့ကြောင့်

"အာ . . . ဒါ ကျွန်တော် မပြောပါရစေနဲ့ဆရာ။ ကျွန်တော် ပြောလည်းမပြောတတ်ဘူး။ ဆရာ သင့်သလိုစီမံပါ။ ကျွန်တော်ကတော့ ကျွန်တော့် ကျောင်းစရိတ်နဲ့ နည်းနည်းပါးပါး သုံးဖို့စွဲဖို့ရရင် ပြီးပါတယ်"

ဦးမြင့်မောင်က အတန်ငယ် စဉ်းစားနေ၍ ခဏကြာမှ -

"ဒီလိုလုပ်ဗျာ"

"ဟုတ်ကဲ့၊ ပြောပါ ဆရာ"

သူ့ဆီမှ ချက်ချင်းထွက်မလာသော စကားသံကို ကျွန်တော်မျှော်လင့်တကြီး စောင့်နေမိသည်။

"ကျွန်တော့်ဆီမှာ ကျောင်းသားတစ်တန်းကို တစ်ရာလောက်ရှိတယ်။ ဒီလိုလုပ်ဗျာ၊ လောလောဆယ်တော့ နည်းတယ်၊ များတယ်မတွက်နဲ့။ နောက်နှစ်ကျတော့ ကျောင်းသားအခြေအနေကြည့်ပြီး စီစဉ်တာပေါ့။ ခု စာမေးပွဲမတိုင်မီ နှစ်လလောက်မှာ ဆရာ ဝမ်းဆက်ရှင်ကို တစ်ရာနဲ့ ဖိုးဆက်ရှင်အတွက် လေးရာယူပေါ့"

အတန်းတစ်တန်းကို တစ်ရာ၊ အတန်းလေးတန်း လေးရာဆိုသဖြင့် ကျွန်တော့်ရင်ထဲ ဒိန်းခနဲဖြစ်သွား၏။ သို့သော် အမူအရာ မပျက်အောင်တော့ ထိန်းထားလိုက်သည်။ အံ့ဩသောစိတ်နှင့် ဘာမှ ပြန်မဖြေဖြစ်။ နောက်မှ သတိဝင်ကာ -

"ဖြစ်ပါတယ် ဆရာ၊ ဖြစ်ပါတယ်"

"ကျွန်တော် ခုလအတွက် ရှင်းပေးလိုက်ပါမယ်။ ကျွန်တော်တို့ ကျူရှင်ထုံးစံက လကြိုရှင်းပါတယ်။ ဒီလအတွက် ဒီလဆန်း၊ နောက်လတိုင်းလည်း လဆန်းမှာ ရှင်းပေးပါတယ်။ တစ်ခုပဲ ပြောချင်တာက ဆရာအတန်းလေးတော့ မှန်အောင်ဝင်ပေးပါ။ ကလေးတွေ အခြေအနေကို ဆရာ သိပါတယ်"

"ဟုတ်ကဲ့ပါခင်ဗျာ၊ ကျွန်တော် သဘောပေါက်ပါတယ်"

ဦးမြင့်မောင်က အံဆွဲထဲမှ တစ်ရာအုပ်လေးအုပ်ယူ၍ စားပွဲပေါ်တင်ပေးလိုက်သည်။

"ကျေးဇူးတင်ပါတယ် ဆရာ"

ငွေများကို လှမ်းယူသောလက်များ မတုန်အောင် သတိထား၍ လှမ်းယူရ၏။ ဆရာဦးမြင့်မောင်က တစ်ချက်ရယ်ရင်း -

"ဆရာကတော့ ပွဲဦးထွက်မှာ ဒီလောက်ရလို့ သိပ်ဝမ်းသာသွားမှာပဲ ထင်တယ်။ တယ် ငွေရလွယ်လိုက်တာလို့များ တွက်မလားဘဲ။ မတွက်နဲ့ ဆရာရေ၊ ကျွန်တော့်မှာကလည်း ကျောင်းသားစုပြီးသားမို့လို့၊ အောင်မြင်ပြီးသား ကျောင်းကလည်း ဖြစ်နေလို့၊ ဆရာသင်တာလည်း သဘောကျလို့၊ ပြီးတော့ ဆရာနဲ့ ကျွန်တော်ကလည်း ဆိုက်ဆိုက်မြိုက်မြိုက်ကြုံလို့။ ကျူရှင်လောကမှာ လုံးလည်ချာလည် လိုက်နေတဲ့လူတွေအများကြီးပဲ။ တချို့ဆို အခန်းခတောင်မကျေဘူး။ ဒီအခွင့်အရေးကောင်းလေးနဲ့ ဆရာ အဆင်သင့်တုန်း ကြိုးစားပြီးသင်ပါဆရာ။ စောစောကသင်တဲ့အချိန်မှာ ဆရာသာကြိုမကြိုးစားထားဘူးဆိုရင် ဝမ်းနည်းပါတယ်ဆိုတဲ့ စကားလေးနဲ့ပဲ ဆရာပြန်ရမှာ"

ဦးမြင့်မောင်၏ ရှည်လျားသော ရှင်းပြစကားများကို ကျွန်တော် ကောင်းစွာသဘောပေါက်ပါသည်။

မနက်ဖြန်ကို ကျွန်တော် ချက်ချင်းရောက်ချင်လာတော့သည်။ သည်ဝမ်းသာသတင်းကို ခင်လေးကြားလျှင် မည်မျှဝမ်းသာလိုက်ပါမည်နည်း။

* * * * *

"ဟ . . . မင်းဟာကြီးက ထီထပေါက်သလိုပဲဟ"

ပေါ်ဦးက ကြားကြားချင်း အံ့ဩသောလေသံဖြင့် ထအော်သည်။ ကျွန်တော်က ခေါင်းညိတ်ပြရင်း-

"အေး . . . သူပြောတော့ ငါလည်း ငါ့နားတောင် ငါမယုံချင်ဘူး။ ဒီလောက်ရလိမ့်မယ်လို့ ငါ့စိတ်ထဲ လုံးဝမျှော်လင့်မထားတာကွ"

ပေါ်ဦးက ကျွန်တော့်ကို စိုက်ကြည့်ရင်း -

"ကံလည်း ပါတာပေါ့ကွာ။ အားလုံးက အဆင်ပြေချင်တော့ ကြုံဖန်ကြုံကြိုက်သွားတာကိုး။ မင်းဇော်မြင့်ကို ကျေးဇူးတင်ရမယ်ကွ"

ကျွန်တော်က ခေါင်းညိတ်ရင်း-

"ကျေးဇူးတင်တာပေါ့ကွာ၊ သူတင်ဘယ်ဟုတ်မလဲ။ သူ့အစ်ကို ဆရာဦးမြင့်မောင်ရော၊ ဒီအကြံစပေးတဲ့ မင်းကိုရော၊ ထွက်သွားတဲ့ အရင်ဆရာရော။ ငါတော့ ခင်လေးကိုတောင် ပြေးပြီးပြောချင်လိုက်တာ" ပေါ်ဦးက ကျွန်တော့်ကို နားလည်စာနာဟန်ဖြင့် ကြည့်၍-

"မနက်ဖြန်မှ ပြောပါကွာ။ လူချင်းတွေ့မှ ပြောတာက ပိုကောင်းပါတယ်"

"အေးပေါ့ကွာ၊ ဒါပဲ ကောင်းပါတယ်"

"မင်း သိပ်ကံကောင်းတဲ့ကောင်ပဲ ထွန်းဝေ။ ကံဆိုတဲ့သဘောက သိပ်ထူးဆန်းတယ်နော်။ မထင်တာတွေဖြစ်တတ်တယ် သိလား"

"အေးပေါ့ကွာ၊ ငါလည်း ကံကိုပဲ ကျေးဇူးပိုတင်ရမလိုဖြစ်နေပြီ"

"လုပ်စမ်းပါဦးကွ၊ စောစောက ကံကောင်းတယ်ဆိုတာလည်း ကြားတယ်၊ လေးရာဆိုတာလည်း ကြားတယ်။ ဘယ်သူလဲ ကံကောင်းတာ၊ ထွန်းဝေလား"

အခန်းဝဘက်မှ အသံပြဲကြီးနှင့် အောင်လင်းဝင်လာသည်။သူ့နောက်မှ စန်းလွင်၊ ဝင်းနိုင်။

"ဟား . . . မင်းတော့ဆွေးပြီထွန်းဝေ"

ပေါ်ဦးက ကျွန်တော်ကြားသာရုံပြော၏။ သို့သော် နားပါးသော စန်းလွင်က -

"ထပ်သရီး . . . ဘယ်က ဆွေးရမှာလဲ၊ ပိုကောင်းသွားတာ။ ဒီက သီလ သမာဓိရှိတဲ့ ပုဂ္ဂိုလ်တွေ ကန်တော့ရတာ ဘယ်လောက် ကုသိုလ်ရတယ်မှတ်လဲ။ ဘယ်ဘဝကတည်းက ဆုတောင်းခဲ့သလဲမှ မသိတာ။ ဘာဖြစ်တာလဲ ငါတို့ကို မှန်မှန်ပြော"

(ဆက်လက်ဖော်ပြပါမည်)

**❝ကြိယာသုံးနှုန်းမှုနှင့်ဆိုင်သော အခြေခံသီအိုရီလေးများမှာ ကလေးများပါးစပ်တွင် သံချပ်ကလေးများ ဖြစ်သွား၏။ ကောင်းတယ်ဗျာ၊ ဆရာ့စာသင်နည်းလေးတွေက ကလေးတွေ မှတ်မိလည်းလွယ်တယ်။ အင်္ဂလိပ်စာ သဘောတရားလေးတွေလည်းပါတယ်၊ သိပ်တိတိကျကျကြီးတော့ မဟုတ်ဘူးပေါ့ ဆရာရယ်။ သူတို့အတန်းနဲ့တော့ သုံးလို့ဖြစ်ပါတယ်၊ ပွဲဦးထွက် အဆင်ပြေမှုကိုရလိုက်သဖြင့် စောစောပိုင်းက ဖြစ်ပေါ်နေသော ဖြစ်မှဖြစ်ပါ့မလားဆိုသည့် စိတ်ကလေးသည် အေးအေးချမ်းချမ်းဖြစ်သွား၏❞**

စာရေးဆရာ နွမ်ဂျာသိုင်း၏ "တစ်ခါတုန်းက တက္ကသိုလ်မှာ" စာအုပ်အား စာရေးသူ၏ မိသားစု ခွင့်ပြုချက်ဖြင့် ကူးယူဖော်ပြခြင်း ဖြစ်ပါသည်။

**စာတည်း**

## ရန်ကုန်တိုင်းဒေသကြီး
## ဗိုလ်တထောင်ကျိုက်ဒေးအပ်ဆံတော်ဦးစေတီတော် ဂေါပကအဖွဲ့ရုံး
## (ဝန်ထမ်းအသစ်ခေါ်ယူခြင်း)

၁။ ဗိုလ်တထောင်ကျိုက်ဒေးအပ်ဆံတော်ဦးစေတီတော် ဂေါပကအဖွဲ့ရုံးတွင် တာဝန်ထမ်းဆောင်ရန် အောက်ဖော်ပြပါ ရာထူးနေရာများ အလိုရှိသည် -

**(က) ကွန်ပျူတာစာရေး (ကျား/ မ) (၂) ဦး**
(၁) တက္ကသိုလ်မှ ဘွဲ့တစ်ခုခု ရရှိထားသူဖြစ်ရမည်။
(၂) အသက်(၂၂)နှစ်မှ (၄၀)နှစ်အတွင်း ဖြစ်ရမည်။
(၃) ကွန်ပျူတာကျွမ်းကျင်သူဖြစ်ရမည်။
(winword / Excel / Powerpoint)

**(ခ) လျှပ်စစ်ကျွမ်းကျင် (ကျား) (၂)ဦး**
(၁) လျှပ်စစ်ကျွမ်းကျင်သင်တန်းဆင်းလက်မှတ်ရှိရမည်။
(၂) အသက် (၁၈)နှစ်မှ (၅၀)နှစ်အတွင်း ဖြစ်ရမည်။

၂။ လျှောက်ထားသူများသည် ကျန်းမာရေးကောင်းမွန်ကြောင်း မြို့နယ်ကျန်းမာရေးဌာန ဆေးထောက်ခံချက်ပါရှိရမည်။ ကိုယ်ရေးရာဇဝင်၊ တစ်လအတွင်းပြုလုပ်ထားသော အကျင့်စာရိတ္တကောင်းမွန်ကြောင်း ရဲစခန်း ထောက်ခံချက်နှင့် ရပ်ကွက်ထောက်ခံချက်၊ လိုင်စင်ဓာတ်ပုံ(၂)ပုံ၊ အလုပ်သမားမှတ်ပုံတင် (တစ်နှစ်အတွင်း)၊ အိမ်ထောင်စုဇယား(မိတ္တူ)၊ မှတ်ပုံတင်(မိတ္တူ)၊ ပညာအရည်အချင်း ထောက်ခံချက်၊ သက်ဆိုင်သော လုပ်ငန်း ကျွမ်းကျင်မှုလက်မှတ်မူရင်းများနှင့်အတူ ကြော်ငြာပါသည့်ရက်မှစ၍ (၃၁-၁၀-၂၀၂၄)ရက်နေ့ နောက်ဆုံးထားပြီး ဂေါပကအဖွဲ့ရုံးသို့ လာရောက်လျှောက်ထားနိုင်ပါသည်။

**ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့**
**ဗိုလ်တထောင်ကျိုက်ဒေးအပ်ဆံတော်ဦးစေတီတော်**
**ဖုန်း-၀၁-၈၂၀၂၀၈၆၊ ၀၁-၈၂၀၁၇၆၄**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်( င )၊ မြေကွက်အမှတ်( ၅၂၅ )၊ အကျယ်အဝန်း( ၄၀ ပေ × ၆၀ ပေ ) ( ၂၄၀၀-စတုရန်းပေ )ရှိ နှစ်(၆၀)မြေငှားဂရန်မြေကွက် နှင့် ယင်းမြေကွက်ပေါ်ရှိ အမှတ်( ၅၂၅ )၊ နွယ်နီ( ၁၂ )လမ်း၊ ( င )ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်ဟုခေါ်တွင်သော နေအိမ်အပါအဝင်အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ကျွန်မ နော်ဘလော်စံ မှ တရားဝင်အမည်ပေါက်ပိုင်ဆိုင်လျှက်ရှိပြီး ၊ မိမိသည် အဆိုပါမြေကွက်၊ နေအိမ်အား မိမိ၏သမီးအရင်းဖြစ်သူ နော်ကော်နူ (၁၂/ဥကမ (နိုင်) ၁၇၈၅၁၃) ထံသို့ အပိုးစားနားတစ်ပြားတစ်ချပ်မျှရယူခြင်းမပြုဘဲ မေတ္တာဖြင့် အပြီးအပိုင်ပေးကမ်းမည်ဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ဤသတင်းစာကြော်ငြာပါသည့်နေ့မှစ၍( ၇ )ရက်အတွင်း ပိုင်ဆိုင်မှုစာရွက်စာတမ်းမူရင်းများယူဆောင်၍ မိမိထံသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

နော်ဘလော်စံ
၁၂/ဥကမ (နိုင်) ၂၁၆၆၁၀
အမှတ်( ၅၂၅ )၊ နွယ်နီ( ၁၂ )လမ်း၊ ( င )ရပ်ကွက်၊
မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

## “ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း”

ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးခရိုင်၊ လှည်းကူးမြို့နယ်၊ ကျွန်းကလေးကျေးရွာအုပ်စု၊ ဗိုလ်တေဇလမ်း၊ ကွင်းအမှတ်-(၉၈၈-ခ)၊ သာယာကုန်းကွင်း၊ ဦးပိုင်အမှတ်-(၃၅/င)၊ ဒေါ်နန်းရဲခမ်း ပါ-(၂)အမည်ဖြင့် မြေခွန်ပြေစာ ထွက်ရှိထားသော ဧရိယာ(၀ . ၁ ၁ )ဧက အလျား ( ၆၀ )ပေ x အနံ ( ၈၀ )ပေရှိ ခြံမြေကွက်နှင့် ယင်းမြေကွက်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို တရားဝင် ပိုင်ဆိုင်၍ ရောင်းချပိုင်ခွင့်ရှိသူများဖြစ်ကြောင်း၊ အဆိုပြုသူ (၁)ဒေါ်နန်းရှန်ခမ်း ( ဘ )ဦးစိုင်းရှန် [၁၃/ကတန(နိုင်)၀၀၂၅၅၃]၊ (၂)ဒေါ်နန်းဆီမား (ဘ)ဦးအုံးဖေ [၁၃/ကတန(နိုင်)၀၀၁၃၄၉]တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်လှဥမ္မာ [၁၂/ရကန(နိုင်)၀၀၁၂၀၁]က အပိုင်ဝယ်ယူရန်အတွက် အရောင်းအဝယ်ပြုလုပ်သော တန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်ပြုလုပ်မှုကို အကျိုးသက်ဆိုင်သဖြင့် ကန့်ကွက်လိုပါက ဤသတင်းစာ ကြေညာချက်ပါသည့် ရက်မှစ၍ (၁၄)ရက်အတွင်း ခိုင်လုံသော အထောက်အထားစာရွက်စာတမ်း မူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်လှဥမ္မာ၏ လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်ဆွေဇင်ဝင်း ( LL.B ) တရားလွှတ်တော်ရှေ့နေ (စဉ်-၁၅၀၂၄)**
**(၁/ရ-၁၂၃)၊ ၁/ရ(၅)လမ်း၊ မေဃဝတီတိုးချဲ့၊ သာသနာ့ရိပ်သာရပ်ကွက်၊**
**လှည်းကူးမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း-၀၉-၄၂၁၀၃၀၆၈၇၊ ၀၉-၇၉၅၄၈၅၄၃၈**

## “ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း”

ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ မြို့သစ်(၈)ရပ်ကွက်၊ ရာကျော်(၁)လမ်း၊ အမှတ်(၃၄/က)ဟုခေါ်တွင်သော အကျယ်အဝန်း အလျား (၆၀) ပေ x အနံ (၂၀) ပေရှိ မြေကွက်သည် သက်ဆိုင်ရာ အိုးအိမ်နှင့်ဖွံ့ဖြိုးရေးဦးစီးဌာနတွင် ဦးဘိုအုပ် (AD -၀၂၀၆၉၁) အမည်ပေါက် ပါမစ် မြေကွက်ဖြစ်ပြီး ယင်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော နေအိမ်၊ လျှပ်စစ်မီတာ၊ ရေအပါအဝင် အကျိုးခံစားခွင့် အားလုံးတို့ကို စာချုပ်အဆက်စပ်ဖြင့် လက်ရောက် ဝယ်ယူပိုင်ဆိုင်ထားပြီး တစ်ဆင့် ပြန်လည် ရောင်းချပိုင်ခွင့်ရှိသူဟု ဝန်ခံကတိပြုသူ ဦးနန္ဒဇော် (ဘ) ဦးသန်းဇော်နိုင် [၁၂/အစန (နိုင်) ၁၉၇၃၃၃]ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေဖြစ်သော ဦးကျော်ရဲအောင် (ဘ)ဦးအောင်မြင့်သိန်း[၈/ပခက (နိုင်) ၂၆၉၈၃၈] ကိုင်ဆောင်သူမှ အပြီးအပိုင်ဝယ်ယူရန် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါ၍ အထက်ဖော်ပြပါ အရောင်းအဝယ် ကိစ္စနှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ခိုင်လုံသော စာရွက်စာတမ်း (မူရင်း) အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက် ဆောင်ရွက်သွားမည် ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ -**

| | |
|---|---|
| **ဦးဇော်မင်းနိုင်** | **ဒေါ်သက်ဆုရည်** |
| **LL.B, DL – 101 Wipo (Switzerland)** | **ဥပဒေဘွဲ့ (LL.B)** |
| **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၀၉၁၈/၁၆)** | **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၈၃/၁၇)** |
| **ဖုန်း-၀၉-၄၂၅၁၆၈၉၃၂** | **ဖုန်း-၀၉-၄၂၁၀၂၄၈၈၆** |

**ရုံး-အမှတ်(၅၀)၊ ဒုတိယထပ်၊ ဘဏ်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**

## ဒေါက်တာဦးအောင်ကို

အိမ်တိုင်ရာရောက်
နားပေါက်ကျယ်ချုပ်သည်၊ နားပေါက်ဖောက်သည်။
နဂိုအတိုင်း လှပစွာ ချုပ်ပေးသည်။
20% OFF
တစ်ပေါက်(၁၅၀၀၀၀)ကျပ်။ နှစ်ပေါက်(၃၀၀၀၀၀)ကျပ်။
**PH: 09-777747223, 09-772038930**

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သင်္ဃန်းကျွန်းမြို့နယ်၊ စ-က/ရပ်ကွက်၊ ရတနာသုခလမ်း၊ တိုက် 72-B-ဒါဘာနေ ဒေါ်ငွေငွေအောင် [၁၂/ ဗဟန (နိုင်) ၀၂၁၉၂၇]ကိုင်ဆောင်သူ၏ သား မောင်ဝေယံဦး [၁၂/ရကန(နိုင်)၀၈၄၈၈၆] ကိုင်ဆောင်သူသည် မိခင်၏ပြောဆို ဆုံးမမှုကို လက်မခံဘဲ မိခင်နှင့်ဆွေမျိုးများကို စိတ်ဒုက္ခရောက်အောင် အကြိမ်ကြိမ်ပြုလုပ်နေပါသဖြင့် ဤကြော်ငြာပါ သည့်နေ့မှ စ၍ သားအဖြစ်မှအမွေပြတ်စွန့်လွှတ်လိုက်ပါကြောင်းနှင့် ၎င်းနှင့် ပတ်သက်သောမည်သည့်ကိစ္စကိုမဆို လုံး၀(လုံး၀)တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**မိခင်**
**ဒေါ်ငွေငွေအောင်**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ဥတ္တရသီရိမြို့နယ်၊ သဲကျွန်းကွက်သစ်ရပ်ကွက်၊ မြေတိုင်း ရပ်ကွက်အမှတ် ၁၂/ သဲကျွန်းအနောက်ရပ်၊ မြေဧရိယာ(၀.၀၅၅)ဧက၊ မြေကွက်အမှတ်(ဥသ-၄၁၈၀)၊ ဦးမြင့်ဆွေ (ဘ) ဦးအောင်ပြည့် အမည်ပေါက် နှစ်(၃၀)မြေငှားစာချုပ်မြေကွက်ကို ဒေါ်အေးအေးလင်း [၈/ဂဂန(နိုင်)၀၇၁၆၉၀]၊ (ဘ) ဦးတင်ဦး မှ နေပြည်တော်စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ် ၄၅၆/၂၀၂၁(၁၂-၄-၂၀၂၁)တင်ပြ၍ ဒေါ်ခင်ပြုံးအေး[၈/ရစက(နိုင်)၁၂၅၂၃၀]၊ (ဘ) ဦးတင်သောင်းအမည်ဖြင့် မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် မြေပုံ/မြေရာဇဝင်ရေးကူးခွင့်လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါသည့်ရက်မှစ၍ (၁၅) ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ/ မြေရာဇဝင်ရေးကူးခွင့်လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကုန်အမှတ်တံဆိပ်အမည်အမှတ်အသားအား အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီးသင်္ဃန်းကျွန်းမြို့နယ်၊(င/က)ရပ်ကွက်၊ ဇာဝေယာဗလီဝင်း၊ အမှတ် (၂၄)နေ ဦးလှမြင့် [၁၂/သဃက(နိုင်)၂၀၂၃၃၀] (ဘ) ဦးမောင်လှ ဟုခေါ်တွင်သော ကျွန်ုပ်၏ မိတ်ဆွေသည် ရန်ကုန်မြို့ စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၌ အောက်တွင် ကပ်နှိပ်ဖော်ပြထားသော လုပ်ငန်း အမှတ်တံဆိပ်အမည်အမှတ်အသားအား သုံးစွဲရန် မှတ်ပုံတင်စာချုပ်အမှတ် (၄/၈၁၁၂)ကို (၃၀-၉-၂၀၂၄)တွင် တရားဝင်မှတ်ပုံတင်ထားပြီးဖြစ်ပါသည်-

HYPER

အထက်တွင် ဖော်ပြထားသော လုပ်ငန်းအမှတ်တံဆိပ်အမည် အမှတ်အသား “HYPER” ဟူသော အမည်အမှတ်အသားဖြင့် “ကျားဝတ်/မဝတ်/ကလေးဝတ်/လူကြီးဝတ်” အဝတ်အထည်အမျိုးမျိုး တို့ကို ရန်ကုန်မြို့နှင့်တကွ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတစ်ဝန်းလုံးတွင် သတင်းကောင်းဖြင့် ကိုယ်တိုင် ချုပ်လုပ်၊ ထုတ်လုပ်၊ ဖြန့်ဖြူး ရောင်းချလျက်ရှိပါသည်။

မိမိ၏ကုန်အမှတ်တံဆိပ်နှင့် စပ်လျဉ်းပတ်သက်သည့် ကိစ္စအဝဝများပေါ်တွင် ၎င်းကုန်အမှတ် တံဆိပ်အမည်အမှတ်အသားအား Plastic ဘူး၊ Plastic အိတ်၊ Plastic Pad၊ စက္ကူပုံး၊ စက္ကူဘူး၊စက္ကူအိတ်၊ စက္ကူပတ်၊ စက္ကူရွက်၊ ပါဆယ်ထုပ်များနှင့် ထည့်သွင်းပစ္စည်း ထုပ်ပိုးပစ္စည်းတို့အပေါ်တွင်လည်း အရွယ်အစား အမျိုးမျိုး ပြုလုပ်၍ ဖိနှိပ်၊ ရိုက်နှိပ်၊ ကပ်နှိပ် အသုံးပြုသွားမည်ဖြစ်ပါသည်။

မိမိ၏ ကုန်အမှတ်တံဆိပ် အမည်အမှတ်အသားကို ဆိုင်းဘုတ်၊ ဘာလောက်၊ တီဗွီ၊မဂ္ဂဇင်း၊ စာစောင်၊ ဗလာစာအုပ်၊ ကြေညာ၊ ငွေပြေစာဖြတ်ပိုင်း၊ တံဆိပ်တုံး၊ Name Card, Letterhead, E-mail, Internet, Website, Logo, Invitation Letter, Social Media, Facebook အစရှိသည်တို့တွင်လည်း အသုံးပြုသွားမည်ဖြစ်ပါသည်။

အထက်ဖော်ပြပါ ကုန်အမှတ်တံဆိပ်အမည်အမှတ်အသားကို မိမိမှ တစ်ပါး အခြားသူမည်သူ တစ်ဦးတစ်ယောက်မှဖြစ်စေ၊ တစ်စိတ်တစ်ဒေသ ဖြစ်စေ၊ တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ ဖြစ်စေ၊ ပုံတူပုံမှား၊ ထင်ယောင်ထင်မှား၊ ဆင်တူယိုးမှားတစ်ခုခုဖြင့် တုပပြုလုပ်သုံးစွဲနေသည်များကို တွေ့မြင်ကြားသိရပါက မိမိ၏လုပ်ငန်းအကျိုးစီးပွား ထိခိုက်နစ်နာဆုံးရှုံးမှုများ ကုန်ကျသမျှသော အရပ်ရပ် စရိတ်ငွေကြေးငွေ များအတွက် လျော်ကြေးငွေများတောင်းဆိုသွားနိုင်ရန်နှင့် ရန်ကုန်မြို့နှင့်တကွ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံအတွင်းရှိ မည်သည့်တရားရုံးတွင်မဆို တရားမကြောင်းအရဖြစ်စေ၊ ရာဇဝတ်ကြောင်းတို့အရဖြစ်စေ တရားစွဲဆိုမည့်အပြင် တုပပြုလုပ်ထားသည့် ကုန်အမှတ်တံဆိပ် အမည်အမှတ်အသားများကို ပယ်ဖျက်ပေးသည်အထိ ဆက်လက်အရေးယူ ဆောင်ရွက်မည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

၎င်းကုန်အမှတ်တံဆိပ်အမည် အမှတ်အသားနှင့်ပတ်သက်၍ (အမည်တူ)၊ ကန့်ကွက်လိုပါက သတင်းစာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်း အသိပေး ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ဒါလီတင်ထွန်း LL.B, D.B.L, D.I.L**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၂၈၂၈/၂၀၁၇)**
**Ph: 09-252198776**

## အမည်မှန်

မွန်ပြည်နယ်၊ မော်လမြိုင်မြို့၊ ငန်းတေးရပ်ကွက်၊ အောင်မြင်ကိုယ်ပိုင် အထက်တန်းကျောင်း Grade-6 (A1)မှ (ဘ) ဦးမင်းဇော်မင်းနိုင် [၃/ ကကရ(နိုင်) ၁၂၄၅၀၉] ၏သမီးဖြစ်သူ မိဂျူရီယာနိုင်၏ အမည်မှန်မှာ မိဂျူလီယာနိုင် ဖြစ်ပါကြောင်း။
**မိဂျူလီယာနိုင်**

## ဖခင်အမည်မှန်

မွန်ပြည်နယ်၊ သထုံမြို့၊ အ.ထ.က (ကြာပန်း) ကျောင်း Grade-9(A)တွင်ပညာသင်ကြားနေသော မသီတာခိုင်၏ ဖခင်အမည်မှန်မှာ ဦးအောင်ကျော်ကျော် [၁၀/သထန(နိုင်)၁၇၂၈၅၈] ဖြစ်ပါကြောင်း။ **ဦးအောင်ကျော်ကျော်**
**[၁၀/သထန(နိုင်)၁၇၂၈၅၈]**

## ပျောက်ဆုံးကြောင်း

(ဘ) ဦးသန့်ဇင်၏သမီး မခင်ထူးမြတ်နိုးသန့် [၇/ညလပ(နိုင်)၁၅၇၀၄၅] ၏ နိုင်ငံကူး လက်မှတ်အမှတ် (MG-862073)ဖြင့် ပြုလုပ်ခဲ့သော OWIC ကတ်အမှတ် (3471990634)သည် ခရီးသွားရင်းပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။
**Ph:09-448402187**

STAR
ဒုံမြို့သစ် အရှေ့ပိုင်း၊ တောင်ပိုင်း၊ မြောက်ပိုင်း၊ ဆိပ်ကမ်းရှိမြေကွက်များ ဝယ်လိုသည်။
**09-43088052**
**09-260660405**
**09-421067330**

## ကန့်ကွက်နိုင်ပါသည်

အမှတ်(263)၊ ဇဋ္ဌိလလမ်း၊ (14)ရပ်ကွက်၊ ဒဂုံအရှေ့တွင် (K)အမည်ဖြင့် သောက်ရေသန့် ထုတ်လုပ်ရောင်းချမည်ဖြစ်ပါ၍ အမည်တူရှိပါက (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**ဦးစိုးနိုင်[၁၄/ဇလန(နိုင်)၀၅၄၁၈၈]**
**Ph:09-444088865, 09-451119841**

## ဒီကရီကိုအတည်ပြုရန် အမိန့်မထုတ်သင့်ကြောင်း ထုချေစေရန် အကြောင်းကြားစာ
## ( တရားမကျင့်ထုံးဥပဒေအမိန့် ၂၁၊ နည်းဥပဒေ ၂၂)
## မရမ်းကုန်းခရိုင်တရားရုံး
## ၂၀၂၂ ခုနှစ် ၊ တရားမကြီးမှုအမှတ် - ၉၁၁ နှင့် ဆက်နွှယ်သည့်
## ၂၀၂၄ ခုနှစ် ၊ တရားမဇာရီမှုအမှတ်- ၁၆၁

| | | |
|---|---|---|
| ၁။ ဦးကိုကို | နှင့် | ၁။ ဦးထွေးဦး(ခ) ဦးမောင်မောင်ထွေး |
| ၂။ ဒေါ်စန်းစန်းတင်(ကိုယ်တိုင်နှင့် ၁-တရားနိုင်၏ အခွင့်ရကိုယ်စားလှယ်) | | ၂။ ဒေါ်မြင့်မြင့်သိန်း |
| | | ၃။ ဦးအောင်ကိုကို |
| (ဒီကရီအနိုင်ရသူများ ) | | (တရားရှုံးများ) |

**ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ တာမွေလေးရပ်ကွက်၊ ပိတောက် ရွှေဝါလမ်း၊ အမှတ်(၂၄)နေ (၁) တရားရှုံး ဦးထွေးဦး(ခ) ဦးမောင်မောင်ထွေးနှင့် (၂) တရားရှုံး ဒေါ်မြင့်မြင့်သိန်း (ယခုနေရပ်လိပ်စာမသိ) သူတို့သိစေရမည်။**

၂၀၂၂ ခုနှစ် တရားမကြီးမှုအမှတ် - ၉၁၁ တွင် ကျရောက်သည့် ဒီကရီကို အတည်ပြုလုပ်ရန် ဤရုံးတော်တွင် ဒီကရီအနိုင်ရသူများက လျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန်အမိန့်ကို မထုတ်သင့်ကြောင်း အကြောင်းတစ်ခုခုရှိလျှင် ချေဆိုရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရှေ့နေ သို့မဟုတ် အခွင့်ရကိုယ်စားလှယ်ဖြင့်ဖြစ်စေ၊ ၂၀၂၄ ခုနှစ်၊ နိုဝင်ဘာလ ၄ ရက် (၁၃၈၆ ခုနှစ် တန်ဆောင်မုန်းလဆန်း ၄ ရက်)နေ့ မွန်းမတည့်မီ(၁၀:၀၀)နာရီအချိန်တွင် ဤရုံးတော်ရှေ့ လာရောက်ရမည်။

၂၀၂၄ ခုနှစ်၊ အောက်တိုဘာလ ၁၅ ရက်နေ့တွင် ဤရုံးတော်တံဆိပ် ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(ယဉ်သီတာစန်း)**
**တွဲဖက်ခရိုင်တရားသူကြီး(၃)**
**မရမ်းကုန်းခရိုင်တရားရုံး**

## လုပ်ငန်းအမှတ်တံဆိပ်အမည်အမှတ်အသားအား အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သင်္ဃန်းကျွန်းမြို့နယ်၊ (င/က)ရပ်ကွက်၊ ဇာဝေယာ ဗလီဝင်း၊ အမှတ်(၂၄)နေ ဦးလှမြင့် [၁၂/သဃက (နိုင်)၂၀၂၃၃၀] (ဘ) ဦးမောင်လှ ဟုခေါ်တွင်သော ကျွန်ုပ်၏မိတ်ဆွေသည် ရန်ကုန်မြို့ စာချုပ်စာတမ်းမှတ်ပုံတင်ရုံး ၌ အောက်တွင် ကပ်နှိပ်ဖော်ပြထားသော လုပ်ငန်း အမှတ်တံဆပ်အမည် အမှတ်အသားအား သုံးစွဲရန် မှတ်ပုံတင်စာချုပ်အမှတ်(၄/၇၈၃၂)ကို (၁၉-၉-၂၀၂၄)တွင်လည်းကောင်း မှတ်ပုံတင်စာချုပ်အမှတ် (၄/၈၁၁၁)ကို (၃၀-၉-၂၀၂၄)တွင် တရားဝင်မှတ်ပုံတင်ထားပြီးဖြစ်ပါသည်-

HYPER

LF
Lucky Friend

အထက်တွင် ဖော်ပြထားသော လုပ်ငန်းအမှတ်တံဆိပ်အမည် အမှတ်အသား “Lucky Friend” နှင့် “HYPER” ဟူသော အမည်အမှတ်အသားဖြင့် “ကျားဝတ်/ မဝတ်/ ကလေးဝတ်/ လူကြီးဝတ်” အဝတ်အထည်အမျိုးမျိုးတို့ကို ရန်ကုန်မြို့ နှင့်တကွ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတစ်ဝန်းလုံးတွင် သတင်းကောင်းဖြင့် ကိုယ်တိုင်ချုပ်လုပ်၊ ထုတ်လုပ်၊ ဖြန့်ဖြူးရောင်းချလျက်ရှိပါသည်။

မိမိ၏လုပ်ငန်းအမှတ်တံဆိပ်နှင့် စပ်လျဉ်းပတ်သက်သည့်ကိစ္စအဝဝများပေါ်တွင် ၎င်းလုပ်ငန်း အမှတ်တံဆိပ်အမည်အမှတ်အသားများကို ဖိနှိပ်၊ ရိုက်နှိပ်၊ ကပ်နှိပ်၍ Plastic ဘူး၊ Plasticအိတ်၊ Plastic Pad စက္ကူပုံး၊ စက္ကူဘူး၊ စက္ကူအိတ်၊ စက္ကူပတ်၊ စက္ကူရွက်၊ ပါဆယ်ထုပ်များနှင့် ထည့်သွင်းထုပ်ပိုးပစ္စည်းတို့ အပေါ်တွင်လည်း အရွယ်အစားအမျိုးမျိုး၊ အရောင်အမျိုးမျိုး၊ Design အမျိုးမျိုး ပြုလုပ်အသုံးပြုသွားမည်ဖြစ်ပါသည်။

မိမိ၏ လုပ်ငန်းအမှတ်တံဆိပ် အမည်အမှတ်အသားကို ဆိုင်းဘုတ်၊ ဘာလောက်၊ တီဗွီ၊မဂ္ဂဇင်း၊ စာစောင်၊ ဗလာစာအုပ်၊ ကြေညာ၊ ငွေပြေစာဖြတ်ပိုင်း၊ တံဆိပ်တုံး၊ Name Card, Letterhead, E-mail, Internet, Website, Logo, Invitation Letter, Social Media, Facebook အစရှိသည်တို့တွင်လည်း အသုံးပြုသွားမည်ဖြစ်ပါသည်။

အထက်ဖော်ပြပါ လုပ်ငန်းအမှတ်တံဆိပ်အမည်အမှတ်အသားကို အသုံးပြု လျက်ရှိသော မိမိမှ တစ်ပါး အခြားသူမည်သူတစ်ဦးတစ်ယောက်မှဖြစ်စေ၊ တစ်စိတ်တစ်ဒေသဖြစ်စေ၊ တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ၊ ပုံတူပုံမှား၊ ထင်ယောင်ထင်မှား၊ ဆင်တူယိုးမှားတစ်ခုခုဖြင့် တုပပြုလုပ်သုံးစွဲနေသည်များကို တွေ့မြင်ကြားသိရပါက မိမိ၏လုပ်ငန်းအကျိုးစီးပွား ထိခိုက်နစ်နာဆုံးရှုံးမှုများ ကုန်ကျသမျှသော အရပ်ရပ် စရိတ်ငွေကြေးငွေများအတွက် လျော်ကြေးငွေများ တောင်းဆိုသွားနိုင်ရန်နှင့် ရန်ကုန်မြို့နှင့်တကွ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံအတွင်းရှိ မည်သည့်တရားရုံးတွင်မဆို တရားမကြောင်းအရဖြစ်စေ၊ ရာဇဝတ်ကြောင်းတို့အရဖြစ်စေ တရားစွဲဆိုမည့်အပြင် တုပပြုလုပ်ထားသည့် လုပ်ငန်း အမှတ်တံဆိပ် အမည်အမှတ်အသားများကို ပယ်ဖျက်ပေးသည်အထိ ဆက်လက် အရေးယူ ဆောင်ရွက်မည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

၎င်းလုပ်ငန်းအမှတ်တံဆိပ်အမည် အမှတ်အသားနှင့်ပတ်သက်၍ (အမည်တူ)ကန့်ကွက်လိုပါက သတင်းစာပါသည့် ရက်မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ဒါလီတင်ထွန်း LL.B, D.B.L, D.I.L**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၂၈၂၈/၂၀၁၇)**
**Ph: 09-252198776**

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံ ဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့်ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝ လုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

၂။ **စီးပွားရေး**

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာ ဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်းထွက်ရှိအောင် ဆောင်ရွက်၍ နိုင်ငံအတွင်း ဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ **လူမှုရေး**

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာ မြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြုပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျုံးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး ဗလငါးတန်နှင့်ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

❖ **MNDAA လက်နက်ကိုင် သောင်းကျန်းသူအဖွဲ့၊ TNLA လက်နက်ကိုင် သောင်းကျန်းသူအဖွဲ့နှင့် AA လက်နက်ကိုင်အဖွဲ့တို့အား ၂-၉-၂၀၂၄ ရက်တွင် နိုင်ငံတော်မှ အကြမ်းဖက်အုပ်စုအဖြစ် ကြေညာခဲ့ပြီးဖြစ်...**


❖ **ထို့ကြောင့် ၎င်းတို့နှင့် ဆက်နွှယ်နေသူများအနေဖြင့်လည်း အကြမ်းဖက်မှုများကို အားပေးနေကြသူများပင်ဖြစ်...**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၄ ခုနှစ်၊ စက်တင်ဘာလ ၃ ရက်နေ့တွင် အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် အစည်းအဝေးခန်းမတွင် လမ်းညွှန်မှာကြားမှုမှ ကောက်နုတ်ချက်)

## မုန်တိုင်းငယ်၏ လက်ရှိအခြေအနေမှာ မြန်မာနိုင်ငံဘက်သို့ ဦးတည်ရွေ့လျားမည့် အခြေအနေမရှိသဖြင့် အဝါရောင်အဆင့်ဟု သတ်မှတ်

နေပြည်တော် အောက်တိုဘာ ၂၂

ယနေ့ညနေ ၅ နာရီခွဲ တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော်အရှေ့အလယ်ပိုင်းတွင် ဖြစ်ပေါ်နေသော မုန်တိုင်းငယ်သည် သိသိသာသာရွေ့လျားခြင်းမရှိဘဲ ဆက်လက်တည်ရှိနေပါသည်။ အဆိုပါမုန်တိုင်းငယ်သည် မြန်မာနိုင်ငံ ဟိုင်းကြီးကျွန်းမြို့၏ အနောက်ဘက်ရေမိုင် ၂၁၀ မိုင်ခန့်၊ အိန္ဒိယနိုင်ငံ အနောက်ဘင်္ဂလားပြည်နယ် ဆာဂါကျွန်း၏ တောင်-အရှေ့တောင်ဘက် ရေမိုင် ၃၉၀ ခန့်အကွာ ပင်လယ်ပြင်ကို ဗဟိုပြုနေသည်။ ဗဟိုချက်လေဖိအား ၁၀၀၄ ဟက်တိုပါစကယ်နှင့် အမြင့်ဆုံးလေတိုက်နှုန်းမှာ တစ်နာရီလျှင် မိုင် ၃၀ မှ ၃၅ မိုင်နှုန်းခန့်ဖြစ်သည်။




မုန်တိုင်းငယ်၏ လက်ရှိအခြေအနေမှာ မြန်မာနိုင်ငံဘက်သို့ ဦးတည်ရွေ့လျားမည့် အခြေအနေမရှိသဖြင့် အဝါရောင်အဆင့်ဟု သတ်မှတ်သည်။

အဆိုပါ မုန်တိုင်းငယ်သည် အနောက်-အနောက်မြောက်ဘက်သို့ ရွေ့လျားနိုင်ပြီး ပိုမိုအားကောင်းလာနိုင်ကာ အောက်တိုဘာ ၂၃ ရက်တွင် ဆိုင်ကလုန်းမုန်တိုင်းအဖြစ်သို့လည်းကောင်း၊ အောက်တိုဘာ ၂၄ ရက်တွင်

စာမျက်နှာ ၂၂ ကော်လံ ၁ သို့ ❍

ယနေ့ ဖတ်စရာ

**တရားမဝင်သစ်မျိုးစုံ၊ လုပ်ငန်းသုံးပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများ၊ တိရစ္ဆာန်အစားအစာများနှင့် လိုင်စင်မဲ့ယာဉ်များ သိမ်းဆည်းရမိ**

စာမျက်နှာ » ၁၄

**ဆိုင်ကယ်စီးလျှင် အရည်အသွေးပြည့်မီသော ဆိုင်ကယ်စီးဦးထုပ်ကို အမြဲဆောင်းရန် အရေးကြီးပါသည်**

ဆောင်းပါး စာမျက်နှာ » ၁၉

## MNL ယူ-၂၀ လိဂ်ပြိုင်ပွဲတွင် ထိပ်ဆုံးမှ ရှမ်းယူနိုက်တက်အသင်း နောက်ကျဂိုးဖြင့် အနိုင်ရ



ရှမ်းယူနိုက်တက်အသင်းနှင့် ရောဝတီယူနိုက်တက်အသင်းတို့ ယှဉ်ပြိုင်ကစားကြစဉ်။

ရန်ကုန် အောက်တိုဘာ ၂၂

၂၀၂၄ ရာသီ MNL ယူ-၂၀ လူငယ်လိဂ်ပြိုင်ပွဲ ပွဲစဉ် (၂၀) ပထမနေ့ကို အောက်တိုဘာ ၂၂ ရက်က ကျင်းပရာ ထိပ်ဆုံးမှ ရှမ်းယူနိုက်တက်နှင့် သစ္စာအားမာန်အသင်းတို့ နိုင်ပွဲရရှိသည်။

**တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရ**

တက္ကသိုလ်ကွင်း၌ကျင်းပသည့်ပွဲတွင် ရှမ်းယူနိုက်တက်အသင်းက ရောဝတီယူနိုက်တက်အသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။ ဇယားထိပ်ဆုံးမှ ရှမ်းယူနိုက်တက်အသင်းသည် နောက်ကျဂိုးဖြင့် အနိုင်ရရှိပြီး ဆက်လက်ဦးဆောင်နိုင်ခဲ့သည်။ ရောဝတီအသင်းသည် နိုင်ပွဲရယူနိုင်ရန် ရုန်းကန်ခဲ့သော်လည်း အရှုံးနှင့် ရင်ဆိုင်ခဲ့ရသည်။

**စာမျက်နှာ ၁၉ ကော်လံ ၁ သို့ ❋**

## FIFA International “A” Friendly Matches ခြေစမ်းပွဲ ယှဉ်ပြိုင်မှုကို မြန်မာ့ရုပ်မြင်သံကြားမှ တိုက်ရိုက်ထုတ်လွှင့်မည်

နေပြည်တော် အောက်တိုဘာ ၂၂

FIFA International “A” Friendly Matches ခြေစမ်းပွဲအဖြစ် မြန်မာ့လက်ရွေးစင်အမျိုးသမီးအသင်းနှင့် တရုတ်(ဟောင်ကောင်) လက်ရွေးစင်အမျိုးသမီးအသင်းတို့သည် အောက်တိုဘာ ၂၃ ရက် ညနေ ၄ နာရီတွင် ရန်ကုန်မြို့ သုဝဏ္ဏအားကစားကွင်း၌ ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။

အဆိုပါ ပွဲစဉ်ကို ယင်းနေ့ မွန်းလွဲ ၃ နာရီ ၄၅ မိနစ်အချိန်မှစတင်၍ MRTV HD Channel၊ MRTV Parliament Channelနှင့် မြန်မာအသံရေဒီယိုတို့မှ တိုက်ရိုက်(Live) ထုတ်လွှင့်သွားမည်ဖြစ်သည်။

သတင်းစဉ်